# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၇၁)


# ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေးမှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးစားဆောင်ရွက်သွားကြရန် အလေးထားဂရုပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က**

**(၄၆)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

**၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၉ ရက်**

**ချစ်ခင်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား-**

ယနေ့ မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် (၄၆)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ မွန်ပြည်နယ်သူ/ပြည်နယ်သားများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ယခင်က မွန်ပြည်နယ်သည် တနင်္သာရီတိုင်းအတွင်း ပါဝင်ခဲ့သော်လည်း အမြော်အမြင်ကြီးမားသည့် မွန်တိုင်းရင်းသားခေါင်းဆောင်များ၏ တင်ပြမှုကြောင့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် "မွန်ပြည်နယ်" ဟု ကမ္ပည်းစတင်ရေးသားခဲ့သည့် ၁၉၇၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ကို "မွန်ပြည်နယ်နေ့"အဖြစ် သတ်မှတ်ပြီး အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၆)ကြိမ်မြောက် တိုင်ခဲ့ပြီဖြစ်ပါသည်။

မွန်ပြည်နယ်တွင် မွန်တိုင်းရင်းသားအများစု နေထိုင်ကြသော်လည်း မြန်မာနိုင်ငံ၏ အခြားဒေသများကဲ့သို့ပင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ချင်ခင်ရင်းနှီးစွာ နေထိုင်လျက်ရှိကြပါသည်။ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော်ဖြင့်

*စာမျက်နှာ ၅ ကော်လံ ၁* ❁





ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR)ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၈**

"ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ" ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့်ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ အမျိုးသားအဆင့် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❁




# အပူချိန်မြင့်မားခြင်းနှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံ၏ ဒေသအတော်များများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက်ပို၍ ပူခဲ့သလို နေ့အပူချိန်များလည်း မြင့်မားလာခဲ့ပြီဖြစ်သည်။ အထူးသဖြင့် ချောက်၊ မကွေး၊ အောင်လံ၊ ဘော်လခဲ စသည့် မြို့များမှာ နေ့အပူချိန် ၄၄ ဒီဂရီစင်တီဂရိတ်၊ ၄၃ ဒီဂရီစင်တီဂရိတ်၊ ၄၂ ဒီဂရီစင်တီဂရိတ် စသည်ဖြင့် ထူးထူးခြားခြားမြင့်မားသည့် အပူချိန်များ ဖြစ်နေကြသည်။ ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ် – ၁၉ ကာကွယ်ရေး အတွက် လုံးပန်းနေကြရသည့် အချိန်အခါတွင် နိုင်ငံအနှံ့အပြား၌ မြင့်မားလာသည့် နေ့အပူချိန်များမှာလည်း လတ်တလော ဂရုပြုကြရမည့် ဘေးအန္တရာယ်တစ်ခုဖြစ်သည်။

အပူဒဏ်အန္တရာယ်က သက်ကြီးရွယ်အိုများ၊ နှလုံး၊ သွေးတိုး၊ ဆီးချို စသည့် ရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် ပူပြင်းသည့် နေရောင်အောက်တွင် အလုပ်လုပ်ကြရသည့် အလုပ်သမားများ အထူးဂရုပြုကြရမည့် အန္တရာယ်ဖြစ်သည်။ သာမန်အားဖြင့်ဆိုပါက နေ့ခင်းဘက် အပူချိန်မြင့်မားနေချိန်များတွင် အေးမြသည့်အရိပ်အောက်၊ လေဝင်လေထွက်ကောင်းသည့်နေရာများ၌ နားနေခြင်း၊ အရက်သေစာ သောက်စားမှုများကို ရှောင်ကြဉ်ခြင်း၊ ပူပြင်းသည့်နေရောင်အောက်တွင် မဖြစ်မနေသွားလာရန်၊ အလုပ်လုပ်ရန် လိုအပ်လာပါကလည်း ထီး၊ ဦးထုပ်နှင့် လုံလောက်သည့် အရိပ်တို့ ရယူအသုံးပြုခြင်း၊ ပွပွချောင်ချောင် ချည်ထည်များကိုသာ ဝတ်ဆင်ခြင်း၊ အပူရှိန်မြင့်မားနေချိန်တွင် လွင်တီးခေါင်၊ မြစ်ကမ်းနားစသည်တို့၌ ရေချိုး၊ အဝတ်လျှော်ပြုလုပ်ခြင်းနှင့် နေပူထဲမှပြန်လာပြီး ခရီးရောက်မဆိုက် ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ခြင်းအားဖြင့် အပူဒဏ်အန္တရာယ်များကို ကာကွယ်နိုင်မည်ဖြစ်သည်။ ချွေးထွက်များပါက ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်တို့ကို လုံလောက်စွာ သောက်သုံးရန်လည်း လိုအပ်မည်ဖြစ်သည်။

အပူဒဏ်အန္တရာယ် ခံစားရသည့် လူနာကိုပြုစုနိုင်ရန် ရှေးဦးစွာ အရိပ်ရပြီး အေးမြသည့်နေရာ၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် ထားရှိ၍ ရေနှင့် ဓာတ်ဆားရည်တို့ တိုက်ကျွေးခြင်း၊ ရေအေးဖတ်များဖြင့် နဖူး၊ လည်ပင်း၊ ချိုင်းကြား၊ ပေါင်ခြံတို့ကို တိုက်ကာ ကိုယ်အပူချိန်လျော့နည်းစေခြင်းတို့ကို ပြုလုပ်ပေးပြီး နီးစပ်ရာ ကျန်းမာရေးဌာနဆီသို့ အမြန်ပို့ကြရမည်ဖြစ်သည်။

နွေရာသီ နေ့အပူချိန်မြင့်မားမှုနှင့်အတူ ပူးတွဲပါလာသည့် နောက်အန္တရာယ်မှာ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ပင်ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း မြင့်မားစွာ ကျရောက်နိုင်သည့်အတွက် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုကို ရှောင်ကြဉ်သင့်သည့် အချိန်ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုကြောင့် နေလောင်၊ အသားညိုမည်းခြင်းမှ အစပြုကာ ရေရှည်တွင် မျက်စိတိမ်စွဲခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ အရေပြားများ အရွယ်မတိုင်မီအိုမင်းခြင်း ဆိုးကျိုးများဖြစ်စေနိုင်သည်။ ခရမ်းလွန်ရောင်ခြည်၏ အန္တရာယ်ကို ကာကွယ်နိုင်ရန်မှာ အရေပြားနှင့် မျက်လုံးတို့ကို ခရမ်းလွန်ရောင်ခြည်မထိအောင် ကာကွယ်ရန် ထီး၊ ဦးထုပ်တို့ ဆောင်းခြင်း၊ သနပ်ခါး နေရောင်ခံလိမ်းဆေးတို့ လိမ်းခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း နည်းလမ်းများဖြင့် ကာကွယ်နိုင်သည်။

လက်ရှိအချိန်ကာလတွင် ဆင်ခြင်တုံတရားဖြင့် သတိပြုကြရမည့် အန္တရာယ်တစ်ခုမှာ ကောလာဟလများနှင့် သတင်းအတုအယောင်များဖြစ်သည်။ ကမ္ဘာ့နိုင်ငံများစွာတို့တွင် ကူးစက်ပြန့်ပွားနေသည့် ကပ်ရောဂါ မိမိတို့နိုင်ငံအတွင်း ဝင်ရောက်မလာရေးအတွက် အမျိုးသားရေးအသွင် ဝိုင်းဝန်းဆောင်ရွက်နေကြသည့် အချိန်တွင် ပြည်သူလူထုအတွင်း ထိတ်လန့်ခြောက်ခြားမှု ဖြစ်ပွားစေရန်၊ သို့လောသို့လော သံသယများ ပွားများစေရန်၊ မတည်မငြိမ်မှုများ ဖြစ်ပေါ်စေရန်စသည့် အကြံဆိုးများဖြင့် ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်နေကြသည့် ကောလာဟလများကို သတိသမ္ပဇဉ်ဉာဏ်အမြင်ဖြင့် ရှင်းလင်းပယ်ရှားနိုင်ကြရန်ပင် ဖြစ်သည်။

ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်တကွ အပူဒဏ်အန္တရာယ် ကာကွယ်ရေး၊ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေးတို့အတွက် မိမိတို့ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးအသိပညာနှင့် သတိတရားတို့ကသာ ကိုယ့်ကိုယ်ကို အဓိကကာကွယ်နိုင်မည်ဟု သတိမူကာ ရောဂါဘေးအန္တရာယ်တို့မှ ရှောင်ကြဉ်နိုင်ကြပါစေကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေး တာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် မတ် ၁၈**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် (၂၁.၃.၂၀၂၀) ရက်နေ့မှ (၂၄.၃.၂၀၂၀) ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မြင်းမူမြို့၊ မိတ္ထီလာမြို့၊ ရမည်းသင်းမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ပေါက်မြို့၊ ဆင်ဖြူကျွန်းမြို့၊ အမ်းမြို့၊ ပြည်မြို့၊ တောင်ငူမြို့၊ ပဲခူးမြို့၊ သာယာဝတီမြို့၊ ကြို့ပင်ကောက်မြို့၊ ဟင်္သာတမြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ [Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၇၁/၂၀၂၀)
၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်)

**မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ [Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၄)လမ်း၊ အမှတ်(၂၆၂၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ [Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)]** ကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ [Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၆) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲ ၆၆ ခုမြောက် ချောက်မြို့ဘဏ်ခွဲဖွင့်လှစ်

**ချောက် မတ် ၁၈**

၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၊ ချောက်မြို့ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်တွင် ကျင်းပသည်။ **(ယာပုံ)**




ရှေးဦးစွာ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းဦး၊ မကွေးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက အင်းဝဘဏ်လီမိတက်၊ ချောက်မြို့ဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက်၊ ချောက်မြို့ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၆၆ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး အမှတ်(၄၇–က)၊ လမ်းမတော်လမ်း၊ ကွက်သစ်အရှေ့ရပ်၊ အမှတ်(၁၀) ရပ်ကွက်၊ ချောက်မြို့တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက် အနေဖြင့် မြန်မာနိုင်ငံအဝန်းရှိ ပြည်သူများ အကြား ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အဆင်ပြေလွယ်ကူချောမောစွာ လည်ပတ်နိုင်ရေး၊ ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ မြန်မာ - နီပေါ သံတမန်ဆက်သွယ်မှု နှစ် (၆၀)ပြည့် အခါသမယ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၁၉**

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ် (၆၀)ပြည့် အခါသမယအား ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နီပေါနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့သည်လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာကေ၊ ပီ၊ ရှာမာ အိုလီတို့သည်လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးအပြန်အလှန် ပေးပို့ခဲ့ကြသည်။

**သတင်းစဉ်**

ရှေ့ဖုံးမှ

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဗိုလ်ချုပ် မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးအောင်လှထွန်းနှင့် ဒေါက်တာဒေါ်မြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## အကြံပြုသုံးသပ်

အစည်းအဝေးတွင် ဒုတိယသမ္မတက "ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR)" အရ မြန်မာနိုင်ငံက လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက် (၁၆၆)ချက်နှင့် ပတ်သက်၍ ကဏ္ဍ (၁၂)ရပ်အပေါ် တာဝန်ခံဆောင်ရွက်နေသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီက ပြုစုတင်ပြလာသည့် အစီရင်ခံစာ(မူကြမ်း)တို့ကို အကြံပြုသုံးသပ်နိုင်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးနိုင်ရန်အတွက် အစည်းအဝေး ကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း။

## တာဝန်ခံဆောင်ရွက်နေ

၂၀၁၉ ခုနှစ် မေလ ၃၀ ရက်က ကျင်းပပြုလုပ်ခဲ့သည့် "အမျိုးသားအဆင့်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး"တွင် အစည်းအဝေးဆုံးဖြတ်ချက် (၉)ချက် ချမှတ်ခဲ့ရာ ဆုံးဖြတ်ချက်များအားလုံး ဆောင်ရွက်ပြီးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ကဏ္ဍ (၁၂)ရပ်အပေါ် တာဝန်ခံဆောင်ရွက်နေသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ တင်ပြချက်များအရ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်နေသော "အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်ချုပ်ဆိုရန်ကိစ္စရပ်များ" (၄၁)ချက်တွင် ဆောင်ရွက်ပြီး (၁၃)ချက်၊ ဆောင်ရွက်ဆဲ (၂၈)ချက်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က တာဝန်ခံဆောင်ရွက်နေသော "အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ" (၇)ချက်တွင် ဆောင်ရွက်ပြီး (၁)ချက်၊ ဆောင်ရွက်ဆဲ (၆)ချက်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်နေသော "ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ" (၄)ချက်တွင် ဆောင်ရွက်ပြီး (၂)ချက်၊ ဆောင်ရွက်ဆဲ (၂)ချက်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တာဝန်ယူဆောင်ရွက်ရသည့် "ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များ" (၁၉) ချက်တွင် ဆောင်ရွက်ပြီး (၂)ချက်၊ ဆောင်ရွက်ဆဲ (၁၇)ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်နေသော "ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖော်ဆောင်ရေးကိစ္စနှင့် မြေသိမ်းမှုကိစ္စရပ်များ" (၁၀)ချက်တွင် ဆောင်ရွက်ပြီး (၄)ချက်၊ ဆောင်ရွက်ဆဲ (၆)ချက်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်နေသော "ကျား/မ တန်းတူရည်တူရှိမှုမြှင့်တင်ရေး ကိစ္စရပ်များနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများ ကာကွယ်ရေး ကိစ္စရပ်များ" (၁၅)ချက်တွင် ဆောင်ရွက်ပြီး (၉)ချက်၊ ဆောင်ရွက်ဆဲ (၆)ချက်နှင့် ခွဲခြားမှုမပြုရေးကိစ္စရပ်များ (၁၅)ချက်တွင် ဆောင်ရွက်ပြီး (၇)ချက်၊ ဆောင်ရွက်ဆဲ (၈)ချက်၊ ပညာရေးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး



ပြည်ထောင်စုရှေ့နေချုပ်
ဦးထွန်းထွန်းဦး

နေသော "ကျန်းမာရေးနှင့် ပညာရေးကိစ္စရပ်များ" (၁၃) ချက်တွင် ဆောင်ရွက်ပြီး (၈)ချက်၊ ဆောင်ရွက်ဆဲ (၅) ချက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်နေသော "ဘာသာပေါင်းစုံချစ်ကြည်ရေးကိစ္စရပ်များ၊ လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကိစ္စရပ်များ" (၁၈)ချက်တွင် ဆောင်ရွက်ပြီး (၁၄)ချက်၊ ဆောင်ရွက်ဆဲ (၄)ချက်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်နေသော "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကိစ္စရပ်များ" (၅)ချက်တွင် ဆောင်ရွက်ပြီး (၂)ချက်၊ ဆောင်ရွက်ဆဲ (၃)ချက်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်ရသည့် "စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ" (၁၂)ချက်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်နေသော "နိုင်ငံသားစိစစ်ရေးကိစ္စရပ်များ၊ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ ကိစ္စရပ်များနှင့် လူကုန်ကူးခြင်းကိစ္စရပ်များ" (၇)ချက်တို့သည် ဆောင်ရွက်ဆဲကိစ္စရပ်များဖြစ်ပြီး စုစုပေါင်း အကြံပြုတိုက်တွန်းချက် (၁၆၆)ချက်တွင် ဆောင်ရွက်ပြီး (၆၂)ချက်နှင့် ဆောင်ရွက်ဆဲ (၁၀၄)ချက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲအချက်များထဲမှ စဉ်ဆက်မပြတ် လုပ်ဆောင်နေရမည့်ကိစ္စရပ်များမှလွဲ၍ ကျန်ကိစ္စရပ်များကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် အလေးထား ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

## ထည့်သွင်းဖော်ပြထား

ကဏ္ဍ (၁၂)ရပ်အလိုက် တာဝန်ခံဆောင်ရွက်နေသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများ တင်ပြလာမှုအပေါ် အခြေခံ၍ အစီရင်ခံစာ(မူကြမ်း)အား ရေးသားပြုစုပြီးဖြစ်ပါကြောင်း၊ အဆိုပါအစီရင်ခံစာ(မူကြမ်း)ကို အမျိုးသားအဆင့်ကော်မတီဝင်များအားလုံးသို့ ဖြန့်ဝေပေးပြီးဖြစ်သဖြင့် အကြံပြုလိုသည့်အချက်များရှိပါက ဆွေးနွေးအကြံပြုပေးကြစေလိုပါကြောင်း၊ အစီရင်ခံစာ (မူကြမ်း)တွင် အပိုင်း (၅)ပိုင်း ပါဝင်ကာ မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ အသေးစိတ်ကို ထည့်သွင်းဖော်ပြထားပါကြောင်း။

## ဝိုင်းဝန်းပူးပေါင်းညှိနှိုင်း

နိုင်ငံခြားရေးဝန်ကြီးဌာန၏ တင်ပြမှုအရ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင်၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက်မှ ၁၃ ရက်အထိ Universal Periodic Review (UPR) လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ကျင်းပပြုလုပ်မည်ဟု သိရှိရသည့်အတွက် UPR အစီရင်ခံစာ (မူချော) မြန်မာဘာသာကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ဒုတိယပတ်အတွင်း အပြီးသတ်ပြုစုဆောင်ရွက်ရန်နှင့် အင်္ဂလိပ်ဘာသာပြန်ဆိုမှုကိုလည်း ၂၀၂၀ ပြည့်နှစ် မေလ ပထမပတ်အတွင်း အပြီးသတ် ရေးသားပြုစုနိုင်ရေး အထူးကိစ္စရပ်တစ်ခု အဖြစ်သတ်မှတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ အစီရင်ခံစာ (မူချော) အား မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားပြုစုပြီးချိန်တွင်လည်း UPR ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်း၍ မိမိတို့၏ ဆောင်ရွက်ချက်များထဲမှ အထူးအလေးပေးဖော်ပြလိုသည့် ကိစ္စရပ်အသစ်များရှိပါက "အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီ" ထံသို့ ပေးပို့ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

## ဘေးအန္တရာယ်များ ဖယ်ရှားနိုင်

ယနေ့ကာလတွင် မိမိတို့နိုင်ငံအပေါ် လူ့အခွင့်အရေးကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတကာကနည်းမျိုးစုံဖြင့် ဝိုင်းဝန်းထိုးနှက်နေသည့်အချိန် ဖြစ်သည့်အတွက် အထူးဂရုပြု ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ဘက်မှ မည်သို့ပင် ဖြေရှင်းကြိုးပမ်း ဆောင်ရွက်နေသော်လည်း အချို့သောနိုင်ငံများနှင့် အဖွဲ့အစည်းများက မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အသိအမှတ်မပြုဘဲ သက်သေခိုင်လုံမှုမရှိသည့် အကြောင်းအရာများကို အခြေခံပြီး စွပ်စွဲပြောဆိုနေကြသည်ကိုလည်း စိတ်မကောင်းစွာ တွေ့ရှိနေရပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာ၏ စွပ်စွဲချက်များသည် မှန်ကန်မှုမရှိကြောင်းကို အကောင်းဆုံး သက်သေပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှသာ မိမိတို့နိုင်ငံအပေါ် ကျရောက်လာနိုင်သည့် မလိုလားအပ်သော ဘေးအန္တရာယ်များကို ဖယ်ရှားနိုင်ပြီး ပြည်သူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်တွင်း/ပြည်ပဖိအားများအပေါ် မည်မျှထိ ရင်ဆိုင်ဖြေရှင်းနေရသည်ကို ပြည်သူများသိရှိအောင် ချပြရန် လိုအပ်မှာဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့နည်းတူ ပြည်သူများကလည်း တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းပူးပေါင်းကာ ကူညီဆောင်ရွက်ပေးလာအောင် စည်းရုံးဆောင်ရွက် သွားကြရမည် ဖြစ်ပါကြောင်း၊ INGO၊ NGO များနှင့် CSO များ၏ အားကိုလည်း ရယူဆောင်ရွက်ရန် လိုအပ်ပြီး ၎င်းတို့၏ အကြံပြုချက်များကို အလေးအနက်ထား ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့ရေးသားပြုစုနေသည့် အမျိုးသားအဆင့် အစီရင်ခံစာ (National Report) သည် ပိုမိုပြီးပြည့်စုံလာမည်ဟု ထင်မြင်ယူဆပါကြောင်း။

## ပီပီပြင်ပြင် ရုပ်လုံးပေါ်လာ

တာဝန်ခံဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းကော်မတီနှင့် ကော်မတီများ၏ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကြောင့် ယခုဆိုလျှင် National Report သည် ပီပီပြင်ပြင် ရုပ်လုံးပေါ်လာပြီ ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကလည်း တာဝန်ယူထားသည့် ကဏ္ဍအလိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးနေကြသည့်အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုပြုစုရေးသားထားသည့် National Report ကို ကြည့်ရှုလေ့လာမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှုများ မရှိသည်ကို ဖော်ထုတ်ပြသနိုင်မည် ဖြစ်သည့်အပြင် ကမ္ဘာ့နိုင်ငံများနည်းတူ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုရှိစေရေးအတွက် ဘက်ပေါင်းစုံက အစွမ်းကုန်ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ အစီရင်ခံစာ(မူကြမ်း)အပေါ် အကြံပြုလိုသည်များနှင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေး အကြံပြုပေးစေလိုပါကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မတီအတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက အမျိုးသားအဆင့်ကော်မတီ၏ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက် (၁၆၆) ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကဏ္ဍ (၁၂)ရပ်နှင့် စပ်လျဉ်း၍ တာဝန်ခံဆောင်ရွက်နေသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် "အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီ" ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၆/၂၁ ၏ နောက်ဆက်တွဲပါ အပိုဒ်(၅)အရ မြန်မာနိုင်ငံက တင်သွင်းမည့် အမျိုးသားအဆင့် အစီရင်ခံစာ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## အကြံပြုဖြည့်စွက်ဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်သီတာဦးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးထင်ကျော်တို့က လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၆/၂၁ ၏ နောက်ဆက်တွဲပါ အပိုဒ် (၅)အရ မြန်မာနိုင်ငံက တင်သွင်းမည့် အစီရင်ခံစာ (မူကြမ်း) နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို အကြံပြုဖြည့်စွက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**


ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း


ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ ဖေမြင့်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ အောင်သူ


ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်


ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း

◆ *ကျော်ဖုံးမှ*

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ရေးဆွဲတင်ပြလာသည့် အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်(National Contingency Plan for Marine Pollution)ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ရယူနိုင်ရေး တင်ပြလာသည့်အတွက် ယနေ့ အစည်းအဝေးကို ခေါ်ယူရခြင်း ဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ရေထုညစ်ညမ်းမှုတုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (National Contingency Plan for Marine Pollution)ကို ရေထုညစ်ညမ်းမှုများအား ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပြီး ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် အစိုးရအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ/ လူပုဂ္ဂိုလ်များအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒ၊ စနစ်နှင့် လမ်းညွှန်ချက်များဆိုင်ရာ အမျိုးသားအဆင့် မူဘောင်ချမှတ်နိုင်ရန် ရည်ရွယ်ရေးဆွဲထားရှိကြောင်း အဆိုပါစီမံချက်တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

## ကိုက်ညီမှုရှိသည်ကို တွေ့ရှိရ

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် “သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက်၊ အိုးအိမ်၊ ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်စီမံဆောင်ရွက်ပေးရန်” ဆိုသည့် အချက်နှင့် လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့် “သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ပညာပေးလုပ်ငန်းများ၊ သင်တန်းများနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း”ဆိုသည့် အချက်များနှင့်လည်း ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း။

စီမံချက်၏ အဓိကအချက်ဖြစ်သည့် “ရေထုညစ်ညမ်းမှု” ဆိုသည့် စကားရပ်နှင့်ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုရာတွင် “ပတ်ဝန်းကျင်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကို ထိခိုက်စေရန်သော်လည်းကောင်း၊ တိရစ္ဆာန်နှင့်အပင်များကို ထိခိုက်စေရန်သော်လည်းကောင်း၊ ရေယာဉ်များ၊ ကမ်းလွန်တူးဖော်ရေးလုပ်ငန်းများ၊ ရေနံပိုက်လိုင်းများ အစရှိသည်တို့မှ ရေနံနှင့်ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီနှင့် ဓာတုကုန်စည်စသည့် အန္တရာယ်ရှိ အဆိပ်အတောက်ဖြစ်စေသည့် ကုန်စည်များ ရေထုအတွင်းသို့ မတော်တဆယိုဖိတ်မှုကြောင့် ဖြစ်ပွားသော ညစ်ညမ်းမှု” ဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါကြောင်း။

## ထည့်သွင်းပြဋ္ဌာန်းရေးဆွဲထား

၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေတွင်လည်း သဘာဝဘေးအန္တရာယ်ဆိုသည်ကို သဘာဝအလျောက်ဖြစ်စေ၊ လူတို့ ၏ ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့် ဖြစ်ပွားသော ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ ရေနံယိုဖိတ်ခြင်းကြောင့်ဖြစ်စေ ဖြစ်ပွားသောသဘာဝဘေးအန္တရာယ်ဖြစ်သည်ဟု ထည့်သွင်းပြဋ္ဌာန်းရေးဆွဲထားပြီး ဖြစ်ပါကြောင်း။

## သတိချပ်ရမည်

ယခုအချိန်အထိ ရေနံတင်သင်္ဘောများသာ ဝင်ရောက်လာခြင်းရှိသော်လည်း တိုင်းပြည်တိုးတက်လာသည်နှင့်အမျှ ဓာတုပစ္စည်းအစရှိသော ကုန်စည်များ တင်ဆောင်သည့် နိုင်ငံတကာသင်္ဘောကြီးများ ဆက်လက်ဝင်ရောက်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေထုညစ်ညမ်းမှုဆိုသည်မှာ ဆီယိုဖိတ်မှုအန္တရာယ် တစ်ခုတည်းသာမကဆိုသည်ကို သတိချပ်ရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၏ ပထမဆုံး ရည်ရွယ်ချက်အဖြစ် “နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်”ဟူ၍ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၆၄။ (ဃ)အရ- “ရင်းနှီးမြှုပ်နှံသူသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုအား လျော့ချစေခြင်းနှင့် ရှောင်ကြဉ်ခြင်းအားဖြင့် တာဝန်ယူမှုရှိသော၊ ရေရှည်ခိုင်မာသော အပြုအမူဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဆောင်ရွက်ရန်ဟူ၍ ဖော်ပြပါရှိပြီး ဖြစ်ပါကြောင်း။

## အစီအမံများကို လုပ်ဆောင်ရမည်

ထို့ကြောင့် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် မိမိဆောင်ရွက်သော လုပ်ငန်းမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ သဘာဝနှင့်လူမှုပတ်ဝန်းကျင်ကို သက်ရောက်မှုရှိလာနိုင်သည့် ဆိုးကျိုးများကို ကြိုတင်ကာကွယ်ခြင်း၊ လျော့ချခြင်းစသည့် အစီအမံများကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မည်သူမဆို မြန်မာနိုင်ငံအတွင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းဆောင်ရွက်လျှင် Responsible Business ဖြစ်အောင် ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း။

## စီမံခန့်ခွဲဆောင်ရွက်လျက်ရှိ

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို မိမိတို့ အစိုးရလက်ထက် ၂၀၁၆ ခုနှစ်၊ မေလတွင် ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် နိုင်ငံတော်အတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်စေ၊ လူတို့ကြောင့် ဖြစ်ပေါ်လာရသည့် လူလုပ်ကပ်ဘေးအန္တရာယ်များကြောင့်ဖြစ်စေ အချိန်မရွေး ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်ရေး အစီအမံများ စနစ်တကျပြင်ဆင်ထားရှိနိုင်ရေးအတွက်သာမက သဘာဝဘေးအန္တရာယ်ကျရောက်လာသည့် အခြေအနေတွင်လည်း ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်သွက်လက်စွာနှင့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက်ပါ ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ကော်မတီ၏အောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းပြီး သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါကြောင်း။

## ထည့်သွင်းဖော်ပြထား

ယခု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ရေးဆွဲတင်ပြလာသည့် အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (National Contingency Plan for Marine Pollution)မှာ အဓိကအားဖြင့် တုံ့ပြန်ဆောင်ရွက်ရန် အဆင့်(၃)ဆင့် ခွဲခြားသတ်မှတ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ အဆင့်(၁)မှာ ဖြစ်ပွားရာနေရာအလိုက် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ခြင်းနှင့် အဆင့်(၂)မှာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပူးပေါင်းတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အဆင့်(၃)တွင် နိုင်ငံအဆင့် သဘာဝဘေးအန္တရာယ်အသွင် ကျရောက်လာချိန်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် ချိတ်ဆက်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံချက်ထဲတွင် ထည့်သွင်းဖော်ပြထားပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းတွင်ရှိသည့် အင်အားနှင့် မလုံလောက်၍ ပြည်ပအကူအညီ လိုအပ်လာမည့် အခြေအနေများအတွက်လည်း ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရှိရပါကြောင်း။

ယင်းစီမံချက်သည် နိုင်ငံအဆင့်/ အမျိုးသားအဆင့်ဖြစ်လာမှ တုံ့ပြန်ဆောင်ရွက်မှုမဟုတ်ဘဲ ကနဦးအဆင့် အသီးသီးတွင်လည်း တုံ့ပြန်ဆောင်ရွက်ရေးအစီအမံများ ကြိုတင်ပြင်ဆင်ရေးဆွဲထားရှိပြီး စီမံချက်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်းများ၊ ကမ်းလွန်တူးဖော်ရေးစင်များ၊ သက်ဆိုင်ရာ ဌာနအသီးသီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း စီမံချက်ကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

## ဝိုင်းဝန်းဆွေးနွေး

အဆိုပါစီမံချက်အရ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ရမည့် နည်းလမ်းများရှိပါက


ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ မြင့်ထွေး

တက်ရောက်လာကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အကြံပေးအဖွဲ့မှ ပညာရှင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ရေးဆွဲခြင်း၊ စီမံချက်ပြီးစီးမှုနှင့် ဥပဒေကြောင်းအရ ခိုင်မာမှုရှိစေရေး ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က အမျိုးသားအဆင့်ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် ရေးဆွဲရခြင်းအကြောင်းရင်း၊ စီမံချက်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ဝင် ပညာရှင်များက ရေထုညစ်ညမ်းမှုများကို စောင့်ကြည့်ရန်နှင့် လိုအပ်သည့် နည်းပညာကိရိယာများ တပ်ဆင်ပေးရန်၊ နိုင်ငံတကာတွင်ဖြစ်ပွားခဲ့သည့် ရေနံယိုဖိတ်မှု၊ ရေနံတွင်းပေါက်ကွဲမှုကြောင့် ရေထုညစ်ညမ်းမှုဖြစ်စဉ်များ၊ ပျက်စီးဆုံးရှုံး ထိခိုက်နစ်နာမှုနှင့် ပြန်လည်ကုစားပေးရသည့် အခြေအနေများနှင့် အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တွင် ဖြည့်စွက်သင့်သည့် အချက်များကို ဆွေးနွေးတင်ပြကြသည်။

## သုံးသပ်ဆွေးနွေး

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးကျော်တင်၊ ဒေါက်တာ ဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်နှင့် ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမင်းရဲပိုင်ဟိန်း၊ ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ရေထုညစ်ညမ်းမှုနှင့် ပင်လယ်ပြင်အတွင်း ရေနံနှင့်ဓာတုပစ္စည်းများ ယိုဖိတ်မှုအား ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ ရေထုညစ်ညမ်းမှုတုံ့ပြန်ဆောင်ရွက်ရာတွင် ပြည်ပအကူအညီ လိုအပ်လာပါက မြန်ဆန်စွာအကူအညီရရှိနိုင်ရေး၊ ရေနံနှင့်ဓာတုပစ္စည်းများ ယိုဖိတ်မှုကြောင့် ဖြစ်ပေါ်လာသည့် စွန့်ပစ်ပစ္စည်းကို စနစ်တကျစွန့်ပစ်ရေးနှင့် အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တွင် ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များကို သုံးသပ်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြ အကြံပြုချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ နိုင်ငံတကာတွင် ဖြစ်ပေါ်ခဲ့သည့် ရေထုညစ်ညမ်းမှု ဖြစ်စဉ်များအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်ပြီး ယခုအစည်းအဝေးတွင် ဆွေးနွေးတင်ပြခဲ့ကြသည့် ပြင်ဆင်ဖြည့်စွက်ချက်များအပေါ် ထပ်မံညှိနှိုင်းသုံးသပ်ကာ စီမံချက်ကို အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

✽ ရှေ့ဖုံးမှ

ဖွဲ့စည်းထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးတွင် ရှေးနှစ်ပေါင်းများစွာကပင် ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးစုံတို့သည် ညီရင်းအစ်ကို မောင်ရင်းနှမများကဲ့သို့ ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ကြသည့် သမိုင်းအစဉ်အလာကောင်းများ ရှိပါသည်။ ထိုကဲ့သို့ ကောင်းမြတ်သည့် သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်း၍ တိုင်းရင်းသားများ အချင်းချင်း ဥမကွဲ၊ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ရေးသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလွန်ပင်အရေးကြီးလှပါသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ပါသည်။ ထွန်းသစ်စဒီမိုကရေစီ ရင့်ကျက်ခိုင်မာလာရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကဦးစားပေးများအဖြစ် သတ်မှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေပါသည်။

မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး နှစ်ပေါင်းကြာရှည် မျှော်လင့်တောင့်တခဲ့ရသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် လက်နက်ကိုင်ပဋိပက္ခများ၏ အရင်းခံအကြောင်းတရားဖြစ်သည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ရန်၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ လက်ခံနိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်တို့ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးများ ကျင်းပပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မွန်ပြည်နယ်တွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းမှုများ၏ ကောင်းကျိုးရလဒ်အဖြစ် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်ခဲ့ပြီးဖြစ်ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုများ

> **“မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး နှစ်ပေါင်းကြာရှည် မျှော်လင့်တောင့်တခဲ့ရသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် လက်နက်ကိုင်ပဋိပက္ခများ၏ အရင်းခံအကြောင်းတရားဖြစ်သည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လက်ခံနိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်တို့ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးများကျင်းပပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိ”**

ရပ်စဲပြီး ငြိမ်းချမ်း၊ တည်ငြိမ်လာသည်နှင့်အမျှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတွင် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ အထိုက်အလျောက် ရရှိခံစားနေကြရပြီဖြစ်ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေးမှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိသည်အထိ တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်သွားကြရန်ကိုလည်း အလေးထားဂရုပြုကြရမည် ဖြစ်ပါသည်။

စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အကျပ်အတည်းများကို ပြင်းပြသော ဆန္ဒ၊ မလျှော့သောဝီရိယ၊ ခိုင်ခံ့သောစိတ်ဓာတ်၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်သော ပညာတို့ကို လက်ကိုင်ထားပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ သည်းခံခွင့်လွှတ်မှု၊ ယုံကြည်လေးစားမှုတို့ဖြင့် ကျော်လွှားလွန်မြောက်ကြရန်လည်း တိုက်တွန်းပြောကြားလိုပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ညီညီညွတ်ညွတ်ဖြင့် အတူတကွ လက်တွဲကြိုးစားသွားကြပါက ငြိမ်းချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးပန်းတိုင်ကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

မွန်ပြည်နယ်၏ (၄၉) နှစ်မြောက် ပြည်နယ်နေ့မှသည် နောင်နှစ်ပေါင်းများစွာအထိ မွန်တိုင်းရင်းသားများနှင့်တကွ မွန်ပြည်နယ်သူ/ပြည်နယ်သားများ လိုရာဆန္ဒပြည့်ဝနိုင်ကြပါစေ၊ ပြည်ထောင်စု၏ အခြားသော နယ်မြေဒေသများမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ စည်းလုံးခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အေးချမ်းသာယာခြင်းတည်းဟူသော အသီးအပွင့်များကို ပျော်ရွှင်စွာမျှဝေခံစားနိုင်ကြပါစေ၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ တက်ညီလက်ညီလက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ၊ မွန်ပြည်နယ်ကြီးနှင့်တကွ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ပါစေဟု အလေးအနက်ဆန္ဒပြုလျက် (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့သို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ERCB အဖွဲ့ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ




**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ရွေးကောက်ပွဲမူဘောင် ပြုပြင်ပြောင်းလဲရေး ပူးပေါင်းဆောင်ရွက်မှု (Electoral Reform Coordination Body – ERCB) အဖွဲ့ဝင် အရပ်ဘက်လူမှုအဖွဲ့အစည်း (၈)ဖွဲ့မှ ကိုယ်စားလှယ်များနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် ERCB အဖွဲ့အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့မှု၊ မဲဆန္ဒရှင်စာရင်းကောက်ယူပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပြန်နေမှုနှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး၊ ရွေးကောက်ပွဲဖြစ်စဉ်များတွင် အမျိုးသမီးများ ပါဝင်မှုမြှင့်တင်ရေးနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခန်းကဏ္ဍများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# နိုင်ငံတော် လှည့်ပတ်ရန်ပုံငွေမှ ကျပ် ၅၀ ဘီလီယံနှင့် လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ် ၅၀ ဘီလီယံ၊ စုစုပေါင်း ကျပ် ၁၀၀ ဘီလီယံကို ကနဦး မတည်ငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင် COVID-19 Fund ထူထောင်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ကြေညာချက်အမှတ် (၁/၂၀၂၀)**
**၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်)**

၁။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပခဲ့သည် Corona-virus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) ၏ ဆုံးဖြတ်ချက်အရ Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရန် အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အောက်ပါတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည် –

(က) COVID–19 ကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံး ခံစားရသည့် လုပ်ငန်းကဏ္ဍများအဖြစ် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများကို ဦးစားပေး ကုစားရမည့် ကဏ္ဍအဖြစ် သတ်မှတ်သွားမည် ဖြစ်ပါသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော် လှည့်ပတ်ရန်ပုံငွေ (Revolving Fund)မှ ကျပ် ၅၀ ဘီလီယံနှင့် လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ် ၅၀ ဘီလီယံ၊ စုစုပေါင်း ကျပ် ၁၀၀ ဘီလီယံကို ကနဦး မတည်ငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင် COVID–19 Fund ထူထောင်သွားမည် ဖြစ်ပါသည်။

(ဂ) အဆိုပါ ရန်ပုံငွေဖြင့် COVID–19 ကြောင့် စီးပွားရေးထိခိုက်မှု အများဆုံး ခံစားရသည့် မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများကို အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ ၁ နှစ် သတ်မှတ်၍ ထုတ်ချေးသွားမည်ဖြစ်ပြီး စီးပွားရေးထိခိုက်မှုအပေါ် မူတည်၍ အတိုးနှုန်းနှင့် ချေးငွေကာလကို လိုအပ်သလို ပြန်လည်သုံးသပ်သွားမည် ဖြစ်ပါသည်။

၂။ CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့နှင့် ပတ်သက်၍ –

(က) ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့် ဒုတိယသုံးလပတ်အတွက်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ကုန်ဆုံးမည့် တတိယသုံးလပတ်အတွက်လည်းကောင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်များကို စက်တင်ဘာလ (၃၀) ရက်နေ့အထိ ပေးဆောင်နိုင်ပါသည်။

(ခ) ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့် လအတွက်မှ စတင်၍ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့် လအတွက်အထိ လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များကို စက်တင်ဘာလ (၃၀) ရက်နေ့အထိ ပေးဆောင်နိုင်ပါသည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ % ကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးပါမည်။

# COVID-19 ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၈

**COVID–19 ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့်စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၀) ကို ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။**



COVID–19 ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပစဉ်။　သတင်းစဉ်

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် အထူးဖိတ်ကြားထားသည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဆက်အောင်၊ ဦးဗရတ်ဆင်းနှင့် ဦးတင်လတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက COVID–19 ရောဂါကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသော လုပ်ငန်းကဏ္ဍများဖြစ်သည့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကိုဦးစားပေး ကုသရမည့်ကဏ္ဍအဖြစ် သတ်မှတ်ကာ မတည်ငွေတစ်ရပ်ဖြင့် COVID–19 FUND ထူထောင်သွားရန်နှင့် အဆိုပါရန်ပုံငွေဖြင့် COVID–19 ရောဂါကြောင့် စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများကို စီးပွားရေးထိခိုက်မှုအပေါ်မူတည်၍ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက COVID–19 ရောဂါကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများကို ကုစားရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ ဇီဝဗေဒနှင့်ဘောဂဗေဒ ဘာသာရပ်ဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့ နံနက်ပိုင်းတွင် ပျော်ဘွယ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ပန်းစုံ) စာစစ်ဌာန၌ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ် ဖြေဆိုနေမှု၊ စာမေးပွဲဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စာစစ်ဌာနအတွင်း ဖွင့်လှစ်ထားသည့် ယာယီကျန်းမာရေးဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကြီးကြပ်ရေးမှူး၊ လက်ထောက် ကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ စနစ်တကျစည်းကမ်းရှိစွာနှင့် စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး၊ မသမာမှုကင်း၍ လုံခြုံမှုရှိစေရေးတို့ကို ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ စာဖြေခန်းများတွင် တစ်ခန်းလျှင် စာဖြေသူ ၃၀ နှုန်း၊ တစ်ဦးလျှင် ၂၄ စတုရန်းပေနှင့် လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာဖြေသူများတွင် ကိုယ်အပူချိန်မြင့်မားခြင်း၊ ချောင်းဆိုးခြင်းနှင့် နှာချေခြင်းများရှိပါက ကျန်းမာရေးဆေးခန်းနှင့် ဆေးရုံသို့ သတင်းပေးပို့၍ ကုသမှုခံယူနိုင်အောင်ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း။



စာမေးပွဲခန်းများ၌ လက်ဆေးရန်ဆပ်ပြာများနှင့် Hand Gel များကို အလုံအလောက်ထားရှိ၍ စနစ်တကျ အသုံးပြုရေးကို ကြီးကြပ်ပေးရန် လိုအပ်ပါကြောင်း၊ စာမေးပွဲခန်းစောင့်ဆရာ ဆရာမများ ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းစသည့် ရောဂါလက္ခဏာများ ခံစားနေရပါက စာမေးပွဲခန်း မစောင့်စေဘဲ သက်ဆိုင်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပေးပို့၍ ကုသမှုခံယူရန် လိုအပ်ပါကြောင်း၊ လိုအပ်ပါက သီးခြားနေရာသတ်မှတ်၍ စာမေးပွဲ ဖြေဆိုနိုင်အောင် စီစဉ်ထားရှိရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးအချက်များကို လိုက်နာကူညီဆောင်ရွက်ပေးကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မိဘပြည်သူများ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ရွှေဒါး) စာစစ်ဌာန၊ တပ်ကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ညောင်လွန့်)နှင့် အခြေခံပညာအထက်တန်းကျောင်း (MRTV)စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုနှင့် စာမေးပွဲဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

## အလှူရှင်များသို့ မေတ္တာရပ်ခံချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
အလှူရှင်များသို့ မေတ္တာရပ်ခံချက်
၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်)

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) သည် ကလေးငယ်များတွင် ပိုမိုကူးစက်ခံရလွယ်ပြီး ပြင်းထန်စွာ ခံစားရနိုင်ပါသဖြင့် လူမှုဝန်ထမ်းဦးစီးဌာနရှိ သင်တန်းကျောင်း၊ ဌာနငယ်များသို့ ပြင်ပမှ လှူဒါန်းရန်လာရောက်သော အလှူရှင် ဧည့်သည်များသည် ပြုစုစောင့်ရှောက်ထားရှိသော ကလေးသူငယ်များနှင့် တိုက်ရိုက်ထိတွေ့လှူဒါန်းခြင်းမပြုဘဲ သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် လှူဒါန်းပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## အလှူရှင်များသို့ မေတ္တာရပ်ခံချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
အလှူရှင်များသို့ မေတ္တာရပ်ခံချက်
၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်)

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) သည် ကလေးသူငယ်များနှင့် သက်ကြီးဘိုးဘွားများတွင် ပိုမိုကူးစက်ခံရလွယ်ပြီး ပြင်းထန်စွာ ခံစားရနိုင်ပါသဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများသို့ ပြင်ပမှလှူဒါန်းရန် လာရောက်သောအလှူရှင်ဧည့်သည်များသည် ကလေးသူငယ်များ၊ ဘိုးဘွားများနှင့် တိုက်ရိုက်ထိတွေ့လှူဒါန်းခြင်းမပြုဘဲ သက်ဆိုင်ရာ ပရဟိတဂေဟာ၊ ဘိုးဘွားရိပ်သာရှိ တာဝန်ရှိသူများမှတစ်ဆင့် လှူဒါန်းပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## အဖွဲ့အစည်းများသို့ မေတ္တာရပ်ခံချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဌာနနှင့်
MoU ရေးထိုးဆောင်ရွက်လျက်ရှိသည့်
နိုင်ငံတကာအစိုးရမဟုတ်သော
အဖွဲ့အစည်းများသို့ မေတ္တာရပ်ခံချက်
၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်)

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) သည် လျင်မြန်စွာ ကူးစက်နိုင်ပါသဖြင့် လူစုလူဝေးဖြင့် ကျင်းပရမည့် အစည်းအဝေးများ၊ အခမ်းအနားများ၊ ပွဲလမ်းသဘင်များအား ယနေ့မတ်လ (၁၈) ရက်မှ ဧပြီလ (၃၀) ရက်နေ့အထိ ခေတ္တရပ်ဆိုင်းထားပါရန် အကြောင်းကြားအပ်ပါသည်။ MoU ရေးထိုးဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဒေသများတွင် လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ပြည်သူများနှင့်ဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူများနှင့်ဖြစ်စေ လူစုလူဝေးနှင့် တိုက်ရိုက်တွေ့ဆုံ ထိတွေ့ဆက်ဆံခြင်းများကို ရှောင်ရှားကြရန်၊ စီမံကိန်းဒေသရှိ တာဝန်ရှိသူ ကိုယ်စားလှယ်များမှတစ်ဆင့် ဆောင်ရွက်ပေးပါရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပ

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) တွင် အကျုံးဝင်သော ပုဒ်မ၊ ပုဒ်မခွဲ ၁၉ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ် (၃) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ

**နေပြည်တော် မတ် ၁၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၄ ဦးအနက် ၆၂၉ ဦး တက်ရောက်ပြီး ၂၅ ဦး ခွင့်တိုင်ကြားသည်။

### လွှတ်တော်သို့ ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၄၀ ဒသမ ၆၀၄ ဘီလီယံ ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယခုချေးငွေသည် မြန်မာ့မီးရထား၏ ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးအတွက် ရယူခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါရထားလမ်းကို အဆင့်(၁) ရန်ကုန်-တောင်ငူလမ်းပိုင်းနှင့် အဆင့်(၂) တောင်ငူ-မန္တလေးလမ်းပိုင်းဟူ၍ အဆင့်(၂)ဆင့်ခွဲ၍ ဆောင်ရွက်နေပါကြောင်း၊ ချေးငွေပေးသည့်စနစ်သည် တစ်လုံးတစ်ခဲတည်း ပေးအပ်ခြင်းမဟုတ်ဘဲ ပြီးစီးကုန်ကျသလောက်သာ အပိုင်းလိုက်ထုတ်ပေးသည့် Time - Sliced Loan ဖြစ်ကြောင်း။

အဆင့်(၁) ရထားလမ်းပိုင်းအတွက် အပိုင်းလိုက်ချေးငွေရယူခြင်းသည် ယခု သုံးကြိမ်မြောက်ဖြစ်ကြောင်း၊ အတိုးနှုန်းအနေဖြင့် ၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၃၀ ၊ ချေးငွေသက်တမ်း နှစ် ၄၀ နှင့် ဆိုင်းငံ့ကာလပြီးနောက် နှစ်စဉ် ခြောက်လတစ်ကြိမ် ပေးဆပ်သွားရမည်ဖြစ်ကြောင်း၊ အကျိုးကျေးဇူးအနေဖြင့် ပြေးဆွဲချိန် ၁၄ နာရီခန့်ရှိ ရန်ကုန်-မန္တလေးလမ်းပိုင်းတစ်ခုလုံးကို ရှစ်နာရီအောက်သို့ လျှော့ချရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အကျိုးရှိထိရောက်စွာ အသုံးချမည်ဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်မှ စဉ်းစားခွင့်ပြုနိုင်ပါရန် တင်ပြပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူမည့် အစီအစဉ်သည် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာ မူဝါဒများနှင့် ကိုက်ညီမှုရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတို့နှင့် ညီညွတ်မှုရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)၏ မဟာဗျူဟာတွင်ပါသည့် Action Plan အရ ပြည်တွင်းရထားလမ်းများ ထိန်းသိမ်းပြုပြင်ရေး၊ အဆင့်မြှင့်တင်ရေးနှင့် တိုးချဲ့ရေးလုပ်ဆောင်ရန်ဆိုသည့်အချက်ကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် Yangon-Mandalay Railway Improvement Project Phase I(III) စီမံကိန်း ဆောင်ရွက်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ မြန်မာ့မီးရထားအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)ထံမှ ချေးငွေဂျပန်ယန်း ၄၀ ဒသမ ၆၀၄ ဘီလီယံ ရယူနိုင်ရေးကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF)ထံမှ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စု လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သော ပုဒ်မ၊ ပုဒ်မခွဲ ၁၉ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ် (၃)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အတည်ပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက ညွှန်ကြားရေးမှူးချုပ် ယူဆောင်လာသည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ အစောင် ၆၅၀ ဖြစ်ကြောင်း၊ ယနေ့တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် ၆၂၉ ဦးဖြစ်သည့်အတွက် အပိုဆန္ဒမဲလက်မှတ် ၂၁ စောင်ကို မိမိထံတွင် ထားရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့လေးဖွဲ့တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားရေးမှူးချုပ်ထံမှ လာရောက်ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထားသည့် ဝန်ထမ်းအဖွဲ့လေးဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှု အင်အားအတိုင်း ခွဲဝေပေးသည်။

### သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြ

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆန္ဒမဲပေးပြီးနောက် သက်ဆိုင်ရာတာဝန်ခံများက ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်၍ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်အခြေအနေကို စစ်ဆေးရေတွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်ကိုယ်စားလှယ်များထံ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်မှာ ၆၂၉ စောင်ဖြစ်ပြီး ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည်လည်း ၆၂၉ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိကြောင်းနှင့် ဆန္ဒမဲပေးမှု အထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ်ရေတွက်မှုကို ဝန်ထမ်းအဖွဲ့ ရှစ်ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း ရေတွက်ကြရာ နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာများ၌ ကြီးကြပ်စောင့်ကြည့်ကြသည်။

ဆက်လက်၍ အဖွဲ့ ရှစ်ဖွဲ့ခွဲကာ အသေးစိတ်စိစစ်ရေတွက်ပြီးနောက် သက်ဆိုင်ရာ ရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ် ငါးဦးပါဝင်သည့်အဖွဲ့က ကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲအရေအတွက် ရာခိုင်နှုန်းတွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့ လွှတ်တော်၏ အဆုံးအဖြတ်ရယူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲရရှိမှုအရေအတွက် ၇၅ ရာခိုင်နှုန်းကျော် ရ၊ မရ နှင့် လွှတ်တော်၏ ဆုံးဖြတ်အတည်ပြုချက်တို့ကို ကြေညာရာတွင် ပုဒ်မ ၂၆၁ ပုဒ်မခွဲ(ဂ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၃၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(ဃ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၃၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(င) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၃၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၅၉၁ မဲဖြစ်ပြီး ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံသည့်အတွက် ပြင်ဆင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၃) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း။

ပုဒ်မ ၂၆၂ ပုဒ်မခွဲ(င) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(စ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ည) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဠ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဋ) ပုဒ်မခွဲငယ် (၂) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း။

ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဎ) ပုဒ်မခွဲငယ်(၂)ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၃၉၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၄ ပုဒ်မခွဲ(က) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၃၀ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၄ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၄ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၂) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဂ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း။

ပုဒ်မ ၂၈၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၄) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၁ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၈၅ ပုဒ်မခွဲ(စ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၈၅ ပုဒ်မခွဲ(ဆ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း၊ ပုဒ်မ ၂၈၆ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃) ပုဒ်မခွဲငယ်စိတ် (ခခ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၈ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ကြောင်း ကြေညာသည်။

### ဆန္ဒမဲလက်မှတ် (၄) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို မတ် ၁၉ ရက် ကြာသပတေးနေ့တွင် ဆက်လက်ဆောင်ရွက်မည်

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ)တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ် (၃) နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ် ပြီးဆုံးကြောင်းနှင့် ဆက်လက်၍ ဆန္ဒမဲလက်မှတ် (၄) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို မတ် ၁၉ ရက် ကြာသပတေးနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို မတ် ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ- စိုးဝင်းထွန်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 ရောဂါ ကမ္ဘာ့ကပ်ရောဂါအသွင်ဖြစ်ပွားမှု ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြင်ဆင်ဆောင်ရွက်မှု အထူးအစည်းအဝေး တက်ရောက်

နေပြည်တော် မတ် ၁၈

**COVID–19 ရောဂါ ကမ္ဘာ့ကပ်ရောဂါအသွင်ဖြစ်ပွားမှု ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြင်ဆင်ဆောင်ရွက်မှု အထူးအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့် ကျင်းပသည်။** (အောက်ပုံ)





အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်နှင့် ဆရာမများစသည့် ကဏ္ဍစုံမှ တာဝန်ရှိသူများနှင့် ဒုတိယအကြိမ် Video Conferencing ပုံစံဖြင့် တစ်ပြိုင်တည်း၊ တစ်စုတစ်စည်းတည်း အပြန်အလှန်ဆွေးနွေးနိုင်ခြင်းဖြင့် လုပ်ငန်းချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုထိရောက်ကောင်းမွန်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု လုပ်ငန်းအတွေ့အကြုံကောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပညာရှင်များအချင်းချင်း ဝေမျှနိုင်သည်ဖြစ်ကြောင်း၊ ယနေ့ Video Conferencing ၌ ဝန်ကြီးဌာနအနေဖြင့် ဇန်နဝါရီ ၄ ရက်မှစတင်ကာ COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တစ်ချိန်တည်း၊ တစ်စုတည်း ခြုံငုံသုံးသပ်ဆွေးနွေးနိုင်ခြင်းသည် ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအပေါ် ကျန်းမာရေးဝန်ဆောင်မှု စွမ်းဆောင်ရည်မြင့်မားလာမည်မှာ သေချာပါကြောင်း။

ပြဿနာ၊ အားနည်းချက်နှင့် စိန်ခေါ်မှုအရပ်ရပ်ကိုလည်း အချိန်နှင့်တစ်ပြေးညီ စုပေါင်းတိုင်ပင်၍ ဖြေရှင်းပေးနိုင်ပြီဖြစ်ကြောင်း၊ ရေရှည်တွင် မိမိတို့သည် ကျန်းမာရေးနှင့် ပတ်သက်သည့် ကိစ္စရပ်မျိုးစုံကို ဆွေးနွေးရန် Video Conferencing ကို ပုံမှန်တစ်ပတ်တစ်ခါ ပြုလုပ်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ဆေးရုံကြီးများမှ လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်နှင့် ဆေးနှင့် ဆေးပစ္စည်းများကို အတတ်နိုင်ဆုံး ချက်ချင်းဖြည့်ဆည်းမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဝန်ကြီးဌာနအဆင့်မှ ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်မည်ဖြစ်ပြီး ထပ်မံလိုအပ်သည်များကို COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီထံသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

GAVI– the Vaccine Alliance ၏ Health system strengthening – 2 ရန်ပုံငွေမှ ၁၀ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၀ သန်းကို COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ကြောင်း အကြောင်းကြားလာခဲ့၍ ၎င်းရန်ပုံငွေများကို အသုံးချဆောင်ရွက်ရန် လုပ်ငန်းစီမံချက် အဆိုပြုလွှာတစ်ခု ပြုစုပေးပို့ကာ မိမိတို့ရရှိတော့မည်ဖြစ်ကြောင်း၊ ထို့အပြင် USAID မှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံ ပံ့ပိုးပေးထားသော ရန်ပုံငွေများထဲမှ မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၇၀၀၀၀၀ ကိုလည်း ရယူအသုံးပြုနိုင်ရန် အကြောင်းကြားစာရရှိသည့်အတွက် မိမိတို့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနှင့် ဆေးရုံ၏လိုအပ်ချက်များ ပံ့ပိုးရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း။

### ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုချက်များ

ထိုသို့ ပံ့ပိုးကူညီပေးသော GAVI– the Vaccine Alliance နှင့် USAID အဖွဲ့တို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော COVID–19 ရောဂါနှင့် ပတ်သက်၍ အမေးများသော မေးခွန်းနှင့် အဖြေများကို နောက်ဆုံးထွက်လာသော အချက်များနှင့်အညီ ပြုပြင်မွမ်းမံ၍ ထုတ်ဝေသွားရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုချက်များဖြစ်သည့် (က) အမျိုးသားအဆင့် လုပ်ငန်းချိတ်ဆက်ဆောင်ရွက်မှု၊ (ခ) ပြည်သူများနှင့် သက်ဆိုင်သူအားလုံးထံ လက်ရှိအခြေအနေနှင့် လုပ်ဆောင်ရမည်များအား ပြန်ကြားဆက်သွယ်ခြင်း၊ (ဂ) ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ခြင်း၊ (ဃ) ကုသမှုလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ခြင်း၊ (င) ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်ခြင်း၊ (စ) သံသယရောဂါလက္ခဏာရှိသူများအား ရှာဖွေခြင်း၊ (ဆ) အမျိုးသားအဆင့် ဓာတ်ခွဲခန်း၏ စွမ်းရည်မြှင့်တင်ခြင်း၊ (ဇ) ဆေးနှင့်ဆေးပစ္စည်းများ မဟာဗျူဟာမြောက် စီမံခန့်ခွဲခြင်း၊ (ဈ) မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုများ မပြတ်တောက်စေရေး ဆောင်ရွက်ခြင်း အကြံပြုပြောကြားချက်များကို မိမိတို့ဝန်ကြီးဌာနမှ လုပ်ဆောင်ပြီးဖြစ်ကြောင်း။

ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ပြည်သူများမှ ပါဝင်လှူဒါန်းနေသည့် ဆေးနှင့် ဆေးပစ္စည်းများကို အကျိုးရှိရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနတွင် အဖွဲ့တစ်ခု ဖွဲ့စည်းပြီး စနစ်တကျ စာရင်းပြုစုကာ ခွဲဝေဖြန့်ဖြူးဆောင်ရွက်လျက်ရှိကြောင်း၊ အထူးကြပ်မတ်ကုသဆောင် (ICU) များတွင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် မေ့ဆေးပညာပါမောက္ခများမှ လတ်တလောလိုအပ်ချက်အတွက် သာမက ရေရှည်ကာလအတွက်ပါ ထည့်သွင်းစဉ်းစား၍ အကြံပြုသည်များကို မိမိတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### အလေးထားဆောင်ရွက်ရန်

ယခုအချိန်တွင် ပြည်သူများအနေဖြင့် အရေးအကြီးဆုံး အလေးထားဆောင်ရွက်ရန်မှာ လူစုလူဝေးရှောင်ကြဉ်ခြင်း၊ ရောဂါကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို (၁၅ မှ ၂၀) စက္ကန့်ခန့် အချိန်ယူ၍ သေချာစွာ စနစ်တကျ ပွတ်တိုက်ဆေးကြောခြင်းနှင့် ဆေးကြောထားခြင်းမရှိသော လက်ဖြင့် မျက်နှာအား ကိုင်တွယ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ သတင်းအချက်အလက်မှန်များကိုသာ တိုက်ဆိုင်စစ်ဆေးရယူခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ ဝန်ထမ်းများအနေဖြင့် ပွင့်လင်းမြင်သာစွာဖြင့် သတင်းအချက်အလက်မှန်များကို ပြည်သူများ အသုံးပြုမှုများပြားသည့် လူမှုရေးကွန်ရက်မှ ပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေသွားရမည်ဖြစ်ကြောင်း၊ ဤအချက်သည် COVID–19 ရောဂါကာကွယ်ထိန်းချုပ်မှုအတွက် အလွန်အရေးကြီးသည့် နည်းဗျူဟာတစ်ခုဖြစ်ကြောင်း၊ ဤသို့ပြုလုပ်ခြင်းအားဖြင့် မမှန်သတင်းများနှင့် ကောလာဟလသတင်းများ အလိုအလျောက် ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် ယခုအချိန်ကာလတွင် ရောဂါဖြစ်ပွားမှုများပြားသော နေရာဒေသ၊ နိုင်ငံများမှ ပြည်တွင်းသို့ ဝင်ရောက်မှုများ နည်းပါးခြင်းဖြင့် ရောဂါဝင်ရောက်ဖြစ်ပွားနိုင်ခြေလည်း နည်းပါးလာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ပြတ်သားစွာဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားပါက ပြင်းထန်စွာဖြစ်ပွားပြီး သေဆုံးနိုင်ခြေများသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချို၊ ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါနှင့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် ယခုကာလအတွင်း တတ်နိုင်သမျှ အပြင်ထွက်သွားလာခြင်းကို ရှောင်ကြဉ်ကြပြီး မိမိနှင့် သင့်တော်ရာ ကိုယ်လက်လှုပ်ရှားအားကစားကို ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

### ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ

ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို မှတ်တမ်းများထားရှိခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် စာရွက်စာတမ်းများကို ပင်မဖိုင်တစ်ခုစီ ပြုလုပ်စုစည်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ ရေးဆွဲထားရှိသော COVID–19 ရောဂါ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက် (contingency plan) ကို လက်တွေ့မြေပြင်အခြေအနေနှင့် အကိုက်ညီဆုံးဖြစ်စေရေးအတွက် ရက်ပိုင်းအတွင်း အပြီးသတ်ရေးဆွဲရမည်ဖြစ်ကြောင်း။

ဆေးရုံများတွင် အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန်းစစ်ခြင်းကို အမြန်ဆုံးပြုလုပ်၍ လိုအပ်သည်များကို ချက်ချင်းပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ နေရပ်စွန့်ခွာရသူများ ခေတ္တနေထိုင်ရာစခန်း (IDP Camp) များတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယခု Video Conferencing သို့ တက်ရောက်လျက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများက ပံ့ပိုးဆောင်ရွက်မည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုရေးကွန်ရက်တွင် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ပြည့်စုံစွာ ဖော်ပြထားရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ပြတ်သားစွာဆောင်ရွက်နေသော အခြားနိုင်ငံများမှ သာဓကနမူနာများရယူ၍ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်လာသော အခြေအနေနှင့်အညီ လိုအပ်သည်များကို ပြတ်သားစွာ ဆုံးဖြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရုံးချုပ်၊ အမေရိကန် CDC စသည့် အင်တာနက်စာမျက်နှာများကို ပုံမှန်ကြည့်ရှုကာ သတင်းအချက်အလက်များ ရယူနေရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး များအနေဖြင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များကို မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုက်ညီသော လုပ်ငန်းစဉ်များအဖြစ် မွမ်းမံကာ တာဝန်များ တိကျစွာခွဲဝေသတ်မှတ်၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်း၏ အဓိကရည်မှန်းချက်မှာ ပြည်သူတစ်ဦးတစ်ယောက်တွင်မျှ ရောဂါမဖြစ်ပွားစေရေးနှင့် သေဆုံးမှုမရှိစေရေးတို့ဖြစ်သည်ဆိုသည့် အချက်ကို ပြည်သူများ သိရှိစေခြင်းဖြင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူစေလိုပါကြောင်း၊ ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ပိုမိုကောင်းမွန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုချက်များကို ပွင့်လင်းစွာဖြင့် အခြေအနေမှန်ကို ပြောကြားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က လုပ်ငန်းလမ်းညွှန်ချက်များ မှာကြားကြသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင်က ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်း COVID–19 ရောဂါဖြစ်ပွားပျံ့နှံ့မှု အခြေအနေများနှင့် အဆိုပါနိုင်ငံများတွင် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိသော ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများနှင့် ကပ်ရောဂါဗေဒရှုထောင့်မှ သုံးသပ်ချက်များကို လည်းကောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်က အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ နယ်စပ်ဝင်၊ ထွက် ပေါက်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆန်းစစ်သုံးသပ်ချက်များကို လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက လက်တွေ့မြေပြင်အခြေအနေတွင် ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ဆန်းစစ်သုံးသပ်ရာတွင် တွေ့ရှိရသော လုပ်ငန်းလိုအပ်ချက်များနှင့် အားသာချက်၊ အားနည်းချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတင်းအချက်အလက်များကိုလည်းကောင်း အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing မှတစ်ဆင့် အသီးသီးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်က COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုနှင့် ပတ်သက်၍ လုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း၊ ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ) ဒေါက်တာသန်းနိုင်စိုးက ပြည်သူများထံ လက်ရှိအခြေအနေများနှင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်သွယ်ပြောကြားမှု၊ အသိပေးနှိုးဆော်မှုများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှက COVID–19 ရောဂါလူနာများ တွေ့ရှိပါက ကုသမှုပေးနိုင်ရန်အတွက် ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှုများကို လည်းကောင်း၊ အထူးကုဆေးရုံ(ဝေဘာဂီ)မှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးအောင်က ဆေးရုံအဆောင်သစ်တွင် လူနာများ သီးခြားထားရှိ ကုသမှုပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း အသီးသီး တင်ပြကြသည်။

အစည်းအဝေးတွင် ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးရေး၊ ဓာတ်ခွဲ၊ ကုသရေး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေး၊ ကဏ္ဍအသီးသီးမှ အပြန်အလှန်ဆွေးနွေးမှုများ၊ အကြံပြုမှုများကို ဆောင်ရွက်ခဲ့ကြသည်။ **သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၈-၃-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများ နှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၁၇-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၈-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ စောင့်ကြည့်လူနာအသစ် (၁၃) ဦး ရှိပါသည်။ **(ဇယား -၁)**

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်)တွင် ဓာတ်ခွဲစစ်ဆေးချက်များအရ (၁၈-၃-၂၀၂၀) ရက်နေ့၊ နံနက်(၆:၀၀)နာရီမှ ညနေ (၆:၀၀) နာရီအထိ သက်ဆိုင်ရာဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော လူနာများအနက် လူနာ (၈) ဦး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။ **(ဇယား -၂)**

၄။ (၁၇-၃-၂၀၂၀) ရက်နေ့နှင့် (၁၈-၃-၂၀၂၀) ရက်နေ့များတွင် မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အီတလီနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား (၆) ဦး၊ စပိန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား (၁) ဦး၊ ပြင်သစ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား (၁) ဦး၊ စုစုပေါင်း (၈) ဦးတို့တွင် ဖျားခြင်းနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ (သို့မဟုတ်) COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့မှု ရာဇဝင်များ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမြင့်မားလျက်ရှိသော နိုင်ငံများသို့ သွားရောက်ခဲ့သည့် ရာဇဝင်ရှိသဖြင့် ဆေးရုံတွင် (၁၄)ရက် ခွဲခြားထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Quarantine) ပြုလုပ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၅။ ယနေ့ (၁၈-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ ဓာတ်ခွဲအဖြေစောင့်ဆိုင်းဆဲ စောင့်ကြည့်လူနာ (၁၃)ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၆။ (၁၇-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၈-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ စောင့်ကြည့်လူနာများအနက် သေဆုံးလူနာ (၃) ဦး ရှိပါသည် -

(က) မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် နေထိုင်သော အသက် (၉) လအရွယ်၊ ကလေးငယ်တစ်ဦးသည် (၁၃-၃-၂၀၂၀) ရက်နေ့မှ စတင်၍ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ အပြင်းဖျားခြင်း၊ မိုန်းခြင်း စသောလက္ခဏာများ ခံစားခဲ့ရသဖြင့် ပြင်ပဆေးခန်းတစ်ခုသို့ သွားရောက်ပြသခဲ့သော်လည်း ရောဂါမသက်သာသဖြင့် (၁၇-၃-၂၀၂၀) ရက်နေ့တွင် တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ မကွေးပြည်သူ့ဆေးရုံကြီးသို့ ညနေ (၃:၅၀) နာရီအချိန်တွင် လွှဲပြောင်းညွှန်းပို့ခဲ့ပါသည်။ လူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ဓာတ်ခွဲနမူနာရယူကာ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် ဆောင်ရွက်လျက်ရှိပြီး လိုအပ်သော ဆေးကုသမှုများ ပေးနေစဉ် (၁၇-၃-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀) နာရီခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။ ကနဦးသုံးသပ်ချက်များအရ လူနာသေဆုံးရသောအကြောင်းရင်းမှာ ဝမ်းပျက်ဝမ်းလျှောခြင်းအား စောစီးစွာ ကုသမှုမခံယူခဲ့သဖြင့် အလွန်အမင်း ရေဓာတ်ခန်းခြောက်ပြီး သွေးပေါင်ချိန်ကျဆင်းကာ သေဆုံးရခြင်း ဖြစ်နိုင်ပါသည်။

*စာမျက်နှာ ၁၀ သို့*

ဇယား -၁

### COVID-19 ရောဂါစောင့်ကြည့်လူနာ/ သံသယလူနာများ တွေ့ရှိမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | ရောဂါ လက္ခဏာများ | ရောဂါ လက္ခဏာများ စတင် ဖြစ်ပွားသည့်ရက် | ခရီးသွားရာဇဝင် | | လူနာအား စတင် တွေ့ရှိသည့် နေရာ | COVID-19 ရောဂါ လူနာနှင့် ထိတွေ့မှု ရှိ/ မရှိ | ဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက်ခဲ့သည့် နိုင်ငံ၊ မြို့ | မြန်မာ နိုင်ငံသို့ ရောက်ရှိသည့်ရက် | | | | |
| ၁ | ၂၉ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ | ဖျားခြင်း၊ လည်ချောင်းနာခြင်း | ၈-၃-၂၀၂၀ | ကိုရီးယား သမ္မတနိုင်ငံ | ၁၀-၃-၂၀၂၀ | မန္တလေး ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှု မရှိပါ။ | ကန်တော် နဒီဆေးရုံ (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၂ | ၃၅ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အန်ခြင်း၊ သတိကောင်းစွာ မရခြင်း | ၁၂-၃-၂၀၂၀ | မရှိပါ။ | | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါ ကုဆေးရုံကြီး | ထိတွေ့မှု မရှိပါ။ | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါ ကုဆေးရုံကြီး (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၃ | ၂၆ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် | မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် ရောဂါလက္ခဏာ တစ်စုံ တစ်ရာ မတွေ့ရှိပါ။ * | ၁၇-၃-၂၀၂၀ | ဂျပန်နိုင်ငံ | ၁၇-၃-၂၀၂၀ | ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် | ထိတွေ့မှုရှိ။ (Diamond princess သင်္ဘောပေါ်တွင် လိုက်ပါ တာဝန်ထမ်းဆောင်ခဲ့သည့် ရာဇဝင်ရှိပါသည်။) | ဝေဘာဂီ အထူးကုဆေးရုံ (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၄ | ၃၉ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် | ဖျားခြင်း | ၁၆-၃-၂၀၂၀ | စင်္ကာပူနိုင်ငံ | ၁၇-၃-၂၀၂၀ | ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် | ထိတွေ့မှု မရှိပါ။ | ဝေဘာဂီ အထူးကုဆေးရုံ (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၅ | ၉ လ | မ | မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် | အပြင်းဖျားခြင်း၊ အန်ခြင်း၊ ဝမ်းသွားခြင်း၊ မိုန်းခြင်း | ၁၃-၃-၂၀၂၀ | မရှိပါ။ | - | ပြင်ပဆေးခန်း | ထိတွေ့မှု မရှိပါ။ | မကွေးပြည်သူ့ ဆေးရုံကြီး (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၆ | ၁၉ နှစ် | ကျား | ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၀-၃-၂၀၂၀ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁၆-၃-၂၀၂၀ | သီပေါမြို့နယ် ပြည်သူ့ဆေးရုံ | ထိတွေ့မှု မရှိပါ။ | သီပေါမြို့နယ် ပြည်သူ့ဆေးရုံ (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၇ | ၄၀ နှစ် | ကျား | ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် | ဖျားခြင်း၊ အန်ခြင်း | ၁၆-၃-၂၀၂၀ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁၂-၃-၂၀၂၀ | မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံ | ထိတွေ့မှု မရှိပါ။ | မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံ (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၈ | ၂၇ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် | အသက်ရှူရ ခက်ခဲခြင်း၊ ဂဏာမငြိမ်ဖြစ်ခြင်း | ၁၅-၃-၂၀၂၀ | မရှိပါ။ | - | အင်းစိန်ပြည်သူ့ ဆေးရုံကြီး | ထိတွေ့မှု မရှိပါ။ | အင်းစိန်ပြည်သူ့ ဆေးရုံကြီး (၁၅-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၉ | ၂၃ နှစ် | မ | ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် | ဖျားခြင်း၊ လည်ချောင်းနာခြင်း | ၁၄-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၁၇-၃-၂၀၂၀ | ကမာမောင်း တိုက်နယ်ပြည်သူ့ ဆေးရုံ | ထိတွေ့မှု မရှိပါ။ | ကမာမောင်း တိုက်နယ်ပြည်သူ့ ဆေးရုံ (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၁၀ | ၄၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း (လူနာတွင် Down syndrome ရောဂါ အခံ ရှိပါသည်။) | ၁၂-၃-၂၀၂၀ | မရှိပါ။ | - | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါ ကုဆေးရုံကြီး | ထိတွေ့မှု မရှိပါ။ | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါ ကုဆေးရုံကြီး (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၁၁ | ၂၅ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် | ချောင်းဆိုးခြင်း | ၁၅-၃-၂၀၂၀ | မရှိပါ။ | - | မန္တလေး ပြည်သူ့ ဆေးရုံကြီး | ထိတွေ့မှု မရှိပါ။ | မန္တလေး ပြည်သူ့ ဆေးရုံကြီး (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၁၂ | ၈၇ နှစ် | ကျား | ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း | ၁၆-၃-၂၀၂၀ | မရှိပါ။ | - | တောင်ညို တိုက်နယ်ဆေးရုံ | ထိတွေ့မှု မရှိပါ။ | ခုတင် (၁၀၀၀) အထွေထွေရောဂါကု ဆေးရုံကြီး၊ နေပြည်တော် (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၁၃ | ၆၁ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် | ဖျားခြင်း | ၇-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၁၇-၃-၂၀၂၀ | မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံ | ထိတွေ့မှု မရှိပါ။ | မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံ (၁၇-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## (၄-၁-၂၀၂၀ ရက်နေ့မှ ၁၈-၃-၂၀၂၀ ရက်နေ့ထိ)၊ (၁၈-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**
(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၇-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့် နိုင်ငံစုစုပေါင်း – (၁၅၉) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း – (၁၇၉,၁၁၂) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း – (၇,၄၂၆) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း – (၄.၁) %
- **ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ–**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၁၁၆ | ၃,၂၃၁ |
| ၂ | အီတလီ | ၂၇,၉၈၀ | ၂,၁၀၃ |
| ၃ | အီရန် | ၁၄,၉၉၁ | ၈၅၃ |
| ၄ | စပိန် | ၉,၁၉၁ | ၃၀၉ |
| ၅ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၃၂၀ | ၈၁ |
| ၆ | ပြင်သစ် | ၆,၅၇၃ | ၁၄၈ |
| ၇ | ဂျာမနီ | ၆,၀၁၂ | ၁၃ |
| ၈ | အမေရိကန် | ၃,၅၀၃ | ၅၈ |
| ၉ | ဆွစ်ဇာလန် | ၂,၂၀၀ | ၁၄ |
| ၁၀ | အင်္ဂလန် | ၁,၅၄၇ | ၅၅ |
| ၁၁ | နယ်သာလန် | ၁,၄၁၃ | ၂၄ |
| ၁၂ | နော်ဝေး | ၁,၁၆၉ | ၃ |
| ၁၃ | သြစတြီးယား | ၁,၁၃၂ | ၃ |
| ၁၄ | ဘယ်လ်ဂျီယံ | ၁,၀၈၅ | ၅ |
| ၁၅ | ဆွီဒင် | ၁,၀၅၉ | ၃ |
| ၁၆ | ဒိန်းမတ် | ၉၆၀ | ၄ |
| ၁၇ | ဂျပန် | ၈၂၉ | ၂၈ |
| ၁၈ | မလေးရှား | ၅၅၃ | ၀ |

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၇-၃-၂၀၂၀) တွင် ထုတ်ပြန်သော Situation Report (57) အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပနိုင်ငံတွင်း ကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း (၈၈) နိုင်ငံ ရှိပါသည် –
  - (၁) ဥရောပဒေသ – ၃၇ နိုင်ငံ
  - (၂) အမေရိကဒေသ – ၁၅ နိုင်ငံ
  - (၃) အနောက်ပစိဖိတ်ဒေသ – ၁၁ နိုင်ငံ
  - (၄) အရှေ့အလယ်ပိုင်းဒေသ – ၁၁ နိုင်ငံ
  - (၅) အာဖရိကဒေသ – ၆ နိုင်ငံ
  - (၆) အရှေ့တောင်အာရှဒေသ – ၆ နိုင်ငံ
  - (၇) နယ်မြေဒေသ – ၂ နိုင်ငံ
- အီတလီနိုင်ငံ၊ အီရန်နိုင်ငံ၊ စပိန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့၏ ရောဂါဖြစ်ပွား၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ အခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၇၅ %) ခန့်နှင့် သေဆုံးမှုအားလုံး၏ (၉၃ %) ခန့်ရှိပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၃၅) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၈-၃-၂၀၂၀)ရက်နေ့၊ ညနေ (၄:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့် ပတ်သက်သည့် အခြေအနေများမှာ –

- စောင့်ကြည့်လူနာ (Person Under Investigation–PUI) (၁၅၅) ဦးနှင့် သံသယလူနာ (၂) ဦး စုစုပေါင်း (၁၅၇) ဦးရှိပြီး ၎င်းတို့အနက် –
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ – (၁၅၁) ဦး
  - ဓာတ်ခွဲနမူနာရယူရန် ဆောင်ရွက်ဆဲ/ပေးပို့ဆဲ – (၆) ဦး
  - ရောဂါသက်သာ ပျောက်ကင်း၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – (၁၀၁) ဦး
  - COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း အခြားရောဂါများဖြင့် သေဆုံးသူ – (၇) ဦး
  - ၎င်းတို့အနက် နာတာရှည်ဆီးချိုရောဂါနှင့် နှလုံးရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြင့် သေဆုံးသူ (၂) ဦး၊ တီဘီရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည် ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည် အဆုတ်ပွရောဂါဖြင့် သေဆုံးသူ (၁) ဦးနှင့် ဗက်တီးရီးယားပိုးကြောင့် သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၂) ဦးတို့ဖြစ်ကြပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၈-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီး တွင် (၆၄) ဦး၊ ရှမ်းပြည်နယ်တွင် (၂၅) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၃၁) ဦး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် (၃၇) ဦး စုစုပေါင်း (၁၅၇) ဦးတို့ဖြစ်ပါသည်။

၄။ COVID-19 ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက် ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးမွှားများအား လက်နှင့် ထိတွေ့ရာမှတစ်ဆင့် ကူးစက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ သင့်ကြောင့် တစ်ပါးသူအား ရောဂါမကူးစက်စေရန်–

- (က) လက်ကို မကြာခဏ ဆေးကြောရန်နှင့် လက်ကို ဆေးကြောပါက ဆပ်ပြာဖြင့် စက္ကန့် (၂၀) ခန့် ဆေးကြောရန်၊ ရေနှင့် ဆပ်ပြာ မရှိပါက Hand sanitizer ဖြင့် ဆေးကြောရန်၊
- (ခ) နှာချေ၊ ချောင်းဆိုးသည့်အခါ မိမိတို့၏ ပါးစပ်နှင့် နှာခေါင်းကို တံတောင်ဆစ် အသုံးပြု၍ လည်းကောင်း၊ တစ်ရှူးအသုံးပြု၍ လည်းကောင်း လုံခြုံစွာ ဖုံးအုပ်ရန်၊
- (ဂ) ဖျားနာ၊ ချောင်းဆိုး၊ နှာစေးနေသူများအနေဖြင့် လူထူထပ်သော နေရာများနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမှ လုံးဝ ရှောင်ကြဉ်ရန်နှင့် မိမိတို့နေအိမ်တွင်း၌ နေထိုင်၍ ဆေးကုသမှု ခံယူရန်၊
- (ဃ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း စသော လက္ခဏာများ ခံစားနေရသူများ အနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံး သွားရောက်ပြသရန်၊
- (င) COVID-19 ရောဂါ ကူးစက်ဖြစ်ပွားချိန်တွင် ပြည်သူလူထုများအနေဖြင့် လူစုလူဝေး ပြုလုပ်ခြင်းအား ရှောင်ကြဉ်ရန်နှင့် ပွဲလမ်းသဘင်များ ကျင်းပခြင်းမပြုလုပ်ရန်၊
- (စ) အသွားအလာ ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း (Quarantine) ပြုလုပ်ခြင်းဖြင့် ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်လာပါက ချက်ချင်း သိရှိကုသနိုင်ပြီး ၎င်းတို့မှတစ်ဆင့် မိသားစုဝင်များနှင့် ဆွေမျိုးများ၊ ထိုမှတစ်ဆင့် ပြည်သူလူထုထံသို့ ရောဂါဆက်လက်ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် Quarantine ၏ အကျိုးကျေးဇူးများအား သိရှိနားလည်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် COVID-19 ကမ္ဘာ့ကပ်ရောဂါ မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပြန့်ပွားမှု မရှိစေရန်၊ ပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်မှုမရှိစေရန်နှင့် ပြည်သူများ၏ အကျိုးစီးပွားအား ထိခိုက်မှုနည်းနိုင်သမျှ နည်းစေရန်ရည်ရွယ်၍ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအား အမျိုးသားအဆင့်အနေဖြင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ လူမှုရေးအဖွဲ့အစည်းများ၊ အလွှာအသီးသီးရှိ အသိပညာရှင် အတတ်ပညာရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် COVID-19 ရောဂါအား တုံ့ပြန်ဆောင်ရွက်ရာတွင် အဓိကအရေးကြီးဆုံးဖြစ်ပါသည်။ လက်ရှိအချိန်ထိ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များအား မိမိ၏ အရေးကိစ္စကဲ့သို့ သဘောထားကာ တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

*စာမျက်နှာ ၉ မှ*

(ခ) (၁၇-၃-၂၀၂၀) ရက်နေ့တွင် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ကျိုင်းတုံမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုပေးလျက်ရှိသော ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် နေထိုင်သော အသက် (၃၀) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၁၀-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးသွေးပါခြင်း စသည့် ရောဂါလက္ခဏာများဖြင့် (၁၄-၃-၂၀၂၀) ရက်နေ့မှစ၍ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူခဲ့ရာ လူနာအား လိုအပ်သော ကုသမှုများ ပေးနေစဉ် (၁၇-၃-၂၀၂၀) ရက်နေ့၊ ည (၉:၃၀) နာရီခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။ လူနာသေဆုံးရသော အကြောင်းရင်းမှာ ကနဦး သုံးသပ်ချက်နှင့် စစ်ဆေးချက်များအရ လူနာ၌ နာတာရှည်ရောဂါအခံဖြစ်သော နှလုံးကြီးခြင်း၊ သွေးတွင်း သကြားဓာတ် အလွန်အမင်း မြင့်မားခြင်းနှင့် သွေးတွင်း ပိုတက်စီယမ်ဓာတ် အလွန်အမင်း ကျဆင်းခြင်းတို့အပြင် အဆုတ်ရောင်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးရခြင်းဖြစ်နိုင်ပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်သော အသက် (၄၀) နှစ်အရွယ်

*စာမျက်နှာ ၁၅ သို့*

ဇယား –၂

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
### (၁၈-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ | ဆေးရုံ စတင် တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| ၁ | ၅၆ နှစ် | ကျား | ရှမ်းပြည်နယ် (မြောက်)၊ မူဆယ်မြို့နယ် | မူဆယ်ပြည်သူ့ဆေးရုံ | ၁၆-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂ | ၃၆ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် | ကန်တော်နဒီဆေးရုံ | ၁၆-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃ | ၂၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် | ခရမ်းမြို့နယ်ဆေးရုံ | ၁၆-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၄ | ၆၅ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် | ကန်တော်နဒီဆေးရုံ | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၅ | ၂၉ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ | ကန်တော်နဒီဆေးရုံ | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၆ | ၁၉ နှစ် | ကျား | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နယ် | သီပေါမြို့နယ် ပြည်သူ့ဆေးရုံ | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၇ | ၂၇ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၁၅-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၈ | ၄၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |

## နောင်ကောက်အနောက်ကျေးရွာ၌ နေအိမ်နှစ်လုံး မီးလောင်

**နောင်တရား မတ် ၁၈**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နန်းပုလင်းကျေးရွာအုပ်စု နောင်ကောက်အနောက်ကျေးရွာ၌ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်က မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်ဝိုင်း၏ နေအိမ် မီးဖိုချောင် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးစတင်လောင်၍ မြောက်ဘက်ကပ်လျက်နေအိမ်အား မီးကူးစက်လောင်ခဲ့ပြီး စုစုပေါင်း နေအိမ် နှစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုသတင်းအရ ရဲအုပ် တင်ဝင်းမောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဖြိုးလင်းကျော် ဦးစီးသော မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာဒေသခံများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

## တနိုင်းချောင်းအတွင်း လူငယ်တစ်ဦး ရေနစ်သေဆုံး

**တနိုင်း မတ် ၁၈**

ကချင်ပြည်နယ် တနိုင်းမြို့နယ် တနိုင်းချောင်းတွင် လူငယ် တစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက တနိုင်းမြို့ တနိုင်းချောင်းအတွင်း လူငယ်တစ်ဦး ရေနစ်နေကြောင်း သတင်းအရ တနိုင်းမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသန်းယဉ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ ညနေ ၄ နာရီတွင် ရေနစ် သေဆုံးသူ လူငယ်အား ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဖြစ်စဉ်အား စုံစမ်းရာ မောင်တူးခေါင်(၁၅ နှစ်)သည် သူငယ်ချင်းများနှင့်အတူ မွန်းလွဲပိုင်းတွင် တနိုင်းချောင်းအတွင်း ရေချိုးဆင်းခဲ့ပြီး ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုဃ်းကျ(မြစ်ကြီးနား)

## ရွှေပြည်သာမြို့နယ် အများသုံးရေကန်ထဲ၌ အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွား

**ရန်ကုန် မတ် ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အများသုံးရေကန်ထဲ၌ အမျိုးသားတစ်ဦး သေဆုံးမှု မတ် ၁၇ ရက်က ဖြစ်ပွားသည်။

ရွှေပြည်သာမြို့နယ် တ/၁၅ ရပ်ကွက် ပန်းခြံ(၃၂) အာသာဝတီလမ်းနှင့် ရတနာသီရိလမ်းကြား လှော်ကားနီလာဈေးအနီးရှိ အကျယ် ပေ ၂၀၀ ပတ်လည်ခန့်၊ အနက်ခြောက်ပေခန့်ရှိ အများသုံးရေကန်ထဲ ၌ လူတစ်ဦး သေဆုံးနေကြောင်း သိရသဖြင့် ရဲအုပ်စိန်အောင်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ အသက်(၄၅ နှစ်)ခန့် အမျိုးသား တစ်ဦးဖြစ်ပြီး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း၊ ရေနစ်သေဆုံးသူမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရှိရသေးကြောင်းနှင့် အလောင်းအား အင်းစိန်ဆေးရုံသို့ ပို့အပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံး ခြင်း ဟုတ်/မဟုတ် လှော်ကားနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## သတင်းမီဒီယာများအပေါ် စွဲဆိုထားသောအမှုနှစ်ခု ပြန်လည်ရုပ်သိမ်း

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ကြားဝင်စေ့စပ်ညှိနှိုင်းဆောင်ရွက်မှုများအရ တပ်မတော်က သတင်းမီဒီယာနှစ်ခုအပေါ် စွဲဆိုထားသော အမှုနှစ်ခုကို ပြန်လည်ရုပ်သိမ်းပေးလိုက်ပြီဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းတွင် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"ကျွန်တော်တို့ သတင်းမီဒီယာကောင်စီနဲ့တပ်မတော်အကြား နားလည်မှု၊ ယုံကြည်မှုတွေရရှိအောင် အလုပ်ရုံဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေ၊ ညှိနှိုင်းဆွေးနွေးမှုတွေကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ သတင်းမီဒီယာတွေကို အရေးယူတော့မယ်ဆိုရင် ကျွန်တော်တို့ သတင်းမီဒီယာကောင်စီဥပဒေအတိုင်း ပြန်ပြီးဆောင်ရွက်ပေးဖို့၊ ကောင်စီမှာ ကနဦးညှိနှိုင်းပေးဖို့ အဲဒီအဆင့်ကနေ မပြေလည်ရင် တရားစွဲဖို့ ညှိနှိုင်းဆွေးနွေးတာတွေရှိပါတယ်။

"ဒီလို အကြိမ်ကြိမ်ဆွေးနွေးဆုံးဖြတ်ချက်တွေချပြီးတော့မှ သတင်းမီဒီယာသမားတွေ အရေးယူမှုကိစ္စတွေအပေါ် နားလည်မှု ကျေအေးပေးနိုင်မှုတွေ ရရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ အခု နောက်ဆုံးအနေနဲ့ ဧရာဝတီ သတင်းဌာနကို တရားစွဲထားတဲ့ကိစ္စတွေ၊ ရိုက်တာ သတင်းဌာနကို တရားစွဲထားတဲ့ အမှုနှစ်ခုကို ဒီကနေ့ မတ် ၁၈ ရက်မှာ တပ်မတော်အနေနဲ့ ပြန်လည်ရုပ်သိမ်းမယ်လို့ ကျွန်တော်တို့ သတင်းမီဒီယာကောင်စီကို အကြောင်းကြားလာပါတယ်။ ဒါဟာ ကျွန်တော်တို့ သတင်းမီဒီယာတွေအတွက် ကောင်းမွန်တဲ့ရလဒ်ပါ။ တပ်မတော်အနေနဲ့လည်း သတင်းတွေကို တိတိကျကျ ရေးသားဖော်ပြနိုင်အောင် ဖုန်းနဲ့ဆက်သွယ်မေးမြန်းတဲ့ အခါမှာ ပြောဆိုပေးဖို့ ညှိနှိုင်းထားသလို သတင်းမီဒီယာတွေအနေနဲ့ကလည်း သတင်းဖော်ပြတဲ့နေရာမှာ တိကျမှုရှိပြီး ဘက်လိုက်မှုမရှိအောင် ရေးသားဖော်ပြမယ်ဆိုရင် အမှုအခင်းတွေမရှိနိုင်ပါဘူး"ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင်က ပြောသည်။

တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ မေတ္တာရပ်ခံအကြောင်းကြားညှိနှိုင်းမှု၊ တပ်မတော်နှင့် သတင်းမီဒီယာများအကြား ဆက်ဆံရေးနှင့် သတင်းမီဒီယာများ၏ စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်မာစွာ ရပ်တည်နိုင်ရေးအပေါ် အလေးထားသဖြင့် ဧရာဝတီ သတင်းဌာနမှ ဦးရဲနိုင်အား တရားစွဲဆိုထားမှုနှင့် ရိုက်တာသတင်းဌာနအား တရားစွဲဆိုထားမှုတို့ကို မတ် ၁၈ ရက်တွင် ပြန်လည်ရုပ်သိမ်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မြင့်မောင်

## မြန်မာ့ရုပ်မြင်သံကြား

၁၉-၃ -၂၀၂၀(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၃၅ – "Media and Information Literacy မီဒီယာနှင့်သတင်း အချက်အလက်သိနားလည်မှု စကားဝိုင်း" (အပိုင်း– ၂)
- ၉:၃၅ – လှပစုံလင်အာဆီယံတစ်ခွင်
- ၁၁:၃၅ – ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲက ဘဝ "ဘဝတိုက်ပွဲစတင်ခြင်း" (ဦးရန်ပိုင်၊ ဇင်ယော်နီ၊ ဦးငွေအောင်၊ နန်းခင်မွေး၊ ခိုင်ကြည်ပြာကို၊ ရွှေယမင်းဦး) (ဒါရိုက်တာ– မြတ်ခိုင်)
- ၁၂:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း– ၁၉)
- ၁၃:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်မှုရှာပုံတော်" (အပိုင်း– ၃၁)

ညပိုင်း

- ၁၆:၃၅ – Soccer View
- ၁၇:၀၅ – "ရာမညမြေမှ အလှတရားများ"(အပိုင်း– ၃)
- ၁၇:၃၀ – လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၂၀ – မျက်မှောက်ရေးရာအဖြာဖြာ
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ – "Media and Information Literacy မီဒီယာနှင့်သတင်း အချက်အလက်သိနားလည်မှု စကားဝိုင်း"(အပိုင်း– ၃)
- – တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ်များ "ရန်ကုန်တက္ကသိုလ်ရင်ခွင်ရိပ်မှ အနုပညာရှင်များ" (အကယ်ဒမီ ဝါဝါဝင်းရွှေ)
- – သမိုင်းကိုဖော်ပြသော ဝါကျများ "လူ့ရှင်တော်ကြီး ဦးပေါ်စိန်နှင့်တွေ့ဆုံခြင်း"
- – ဟိုးတုန်းက....ရေဒီယို အသံလွှင့်ဇာတ်လမ်းများ "အသက်နဲ့ထပ်တူ" ထူးမြတ်၊ ဟိန်းရှိုင်း၊ A3 (ဒါရိုက်တာ– သီတာလင်း (Laurel Art Academy))

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် ညပိုင်းက နမ့်ခမ်းမြို့နယ် ကောင်းဝိန်းကူးတို့ဆိပ်အနီး နမ့်ခမ်း–ကောင်းဝိန်းကားလမ်းတွင် ဒေါ်နန်းဆိုင်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၊ ဘိန်းစိမ်း ၁ ဒသမ ၂ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် တပ်မတော်မှ မတ် ၁၆ ရက် ညပိုင်းက မိုင်းရှူးမြို့နယ် မိုင်းအော့ကျေးရွာအနီး ဝမ်ကျောင်း–မိုင်းအော့ကျေးရွာလမ်းပေါ်တွင် ကျလဲမောင်းနှင်ပြီး စိုင်းအွတ် လိုက်ပါလာသည့် မစ်ဆူဘီရှိအမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ



ဖီးခေါင်နှင့် ယာညူးတို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ယာဉ်နောက်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ နှင့် ငွေကျပ်ငါးသိန်းတို့ကိုလည်းကောင်း၊ မတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု တာချီလိတ် – မိုင်းဆတ် ကားလမ်း မယ်ဆိုင်ချောင်းဘေးရှိ တောင်ယာတဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား အကြေ ၁ ဒသမ ၁ ကီလို၊ RUGER အမျိုးအစား ၉ မမ ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ကျည် ၁၂ တောင့်တို့ကို လည်းကောင်း၊ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဆန်ဆိုင်းကျေးရွာအနီး ကျိုင်းတုံ – တာချီလိတ် ကားလမ်းတွင် ယာညူးနှင့် ဖီးခေါင်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်များကို ရပ်တန့်ရှာဖွေရာ ယာညူး မောင်းနှင်လာသည့် ဆိုင်ကယ် တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

ပြည်သူ့ပူးပေါင်းပါဝင်မှု လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် – CMRS ဖြင့် သတင်းပေးပို့ချက်အရ မတ် ၁၃ ရက်မှ ၁၆ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၀/၇)၊ တိုးဂိတ်တွင် မော်တော်ယာဉ်အမှတ် 8I/---- ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၃၇၅၄ တန်ကိုလည်းကောင်း။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျွန်းတောစုကျေးရွာဟောင်းအနီးတွင် တရားမဝင်ကျွန်းခွဲသား ၇ ဒသမ ၄၀၂၆ တန်ကို လည်းကောင်း၊ ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကြေးစီရွာ၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာနေရာ၌ တရုတ်နီအင်ဂျင်(18Hp) (ANEC) တစ်လုံး၊ သစ်စက်ဆက်စပ်ပစ္စည်းများနှင့်အတူ တရားမဝင် ဘင်္ဂ၊ နှော၊ ပျဉ်းကတိုး၊ သစ်ယာ၊ ဖက်ဝန်း၊ မျောက်ချော၊ ဇင်ပြွန်းသစ်/ခွဲသား ၁၁ ဒသမ ၉၆၈၆ တန်ကို လည်းကောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် နောင်ကောက်ကျေးရွာအုပ်စု နောင်ကောက်ကျေးရွာအနီး ပိန္နဲကုန်းကျေးရွာ ဘုန်းကြီးကျောင်းအနီးနှင့် မိုင်းဝန်းချောင်းဘေးနေရာများမှ တရားမဝင်ကျွန်း/ပျဉ်းကတိုး/သစ်ယာ/အင်ခွဲသား ၁၃ ဒသမ ၆၆၉၆ တန်ကို လည်းကောင်း၊ ကလေးခရိုင် ကလေးဝမြို့နယ် ဝက်တိုးရွာအနောက်မြောက်ဘက်နှင့် မောင်းခါးကျေးရွာအရှေ့ဘက်နေရာများ၌ တရားမဝင်အင်ခွဲသား ၁၈ ဒသမ ၄၃၂၄ တန်ကို လည်းကောင်း၊ မော်လိုက်မြို့နယ် မော်ကူးကြိုးဝိုင်းအကွက်အမှတ် (၁၃၇၊ ၁၃၈)အတွင်း တရားမဝင် ကညင်သစ်လုံး ၃၅ ဒသမ ၇၁၈တန်၊ ကညင်ခွဲသား ၂၇ ဒသမ ၉၁၃တန် စုစုပေါင်း ၆၃ ဒသမ ၆၃၁ တန်နှင့် တစ်လုံးထိုး(ပြောင်းချော) လက်လုပ်သေနတ်တစ်လက်တို့ကို လည်းကောင်း။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် နောင်ချိန်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၈၀၀ ခန့်နေရာ၌ မော်တော်ယာဉ် ၃၃ စီးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ် တဲကြီးကျေးရွာအတွင်းရှိ နေအိမ်ခြံဝင်းများအတွင်းမှ တရားမဝင်ကျွန်း/ ပျဉ်းကတိုး/ သစ်ယာ/ အင်ခွဲသား ၅၅ ဒသမ ၈၃၄၄ တန်ကို တာယာဘီးတပ်လှည်း ငါးစီးနှင့်အတူ ပြစ်မှုကျူးလွန်သူ လေးဦးကိုလည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် မြဝတီ–ကော့ကရိတ် အာရှလမ်းမဘေး ကျိုက်ဒုံသွားလမ်းပေါ်မှ မော်တော်ယာဉ်အမှတ် KYN 8H/---- ယာဉ်ပေါ်မှ တရားမဝင် သင်္ဂဒူ ခွဲသား ၁၀ ဒသမ ၀၄၂၈ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ဂျိုင်းလော

# ဂျပန်၌ ဥရောပနိုင်ငံများမှ ခရီးသွားဧည့်သည်များ ၁၄ ရက်ကြာ အသွားအလာကန့်သတ်ရန် ဂျပန်အစိုးရဆောင်ရွက်မည်

**တိုကျို မတ် ၁၈**

ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်နေမှုကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံအပါအဝင် ဥရောပနိုင်ငံပေါင်း ၃၀ ခန့်မှ ခရီးသွားဧည့်သည်များကို ၁၄ ရက်ကြာ အသွားအလာကန့်သတ်ရန် ဂျပန်အစိုးရက ဆုံးဖြတ်လိုက်ကြောင်း ယင်းကိစ္စနှင့် နီးစပ်မှုရှိသည့် သတင်းရပ်ကွက်တစ်ခုက မတ် ၁၇ ရက်က ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနှင့် ပတ်သက်၍ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့မှုအတွင်း ထိုသို့လုပ်ဆောင်သွားရန် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းရပ်ကွက်က ဖော်ပြခဲ့သည်။ Schengen ဧရိယာအတွင်း ပါဝင်သည့် ဥရောပနိုင်ငံပေါင်း ၂၆ ခုတို့မှ ခရီးသွားများအပါအဝင် အခြားဥရောပနိုင်ငံများဖြစ်ကြသည့် ဗြိတိန်နှင့် ရိုမေးနီးယားနိုင်ငံများမှ ခရီးသွားဧည့်သည်များကိုပါ အသွားအလာကန့်သတ်ရန် လုပ်ဆောင်မည်ဖြစ်သည်ဟု ဆိုသည်။

ထို့အပြင် ဂျပန်အစိုးရသည် အီတလီ၊ စပိန်နှင့် ဆွစ်ဇာလန်နိုင်ငံများရှိ အစိတ်အပိုင်းအချို့နှင့် အိုင်စလန်မှ ပြည်ပခရီးသွားများအပေါ် ပြည်ဝင်ခွင့်ပိတ်ပင်မှု လုပ်ဆောင်ရန်လည်း စဉ်းစားနေကြောင်း အစိုးရသတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ ဂျပန်နိုင်ငံသားများအပါအဝင် ဥရောပနှင့် အရှေ့တောင်အာရှတို့မှ ခရီးသွားများအားလုံးကို ၎င်းတို့၏ နေအိမ်၌သာနေထိုင်ကြရန်၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များ အသုံးပြုခြင်းမှ ရှောင်ရှားရန်နှင့် ရောဂါကူးစက်ခံရသည့် လက္ခဏာများ ဖြစ်ပေါ်လာခြင်း ရှိ မရှိ ကို သတိပြုစောင့်ကြည့်ကြရန် အစိုးရက တိုက်တွန်းထားကြောင်း သိရသည်။ **ကျိုဒိုနယူးစ်**



ရောမမြို့၌ နှာခေါင်းစည်းဝတ်ဆင်၍ သွားလာနေသူတစ်ဦးကို တွေ့ရစဉ်။



လေဆိပ်၌ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေသည့် မိသားစုတစ်စုကို တွေ့ရစဉ်။

# ပြည်ပရောက်နေသည့် ဩစတြေးလျနိုင်ငံသားများ အမြန်ဆုံးပြန်လာကြရန် အစိုးရ တိုက်တွန်း

**ကန်ဘာရာ မတ် ၁၈**

ဩစတြေးလျနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို အစိုးရကအရေးပေါ်အစီအမံများ ချမှတ်ကာ ဆောင်ရွက်လျက်ရှိချိန်တွင် နိုင်ငံရပ်ခြားသို့ ရောက်ရှိနေကြသည့် ဩစတြေးလျနိုင်ငံသားများ မိခင်နိုင်ငံဆီသို့ အမြန်ဆုံးပြန်လာကြရန် အစိုးရက သတိပေးလိုက်ပြီး နိုင်ငံအတွင်းနေထိုင်ကြသည့် ပြည်သူများအနေဖြင့်လည်း ပြည်ပသို့ခရီးသွားလာခြင်းမပြုကြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆန်က မလိုလားအပ်ဘဲ လူ၁၀၀ ထက်ပို၍ စုဝေးခြင်းများ မပြုလုပ်ရန် အမိန့်ထုတ်ထားပြီး နေအိမ်ပြင်ပရှိ အခမ်းအနားပွဲများတွင် လူ ၅၀၀ ထက်ပို၍ စုဝေးခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ သင်သွားလိုသည့် ခရီးမည်သည့်နေရာဖြစ်စေ၊ ကျွန်ုပ်တို့အကြံပြုလိုသည်မှာ ယခုလက်ရှိအချိန်အတွင်း ခရီးမသွားကြဖို့ပင်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ခရီးသွားလာမှု သတိပေးနှိုးဆော်ချက်တွင် ဖော်ပြထားသည်။

ကွမ်တက်စ်အမျိုးသားလေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူက လေယာဉ်ခရီးစဉ်အချို့ဖြင့် ဩစတြေးလျနိုင်ငံမှ ခရီးထွက်ခွာရန် လိုလားနေကြသည့် ဩစတြေးလျနိုင်ငံသားများအတွက် လေယာဉ်လက်မှတ်ထုတ်ပေးခြင်းကို လေကြောင်းလိုင်းက ဆက်လက်ထုတ်ပေးရန် ရှိနေကြောင်းနှင့် လက်ရှိတွင် အစိုးရက အကြံပြုခြင်းသာဖြစ်ပြီး ပိတ်ပင်မှု မဟုတ်ကြောင်း အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ပထမကမ္ဘာစစ်ပြီးဆုံးခဲ့ချိန်ကတည်းက ယခုကဲ့သို့လုပ်ဆောင်ချက်မျိုးကို မတွေ့မြင်ဖူးသေးကြောင်း ၎င်းက ပြောသည်။ ဩစတြေးလျ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၀၀ ကျော်ရှိပြီး သေဆုံးသူ ခြောက်ဦးရှိသည်။ ရောဂါကူးစက်မှုသည် နေ့စဉ်နှင့်အမျှ မြင့်တက်လျက်ရှိပြီး ကူးစက်မှုအများစုမှာ ရောဂါကူးစက်ခံရသည့် ခရီးသွားများ ပြန်လာရာမှထပ်မံကူးစက်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ဗင်နီဇွဲလားက ချေးငွေအကူအညီတောင်းခံမှုကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ပယ်ချ

**ဝါရှင်တန် မတ် ၁၈**

ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရန် စီးပွားရေးချွတ်ခြုံကျနေသည့် ဗင်နီဇွဲလားနိုင်ငံက အမေရိကန်ဒေါ်လာ ငါးဘီလီယံ ချေးငွေပေးရန် တောင်းဆိုမှုကို အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ပယ်ချလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၁၈ ရက်က ဖော်ပြလိုက်သည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရို၏ အစောပိုင်းတောင်းဆိုမှုပင် ဖြစ်ငြားသော်လည်း အမေရိကန်အခြေစိုက်အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ၎င်း၏တောင်းဆိုမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့အကြီးအကဲ ခရစ်စတာလီနာ ဂျော်ဂျီဗာသို့ ပေးပို့သော ဗင်နီဇွဲလားသမ္မတ၏ စာထဲတွင် ချေးငွေအမေရိကန်ဒေါ်လာ ငါးဘီလီယံသည် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးတွင် များစွာအရေးပါမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံသည် ၂၀၀၁ ခုနှစ်မှစကာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ပထမဆုံး ချေးငွေတောင်းခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ငွေကြေးအကူအညီတောင်းခံမှုကို စဉ်းစားပေးရန် သင့်တော်သော အချိန်မဟုတ်ကြောင်း၊ ဗင်နီဇွဲလားအစိုးရကို နိုင်ငံတကာအသိအမှတ်ပြုထားသည်ဆိုသည်မှာ ရှင်းလင်းမှုမရှိကြောင်း အမေရိကန်အခြေစိုက် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ထုတ်ပြန်ဖော်ပြထားသည်။

မိမိတို့အရင်ကဖော်ပြခဲ့သလို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ချေးငွေအကူအညီပေးရန်မှာ နိုင်ငံတကာက အသိအမှတ်ပြုသော အစိုးရဖြစ်ရမည်ဖြစ်ကြောင်း၊ ဗင်နီဇွဲလားကို ချေးငွေပေးဖို့ဆိုသည်မှာ သင့်တော်သောအချိန်မဟုတ်သေးကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲကပြောသည်။ ဗင်နီဇွဲလားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာ ၁၇ ဦးရှိလာပြီး နောက် မြို့တော်ကရာကက်စ်နှင့် အခြားပြည်နယ်ခြောက်ခုတို့ကို အလုံပိတ်ထားခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**


ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရို

# ကိုရိုနာဗိုင်းရပ်စ်အသစ် ကူးစက်ခံရသူများကို ဂျပန်နိုင်ငံထုတ် တုပ်ကွေးကာကွယ်ဆေး အဗီဂန်ဖြင့် ကုသရာတွင် တိုးတက်မှုများရှိကြောင်း တွေ့ရ

**ပေကျင်း မတ် ၁၈**

ကိုရိုနာဗိုင်းရပ်စ်အသစ် ကူးစက်ခံရသူများကို ကုသရာတွင် ဂျပန်နိုင်ငံထုတ် တုပ်ကွေးကာကွယ်ဆေး အဗီဂန်ကိုသာ အသုံးပြုရန် တရားဝင်ဆုံးဖြတ်လိုက်ကြောင်း တရုတ်အစိုးရက ပြောကြားလိုက်သည်ဟု နိုင်ငံတကာ သတင်းတစ်ရပ်တွင် မတ် ၁၈ ရက်က ဖော်ပြလိုက်သည်။

သက်ရှိနည်းပညာဖွံ့ဖြိုးရေး အမျိုးသားဌာန၏ ညွှန်ကြားရေးမှူး ကျန်ရှင်မင်က ပေကျင်းတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ယခုတရားဝင်အသုံးပြုရန် ဆုံးဖြတ်ချက်ချခဲ့သောဆေးသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူများကို စမ်းသပ်ကုသမှုအရ အလွန်အစွမ်းထက်သည်ကိုတွေ့ရှိရကြောင်း ပြောကြားခဲ့သည်။

အဆိုပါစမ်းသပ်မှုများကို ဝူဟန်နှင့် ရှန်ကျန်းမြို့များတွင် စမ်းသပ်ခဲ့ကြောင်း ညွှန်ကြားရေးမှူးက ပြောကြားခဲ့ပြီး စမ်းသပ်မှုတွင် ဝူဟန်မြို့၌ လူနာပေါင်း ၂၄၀ နှင့် ရှန်ကျန်မြို့တွင် လူနာပေါင်း ၈၀ စီ အသီးသီးပါဝင်ကြောင်း ပြောကြားခဲ့သည်။

ဝူဟန်၌ ပြုလုပ်ခဲ့သော အဗီဂန်ဆေးဖြင့် စမ်းသပ်မှုတွင် နှစ်ရက်ခွဲခန့်အတွင်း ပုံမှန်ခန္ဓာကိုယ်အပူချိန်အထိ ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ အဆိုပါ ဆေးမပေးဘဲ စမ်းသပ်မှုတွင် ပုံမှန်ခန္ဓာကိုယ်အပူချိန် ပြန်ရောက်ရန် လေးရက်ကျော်ခန့် ကြာမြင့်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါဆေးဖြင့် စမ်းသပ်ခံရသော လူနာများသည် လေးရက်ကျော်အတွင်း ၎င်းတို့၏ ချောင်းဆိုးမှုသည် ပုံမှန်အနေအထားအတိုင်း ပြန်လည်ရောက်ရှိသွားကြောင်းနှင့် ဆေးမပေးဘဲ စမ်းသပ်မှုတွင် ခြောက်ရက်နီးပါး ကြာမြင့်ကြောင်းသိရသည်။ ထို့အတူ ယခုဆေးတွင် မည်သည့်ဘေးထွက်ဆိုးကျိုးမျှမရှိကြောင်းလည်း သိရသည်။

ရှန်ကျန်းတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသော လူနာအား ယခုဆေးပေးပြီး စမ်းသပ်မှုတွင် လေးရက်ကြာပြီး နောက် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်းနှင့် ဆေးမပေးလျှင် ၁၁ ရက် ကြာမြင့်ကြောင်း သိရသည်။

ထို့အတူ အဆိုပါဆေးပေးထားသော လူနာ ၉၁ ရာခိုင်နှုန်း၏ ဆေးဓာတ်မှန်ပေါ်တွင်လည်း အဆုတ်၏ အနေအထားများမှာ တိုးတက်ကောင်းမွန်လာသည်ကို ပြသလျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ရွှေတိဂုံစေတီတော် ဝတ္ထုကံမြေအတွင်း တရားစခန်းများဖွင့်လှစ်ခြင်းမပြုလုပ်ကြရန် ညွှန်ကြားထား

**ရန်ကုန် မတ် ၁၈**

COVID-19 ရောဂါဖြစ်ပွားပျံ့နှံ့မှု ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ရွှေတိဂုံစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဇရပ်၊ ဓမ္မာရုံများတွင် တရားစခန်းများကျင်းပခြင်း၊ စုပေါင်းဒုလ္လဘရဟန်းခံပွဲများကျင်းပခြင်း၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဆရာတော် သံဃာတော်များနှင့် သီလရှင်များ သီတင်းသုံးနေထိုင်ခြင်း၊ လူစုလူဝေးဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ညွှန်ကြားချက် ထပ်မံမထုတ်ပြန်မီကာလအတွင်း မပြုလုပ်ကြရန် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံးမှ ညွှန်ကြားထားကြောင်း သိရှိရသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးရဲအောင်နိုင်က "ကိုရိုနာဗိုင်းရပ်စ်(COVID-19) ဖြစ်ပွားပျံ့နှံ့မှု ကြိုတင်ကာကွယ်တားဆီးနိုင်ဖို့အတွက် ပြည်ပဘုရားဖူးတွေကို ဖေဖော်ဝါရီလကစပြီး ရွှေတိဂုံစေတီတော်ကို ရောက်ရှိလာရင် ပထမဦးဆုံး အပူချိန်တိုင်းပေးပါတယ်၊ လက်သန့်ရှင်းရေးအတွက် လက်ဆေးကန်တွေထားပြီး လက်ဆေးခိုင်းပါတယ်။ နောက် နှာခေါင်းစည်းတွေ အခမဲ့ဖြန့်ဝေတပ်ဆင်ပြီးမှ ဘုရားပေါ်ကို တက်ရောက်ဖူးမြော်စေပါတယ်။

အခုဆိုရင် ပြည်တွင်းဘုရားဖူးတွေကိုလည်း အပူချိန်တိုင်းပါတယ်။ နှာခေါင်းစည်းတွေကိုလည်း အခမဲ့ဖြန့်ဝေပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ လက်သန့်ရှင်းရေးအတွက် လက်ဆေးကန်တွေကိုလည်း ဆောင်ရွက်ပေးထားပါတယ်။ ရွှေတိဂုံစေတီတော် ရင်ပြင်ထောင့်အသီးသီးမှာလည်း COVID-19 ရောဂါ ကာကွယ်နိုင်ရေးနဲ့ ပတ်သက်တဲ့ လမ်းညွှန်ဆောင်ရွက်ရမယ့် ဗီနိုင်းတွေ ထောင်ထားပေးပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက ရွှေတိဂုံစေတီတော် သာသနိကအဆောက်အအုံများ သန့်ရှင်းရေးနှင့် ပတ်သက်၍ "ည ၁၀ နာရီထိုးပြီးတာနဲ့ ရွှေတိဂုံစေတီတော်ရင်ပြင်၊ ဇရပ်၊ စောင်းတန်းတွေ၊ ဓာတ်လှေကားတွေကို ဆပ်ပြာရည်တွေ၊ ပိုးသတ်ဆေးရည်တွေနဲ့ လိုက်လံဆေးကြော ဆောင်ရွက်ပေးနေပါတယ်။ ဘုရားစောင်းတန်းတွေမှာ ဘုရာဖူးတွေ ဝတ်ပြုလာရောက်ကြတဲ့အခါ တစ်ဦးနဲ့ တစ်ဦး သုံးပေခွာပြီး ဝတ်ပြုပေးကြဖို့လည်း မေတ္တာရပ်ခံထားပါတယ်။ လက်ရှိအချိန်မှာလည်း ရွှေတိဂုံစေတီတော်ကို ပြည်တွင်း၊ ပြည်ပက ဘုရားဖူးဧည့်သည်တွေ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိပါတယ်"ဟု ပြောကြားသည်။ **သတင်း၊ ဓာတ်ပုံ-ကိုကိုဇော်**



# ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားအများစု သင်္ကြန်ကာလ ပြည်တွင်းသို့ပြန်ရန် မသေချာ

**နေပြည်တော် မတ် ၁၈**

ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအများစု သင်္ကြန်ကာလနှင့် ယခုကာလများအတွင်း ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်မှု မရှိသလောက်နည်းပါးသွားနိုင်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာလူမျိုးများထံမှ သိရသည်။

**ခေတ္တပြန်လာခြင်းများ မလုပ်သင့်**

COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ အလုပ်သမားပို့ဆောင်သည့် လုပ်ငန်းစဉ်များကို ယနေ့ မတ် ၁၈ ရက်က စတင်၍ ယာယီရပ်ဆိုင်းထားပြီဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံအစိုးရဘက်မှလည်း ကြေညာချက်များကို ထုတ်ပြန်ထားပြီး ထိုင်းရိုးရာနှစ်သစ်ကူး ရေသဘင်ပွဲတော်အားလပ်ရက်များကိုလည်း ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ကြေညာထားသည်။ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ ထိုင်းနိုင်ငံရောက် မြန်မာများအနေဖြင့် ပြည်တွင်းသို့ ခေတ္တပြန်လာခြင်းများကို မလုပ်သင့်ကြောင်း အကြံပြုထားသည်။

"နေရပ်ကို ပြန်ချင်ပေမယ့် ဒီနှစ်မှာ ထိုင်းနိုင်ငံဘက်ကနေ နေရပ်ပြန်ပြီး ပိတ်ရက်ပြီးတာနဲ့ ပြန်လာဖို့ဆိုရင် ထိုင်းနိုင်ငံဘက်က အဝင်အထွက်လုပ်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို Re-entry ဗီဇာ ကင်းလွတ်ခွင့်မပေးတော့ပါဘူး။ ဘတ် ၁၀၀၀ ပေးပြီး ခွင့်ပြုချက်ရယူပြီးမှ ပြန်ကြရတော့မှာပါ။ ဒါကလည်း ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို တားဆီးတာဖြစ်လို့ ဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ခရီးသွားလာမိခဲ့မယ်ဆိုရင် ကျွန်တော်တို့တွေက ရောဂါပိုးတွေကို အပြန်အလှန်သယ်ဆောင်သွားနိုင်တဲ့သူတွေ ဖြစ်သွားနိုင်ပါတယ်။ ဒါတင်မကသေးပါဘူး။ နေရပ်ကိုခဏတာပြန်ပြီး ထိုင်းနိုင်ငံက လုပ်ငန်းခွင်တွေကို ပြန်လာတဲ့အခါ ရောဂါပိုးရှိမရှိ စောင့်ကြည့်တဲ့ သီးခြားခွဲခြားမှုမျိုးလည်း ကြုံလာနိုင်တဲ့အတွက် အကောင်းဆုံးကတော့ ရောက်ရှိတဲ့နေရာမှာပဲ နေထိုင်တာ ပိုပြီးကောင်းမွန်မယ်လို့ထင်ပါတယ်။ အများစုကလည်း အခြေအနေကို ကြည့်နေကြတယ်။ ပြန်ချင်ပေမယ့် ကျန်းမာရေးကိစ္စလည်းဖြစ်သလို နှောင့်နှေးကြန့်ကြာမှုတွေလည်း မလိုအပ်ဘဲ ဖြစ်နိုင်တာကြောင့် မပြန်ကြဖို့ ရည်ရွယ်ကြသူတွေလည်း အများအပြားရှိပါတယ်" ဟု ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အလုပ်လုပ်ကိုင်နေသည့် ကိုဖိုးဇော်မြင့်က ပြောသည်။

**သက်သေခံကတ်ပြားထုတ်ယူခြင်းများ စတင်ရပ်ဆိုင်း**

ထို့ပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနကလည်း ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် အလုပ်ရှင်၊ အလုပ်သမား သဘောတူခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်းနှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား ထုတ်ယူခြင်းများကို ယနေ့တွင် စတင်ရပ်ဆိုင်းထားပြီးဖြစ်သည်။

"ချင်းမိုင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကလည်း သတင်းထုတ်ပြန်ထားတာရှိပါတယ်။ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားတွေအားလုံး ကျန်းမာရေးအတွက် ထုတ်ပြန်ချက်တွေကို စောင့်ကြည့်ပေးကြဖို့နဲ့ လိုအပ်ရင်လည်း ဆက်သွယ်အကူအညီတောင်းခံနိုင်တဲ့သူတွေနဲ့ ဖုန်းနံပါတ်တွေကို ထုတ်ပြန်ထားပါတယ်။ အကောင်းဆုံးကတော့ နေရပ်ကိုပြန်ကြမယ့်သူတွေက သတိရှိရှိနဲ့ ပြန်ဖို့ သင့် မသင့် စောင့်ကြည့်ကြဖို့ လိုပါတယ်။ ထိုင်းနိုင်ငံမှာ သင်္ကြန်ပိတ်ရက် ရွှေ့ဆိုင်းတဲ့အတွက် ရွှေ့ပြောင်းအလုပ်သမားတွေ ပြည်တွင်းကိုပြန်ကြဖို့က အတော်လေး နည်းသွားမှာတော့အမှန်ပါပဲ" ဟု ချင်းမိုင်မြို့တွင် အလုပ်လုပ်ကိုင်နေသည့် မချိုဇင်သဲက ပြောသည်။

ချင်းမိုင်ပြည်နယ်၊ လန်ဖွန်းပြည်နယ်၊ လန်ပန်းပြည်နယ်၊ ဥတ္တရာဒစ်ပြည်နယ်၊ ဖရယ့်ပြည်နယ်၊ နမ်ပြည်နယ်၊ ဖယောင်းပြည်နယ်၊ ချင်းရိုင်ပြည်နယ်နှင့် မယ်ဟောင်ဆောင်ပြည်နယ်တို့တွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများသည် လိုအပ်သည့်အကူအညီများကို အလုပ်သမားသံအရာရှိ ဦးဇော်မင်းထွေး ဖုန်း +၆၆၀၉၉၀၅၉၂၃၅၂ သို့ ဆက်သွယ်နိုင်ပြီး ထိုင်းနိုင်ငံမြောက်ပိုင်း ပြည်နယ်ကိုးခုသို့ ရောက်ရှိနေသည့် အစိုးရပညာသင်များ၊ တက္ကသိုလ်များတွင် ပညာသင်ကြားနေသူများသည် ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ပညာရေးတာဝန်ခံအရာရှိ၊ ကောင်စစ်ဝန်၊ ဒုတိယအတွင်းဝန် ဒေါ်အိနန္ဒာကျော် ဖုန်း +၆၆၀၉၈၇၃၉၅၄၇၈ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် အရေးပေါ်အကူအညီများ တောင်းခံလိုပါက ကောင်စစ်ဝန်၊ ပထမအတွင်းဝန် ဦးဇော်မျိုးထက် ဖုန်း +၆၆၀၆၃၆၆၅၃၉၅၅နှင့် သံအရာရှိ ဒေါ်မြသိင်္ဂီ ဖုန်း +၆၆၀၉၈၇၃၉၅၄၇၈ သို့ ဆက်သွယ်နိုင်ကြောင်း ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ရုံးမှ သိရှိရသည်။

**သက်တမ်းတိုးပေးလျက်ရှိ**

ထို့ပြင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက ယနေ့ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ထိုင်းနိုင်ငံအတွင်း နေထိုင်အလုပ်လုပ်ကိုင်ခွင့်သက်တမ်းတိုးပေးလျက်ရှိသည့် OSS စင်တာများကို ယနေ့တွင် ပိတ်သိမ်းထားသော်လည်း မတ် ၃၁ ရက်အထိ သက်တမ်းရှိပြီး သက်တမ်းတိုးရမည့်သူများအား ရက်ပေါင်း ၆၀ ခန့် တိုးမြှင့်ပေးလိုက်ကြောင်း ကြေညာထားသည်။

"နေထိုင်အလုပ်လုပ်ကိုင်ခွင့် သက်တမ်းမတိုးရသေးရင်လည်း ဒီနေ့ကြေညာချက်အရဆိုရင် နောက်ထပ် နှစ်လတိုးထားပေးတာမို့ ပြည်တွင်းမပြန်လည်း သိပ်တော့ကိစ္စမရှိတော့ဘူးပေ့ါ။ သက်တမ်းမတိုးရသေးလို့ စိတ်ပူပြီး ပြန်ချင်ကြသူတွေက ပိုများတာမို့ အခုလိုဆိုရင်တော့ ပြန်မယ့်သူအတော်လေးနည်းမှာပါ" ဟု မချိုဇင်သဲက ဆက်လက်ပြောသည်။

ခင်ရတနာ

*စာမျက်နှာ ၁၀ မှ*

အမျိုးသားတစ်ဦးသည် (၁၂-၃-၂၀၂၀) ရက်နေ့တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်း စသောလက္ခဏာများဖြင့် (၁၇-၃-၂၀၂၀)ရက်နေ့တွင် မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး သို့သွားရောက်ပြသခဲ့ရာ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ လိုအပ်သော ကုသမှုများပေးနေစဉ် (၁၇-၃-၂၀၂၀) ရက်နေ့၊ ည(၉:၃၀) နာရီခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။ လူနာတွင် မွေးရာပါ ရောဂါအခံ (Down's Syndrome) ရှိကြောင်းလည်း စစ်ဆေးတွေ့ရှိရပါသည်။

လူနာ သေဆုံးရသောအကြောင်းရင်းမှာ ကနဦးသုံးသပ်ချက်နှင့် စစ်ဆေးချက်များအရ သွေးတွင်း သွေးဖြူဥအလွန်အမင်းမြင့်မားပြီး သွေးဆိပ်တက်ခြင်းနှင့် အဆုတ်ရောင်ခြင်း လက္ခဏာများကြောင့် သေဆုံးရခြင်း ဖြစ်နိုင်ပါသည်။ ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်) မြို့သို့ ပေးပို့စစ်ဆေးခဲ့ရာ (၁၈-၃-၂၀၂၀) ရက်နေ့၊ ညနေပိုင်း ဓာတ်ခွဲအဖြေအရ COVID-19 ရောဂါပိုး မတွေ့ရှိရကြောင်း သိရှိရပါသည်။

ကျန်ရှိသည့် သေဆုံးလူနာ (၂)ဦး၏ ဓာတ်ခွဲနမူနာ အဖြေများနှင့် နောက်ဆက်တွဲ သတင်းအချက်အလက်များ ရရှိပါက အချိန်နှင့်တစ်ပြေးညီ ဖော်ပြသွားမည်ဖြစ်ပါသည်။

၇။ (၁၈-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၅၉) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

* အမှတ်စဉ် (၃)ပါ အသက် (၂၆)နှစ်အရွယ် အမျိုးသားသည် Diamond princess သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်စဉ် (၂၅-၂-၂၀၂၀) ရက်နေ့၌ ဓာတ်ခွဲအတည်ပြု COVID-19 ရောဂါပိုးတွေ့ရှိခဲ့ရကြောင်းနှင့် ဂျပန်နိုင်ငံ၊ Fujita Health University ၏ Okazaki Medical Center တွင် လိုအပ်သည့် စစ်ဆေးကုသမှုများ ခံယူပြီးနောက် (၂၈-၂-၂၀၂၀) ရက်နေ့နှင့် (၁-၃-၂၀၂၀) ရက်နေ့များတွင် ထပ်မံစစ်ဆေးချက်များအရ COVID-19 ရောဂါပိုးတွေ့ရှိရခြင်းမရှိတော့ကြောင်းနှင့် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်ရရှိပြီး (၁၇-၃-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ရောဂါစတင်အတည်ပြုခဲ့သည့် (၂၅-၂-၂၀၂၀) ရက်နေ့မှ (၁၇-၃-၂၀၂၀) ရက်နေ့အထိ စုစုပေါင်း (၂၂) ရက် ကြာမြင့်ခဲ့ပြီဖြစ်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာမတွေ့ရှိရသော်လည်း ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ ၎င်းထံမှ ဓာတ်ခွဲနမူနာ ထပ်မံရယူကာ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးထားရှိပါသည်။ ၎င်း၏ လက်ရှိကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

# ဘုရင့်နောင်ဆီပွဲရုံအချို့ အရောင်းပိတ်၍ စားအုန်းဆီဈေးကွက် ရိုက်ခတ်မှုရှိ

**ရန်ကုန် မတ် ၁၈**

ဘုရင့်နောင်ပွဲရုံ ရေတမာလမ်း ၎ဝါလမ်းတို့ရှိ စားအုန်းဆီအရောင်းဆိုင်အချို့ မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် ဆိုင်အရောင်းပိတ်ကြသဖြင့် အလွယ်တကူ ဝယ်ယူမရကြောင်း ပွဲရုံနှင့် နယ်ပို့အဝယ်တော်များထံမှ သိရသည်။

မတ် ၁၇ ရက်က ဆီထုတ်ယူခွင့် DO စာရွက်လက်ကား တစ်ပိဿာ ဈေးနှုန်း ကျပ် ၁၆၅၀ ဟု နေ့စဉ်စားအုန်းဆီဈေးနှုန်းထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး မတ် ၁၈ ရက် ညနေအထိ နေ့စဉ်ဆီဈေးနှုန်းထုတ်ပြန်မှုမရှိသော်လည်း ကျပ် ၁၈၅၀ နှုန်းဖြင့် ဆိုင်အချို့မှ ရောင်းချမှုရှိကြောင်း၊ မတ် ၁၇ ရက်တွင် အရင်းဈေးထက် တစ်ပိဿာ ကျပ် ၁၀၀ ဈေးမြှင့်ရောင်းနေရာ ယနေ့တွင် အရင်းဈေးထက် တစ်ပိဿာ ကျပ် ၃၀၀ ဝန်းကျင် မြင့်တက်လာသည်။ ယခုနှစ် နှစ်လခွဲအတွင်း ပြည်ပမှ စားအုန်းဆီတင်သွင်းရန် ဆီအသင်းမှ အပတ်စဉ် ထောက်ခံချက်များထုတ်ပေးသည့် ၁၁ ကြိမ်တွင် ဆီတန်ချိန် ၂၁၀၀၀၀ ကျော်ရှိသည်ဟု သိရသည်။ ရန်ကုန်ဆီဈေးကွက်တွင် ဆီအရောင်းပိတ်၍ ဈေးမြှင့်တင်ခြင်းမျိုး တွေ့ကြုံရတတ်သည်ဟု နယ်ပို့ဆီအဝယ်တော်တစ်ဦးက ပြောသည်။ **ခင်ဆိုင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ လက်တွေ့အသုံးချမြေယာစီမံခန့်ခွဲမှု အခြေခံသဘောတရားများ စာအုပ်မိတ်ဆက်ပွဲတက်ရောက်

**နေပြည်တော် မတ် ၁၈**

လက်တွေ့အသုံးချ မြေယာစီမံခန့်ခွဲမှု အခြေခံသဘောတရားများ စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေချိန်တွင် လက်တွေ့ဆောင်ရွက်နေရသော နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများသည် မြေယာစီမံခန့်ခွဲမှု အခြေခံသဘောတရားများကို သိရှိနားလည်ပြီး လက်တွေ့အသုံးချနိုင်ခြင်းနှင့် ပြည်သူများ လက်တွေ့ကြုံတွေ့နေရသည့် မြေယာပြဿနာ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်းသည် နိုင်ငံတော်ကို အမှန်အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊

အများပြည်သူ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မြေယာစီမံခန့်ခွဲမှုသည် အလွန်ကျယ်ပြန့်၍ စိန်ခေါ်မှုများစွာရှိသဖြင့် အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် မြေယာသယံဇာတများကို မှန်ကန်စွာ စီမံဆောင်ရွက်သွားနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ အောင်မြင်သော မြေယာစီမံခန့်ခွဲမှုတစ်ရပ် ရရှိနိုင်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့် တို့၏ ကျွမ်းကျင်မှုမြင့်မားလာရန် စဉ်ဆက်မပြတ် လေ့လာခြင်း၊ လက်ဆင့်ကမ်းမျှဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လက်တွေ့အသုံးချ အခြေခံသဘောတရားများပါဝင်သည့် မြေယာစီမံခန့်ခွဲမှု အကျိုးပြုစာအုပ်ကောင်း ထွက်ပေါ်လာခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် စာအုပ်ရေးသားသူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွှမ်းမိုး (ဦးမိုးဃ်း(လယ်ဝန်))က လက်တွေ့အသုံးချ မြေယာစီမံခန့်ခွဲမှု အခြေခံသဘောတရားများစာအုပ်ဖြစ်ပေါ်လာပုံနှင့် မြေယာခန့်ခွဲမှုများတွင် လက်တွေ့အသုံးချနိုင်မှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးလှကျော်က ဂုဏ်ပြုစကားပြောကြားသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် မြေယာစီမံခန့်ခွဲမှုဆိုင်ရာများကို နှစ်ပေါင်းများစွာ အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့သည့်နည်းတူ လက်ရှိတွင် မြေယာပြဿနာများ ဖြေရှင်းဆောင်ရွက်ရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွှမ်းမိုးက ၎င်း၏ လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံများနှင့် နည်းပညာရပ်ဆိုင်ရာ ဗဟုသုတများကို ပေါင်းစပ်၍ ရေးသားပြုစုထားသည့် **“လက်တွေ့အသုံးချ မြေယာစီမံခန့်ခွဲမှု အခြေခံသဘောတရားများ”** စာအုပ်ကို မဲခေါင်ဒေသ မြေယာအုပ်ချုပ်မှုစီမံကိန်းနှင့် အခြားနိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် ထုတ်ဝေခြင်းဖြစ်ပြီး နိုင်ငံ၏ မြေယာခန့်ခွဲမှုများတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ CMP ကုန်ကြမ်းများ ပိုမိုတင်သွင်းလျက်ရှိ

**နေပြည်တော် မတ် ၁၈**

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ CMP ကုန်ကြမ်းများ ပိုမိုတင်သွင်းလျက်ရှိကြောင်း သိရသည်။

COVID – 19 ရောဂါကြောင့် တရုတ်နိုင်ငံအတွင်း ပြည်နယ်တစ်ခုနှင့် တစ်ခု၊ မြို့တစ်မြို့နှင့် တစ်မြို့ ကူးလူးဆက်ဆံမှုများကို ပိတ်ဆို့ဖြတ်တောက်လိုက်သဖြင့် ကုန်သွယ်မှုများ ရပ်ဆိုင်းသွားခဲ့ပြီး တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်လျက်ရှိသော မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းတို့တွင်လည်း ကုန်သွယ်မှုလုပ်ငန်းများ ထိခိုက်လာခဲ့သည်။



မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်စည်များတင်ဆောင်လာကြသည့် ကုန်တင်ယာဉ်များအား တွေ့ရစဉ်။

နှစ်စဉ် တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်ကာလတွင် ကုန်သွယ်မှုလျော့နည်းလေ့ရှိသော်လည်း ကိုရိုနာဗိုင်းရပ်စ် စတင်ကူးစက်မှု ဖြစ်ပွားမှုနှင့် ဆက်စပ်သွားသဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆက်လက်ရပ်ဆိုင်းသွားခဲ့ကြောင်း၊ ကုန်သွယ်မှုလျော့နည်းလေ့ရှိသော တရုတ်နှစ်သစ်ကူးကာလ ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် CMP ကုန်ကြမ်းတင်သွင်းမှုမှာ တစ်နေ့လျှင် ကားစီးရေ ၄၀ မှ ၅၀ ခန့်အထိရှိပြီး ဇန်နဝါရီ ၂၇ ရက် နောက်ပိုင်းတွင် CMP ကုန်ကြမ်းတင်သွင်းမှုမှာ တစ်နေ့လျှင် ကားတစ်စီးမှ သုံးစီးသာ ရှိခဲ့ကာ အချို့ရက်များတွင် တင်သွင်းမှု လုံးဝမရှိသည်အထိ ဖြစ်ခဲ့ရကြောင်း။



ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ တရုတ်နိုင်ငံအတွင်း ရောဂါပိုးကူးစက်မှုမရှိသော ပြည်နယ်များမှ ကုန်တင်ယာဉ်ကြီးများ တရုတ်နိုင်ငံနယ်စပ်မြို့ဖြစ်သည့် ရွှေလီနှင့် ကျယ်ဂေါင်မြို့တို့သို့ ဝင်ရောက်ခွင့်ရလာသည့်အချိန်မှစ၍ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ CMP ကုန်ကြမ်းတင်သွင်းမှုတွင် တစ်နေ့လျှင် ကား ၅ စီးမှ ၇ စီးအထိ စတင်တင်သွင်းနိုင်ခဲ့ကြောင်း၊ မတ်လဆန်းမှ စတင်၍ တင်သွင်းမှုများ အရှိန်ရလာကာ မတ် ၁၀ ရက်မှစ၍ တစ်ရက်လျှင် စီးရေ ၃၀ ခန့် တင်သွင်းခဲ့ပြီး မတ် ၁၁ ရက်မှ ၁၇ ရက်အထိ စီးရေ ၇၀ ခန့် မြင့်တင်လာခဲ့ကြောင်း၊ ကုန်ကြမ်းတန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ သန်းမှ ၂ ဒသမ ၉၃ သန်းအထိ တိုးမြင့်လာခဲ့ပြီး CMP ကုန်ကြမ်းတင်သွင်းမှုမှာ ကိုရိုနာဗိုင်းရပ်စ် မဖြစ်ခင်ကာလများထက် ယခုမတ်လတွင် ပိုမိုတင်သွင်းမှုများပြားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ဗြိတိသျှကောင်စီအွန်လိုင်းစာကြည့်တိုက်နှင့် အွန်လိုင်းအင်္ဂလိပ်စာသင်တန်းများ ဆက်လက်ဖွင့်လှစ်မည်

**နေပြည်တော် မတ် ၁၈**

ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် COVID – 19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ကြိုတင်တားဆီးရန်နှင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များကြောင့် ဗြိတိသျှကောင်စီရုံးများကို မတ် ၁၉ ရက်မှ စတင်၍ ယာယီပိတ်ထားမည်ဖြစ်သော်လည်း အွန်လိုင်းအခမဲ့ အင်္ဂလိပ်စာသင်တန်းများနှင့် ဒစ်ဂျစ်တယ် စာကြည့်တိုက်ဝန်ဆောင်မှုများကို အွန်လိုင်းမှတစ်ဆင့် ဆက်လက်ရယူနိုင်ကြောင်း ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

စာကြည့်တိုက်ဝန်ဆောင်မှုများကို ဧပြီ ၃၀ ရက်အထိ ယာယီဆိုင်းငံ့ထားမည်ဖြစ်ပြီး နွေရာသီရက်တိုသင်တန်းများအပါအဝင် သင်တန်းများအားလုံးကိုလည်း ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ ယူကေ စာမေးပွဲဝန်ဆောင်မှုများအားလုံးကိုလည်း ပြန်လည်သုံးသပ်လျက်ရှိပြီး အချို့ယူကေ စာမေးပွဲဘုတ်အဖွဲ့များသည် မြန်မာနိုင်ငံရှိ စာမေးပွဲများကို ရွှေ့ဆိုင်းထားပြီးဖြစ်ကြောင်း သိရသည်။ ဗြိတိသျှကောင်စီမှ စာမေးပွဲနှင့် ပတ်သက်သည့် အချက်အလက်များကို အသိပေးသွားရန်ရှိပြီး IELTS နှင့် Cd IELTS ဖြေဆိုမည့်သူများသည် ဝင်ခွင့်များနှင့်အတူ ဗြိတိသျှကောင်စီ အဆောက်အအုံများသို့ လာရောက်စုံစမ်းနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**သွန်းဝသန်**

# အခုကုန်ကြမ်းတွေရောက်တဲ့အတွက် တစ်လလောက်တော့ စက်ရုံလည်ပတ်လို့ ရသွားတယ်

**မြန်မာနိုင်ငံ တရုတ်အထည်အလိပ် အထည်ချုပ်အသင်း ဥက္ကဋ္ဌ ဦးစန်းခွန်**

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဂယက်ကြောင့် မြန်မာနိုင်ငံရှိ အထည်ချုပ် လုပ်ငန်းများတွင် ကုန်ကြမ်းပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး အထည်ချုပ်စက်ရုံတချို့ လုပ်ငန်းရပ်ဆိုင်းမှုများ ဖြစ်ပေါ်ခဲ့သည်။

ကျန်ရှိနေသည့် အထည်ချုပ်စက်ရုံများ ကုန်ကြမ်းပြတ်လပ်မှုမရှိစေရေးနှင့် လုပ်ငန်းပုံမှန်လည်ပတ်နိုင်စေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးဌာန၊ China Enterprise Chamber of Commerce in Myanmar (CECCM)တို့ ပူးပေါင်းပြီး အထည်ချုပ်စက်ရုံများအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် လေကြောင်းများမှ နေ့စဉ်တင်သွင်းလျက်ရှိသည်။

မတ် ၁၇ ရက် ညပိုင်းတွင် မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံများအတွက် အရေးကြီးလိုအပ်နေသည့် ကုန်ကြမ်းပစ္စည်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့မှ AQ-1359 Cargo ကုန်တင်လေယာဉ်ဖြင့် တင်သွင်းလာခဲ့ရာ အဆင်ပြေ ချောမွေ့စေရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသူများအား တွေ့ဆုံမေးမြန်းထားသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်စန္ဒာမင်းက "မကြာခင် ကုန်ကြမ်းပြတ်တော့မှာကြောင့် ပိတ်သွားမယ့် စက်ရုံတွေက အလုပ်သမားတွေအတွက် လစာတွေကို ဘယ်လိုပေးမလဲ။ လစာကို စက်ရုံက ကုန်ကြမ်းပြတ်လို့ စက်ရုံပိတ်တာလည်းရှိမယ်။ ကုန်ကြမ်းပြတ်လို့ စက်ရုံပိတ်သွားတယ်ဆိုရင် သူတို့ဘက်ကလည်း ဆုံးရှုံးပါတယ်။ သို့သော်လည်း ကျွန်မတို့ အလုပ်သမားတွေအတွက်ကိုလည်း လစာဘယ်လိုပေးမလဲဆိုတဲ့ အချက်ကိုလည်း ဆွေးနွေးကြပါတယ်။

"နောက်တစ်ခုက ညပိုင်းကုန်တင်လေယာဉ် ဝင်လာမယ့် ကိစ္စပါ။ ဒီကုန်တင် လေယာဉ်က စက်ရုံ ၁၁ ရုံအတွက် ဝင်လာမယ်။ စက်ရုံ ၁၁ ရုံအတွက် တစ်လစာလောက် သင်္ကြန်မတိုင်ခင် အခြေအနေအထိ စက်ရုံ ၁၁ ရုံက ပုံမှန်လည်ပတ်နိုင်ပြီး စက်ရုံမပိတ်ရအောင် လေယာဉ်နဲ့ အမြန်ဆုံးသွင်းထားတယ်။ ဒီစက်ရုံ ၁၁ ရုံကတော့ သေချာပေါက်မပိတ်ရတော့ဘူး။ အလုပ်သမားတွေကိုလည်း အလုပ်ဖြုတ်စရာမလိုဘူး။ အဓိက ဆွေးနွေးတာက တကယ်ကို ကုန်ကြမ်းပြတ်တောက်လို့ စက်ရုံတွေ ပိတ်လိုက်မှာလား။ ဒါမှမဟုတ် ကုန်ကြမ်းပြတ်တောက်တာ ဗိုင်းရပ်စ်ကို အကြောင်းပြပြီး ရှုံးပါတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ပိတ်တာလား။ အခုဆိုရင် စိစစ်ပြီး ခွဲခြားနေပါတယ်။

"စိစစ်ခွဲခြားနေသော်လည်း အခုချိန်ထိကတော့ တိကျတဲ့ အဖြေမရသေးဘူး။ ပြောတာကတော့ ကုန်ကြမ်းပြတ်တောက်တယ်။ ဒါကြောင့် တချို့တွေက ခေတ္တခဏ ပိတ်မယ်ပြောတယ်။ ရှေ့လမှာလည်း သင်္ကြန်က ၁၀ ရက်ကျော် ပိတ်ထားမှာဖြစ်တဲ့အတွက် သင်္ကြန်ပြီးရင် ပြန်ဖွင့်နိုင်အောင် ကုန်တင်လေယာဉ်တွေနဲ့ တင်သွင်းပေးမယ်။ ကျွန်မတို့အစိုးရဘက်အနေနဲ့လည်း တတ်နိုင်သလောက် တင်လာတဲ့ ကုန်ကြမ်းတွေကို မြန်မြန်ထုတ်နိုင်အောင် ကူညီပေးဖို့ ပြောတယ်။ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိနေတဲ့ အထည်ချုပ်စက်ရုံတစ်ခုတည်း မဟုတ်ပါဘူး။ တခြားစက်ရုံတွေလည်း အများကြီးရှိပါတယ်။ အထည်အလိပ်တစ်ခုတည်း ကုန်ကြမ်းပြတ်တာ မဟုတ်ပါဘူး။ တခြားစက်ရုံတွေက သွင်းလာမယ် ကုန်ကြမ်းတွေကို ရေကြောင်းကနေလည်း အမြန်ဆုံးလာနိုင်အောင်၊ ကုန်းကြောင်းကနေလည်း အမြန်ဆုံးလာနိုင်အောင်အပြင် လေကြောင်းနဲ့လည်း လာနိုင်အောင် အမြန်ဆုံးထုတ်ယူနိုင်အောင်၊ ချောချောမွေ့မွေ့ဖြစ်အောင် ကျွန်မတို့ လွှတ်တော်ဘက်ကလည်း ပံ့ပိုးဆောင်ရွက်ပေးတာ ဖြစ်ပါတယ်" ဟု ပြောသည်။



မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က "အထည်ချုပ်စက်ရုံတွေက သူတို့စရိတ်နဲ့ သယ်လာတာပါ။ လုပ်ငန်းရှင်တွေအနေနဲ့ သူတို့အလုပ်ဆက်လုပ်နိုင်ဖို့ လေယာဉ်နဲ့ တင်လာတာပါ။ လေယာဉ်နဲ့ တင်တဲ့စရိတ်က အတော်ကြီးပါတယ်။ ပေ ၂၀ သင်္ဘောတစ်စင်းစာက လေယာဉ်နဲ့ဆိုရင် လေယာဉ်တစ်စင်းကိုပဲ နှစ်ဆဖြစ်နေပြီဆိုတော့ တော်တော်ကုန်ကျမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း သူတို့အနေနဲ့က အလုပ်မရှိတော့ ကြိုးစားပြီး လုပ်ကြည့်တာပေါ့။ ဟိုဘက်က တရုတ်နိုင်ငံမှာလည်း ထုတ်လုပ်မှုက အကန့်အသတ်တွေ ရှိနေပါတယ်။ အကန့်အသတ်ရှိတော့ ရသလောက်ကို လေယာဉ်နဲ့ ကဲ့လိုက်၊ ယူလာလိုက် လုပ်နေရတယ်။ တကယ်လို့ ဒါအောင်မြင်ရင် ရသလောက်ကို လေယာဉ်နဲ့ ကဲ့ပြီးသယ်ဖို့ အစီအစဉ်ရှိပါတယ်။ အလုပ်ရှင်တွေအနေနဲ့ ကိုယ့်အလုပ်သမားတွေကိုလည်း အလုပ်အဆက်မပြတ်ပေးနိုင်အောင် အလုပ်ကိုလည်း ဆက်လုပ်ချင်တဲ့ ဦးတည်ချက်နှစ်ချက်နဲ့ သယ်လာတာပါ။

"လောလောဆယ်မှာ မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်း တော်တော်များများက တရုတ်နိုင်ငံက ကုန်ကြမ်းကို မှီရတာပါ။ အထူးသဖြင့် အထည်ချုပ်နဲ့ သက်ဆိုင်တဲ့ ကုန်ပစ္စည်း တော်တော်များများက တရုတ်ကို မှီရတာပါ။ တရုတ်နိုင်ငံမှာ COVID-19 ရောဂါဖြစ်သွားတဲ့အချိန်မှာ တကယ်ကိုပဲ ကျွန်မတို့နိုင်ငံမှာ ကုန်ကြမ်းက အခက်အခဲတော်တော်ရှိသွားပါတယ်။ ဒီဇင်ဘာလကတည်းက စဖြစ်ပြီးတော့ ဇန်နဝါရီလလောက်မှာ ကြေညာလိုက်တော့ ကျွန်မတို့မှာရှိတဲ့ ကုန်ကြမ်းကလည်း ပုံမှန်ဆိုရင် ကျွန်မတို့ လုပ်ငန်းသဘာဝအရ နှစ်လသုံးလစာကတော့ ရှိနေရပါတယ်။ ဒါကြောင့်မို့ စက်ရုံတော်တော်များများက သုံးလကုန်ခါနီးရင် ကုန်ကြမ်းပြတ်တော့မယ်လို့ပြောလာတယ်။ ဒီကြားထဲမှာ တရုတ်နိုင်ငံက လာဖွင့်တဲ့ အထည်ချုပ် ၁၁ ရုံကတော့ အလုပ်သမားပေါင်းလည်း တစ်သောင်းကျော်ရှိတော့ အခုကုန်ကြမ်း ရောက်လာပြီဖြစ်တဲ့အတွက် ဧပြီလကုန်အထိ လည်ပတ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။ တစ်ဆင့်ခံစက်ရုံတွေအတွက်ကတော့ ဒီလိုလုပ်ဖို့ အခက်အခဲ ရှိပါလိမ့်မယ်" ဟု ပြောသည်။

မြန်မာနိုင်ငံ တရုတ်အထည်အလိပ် အထည်ချုပ်အသင်း ဥက္ကဋ္ဌ ဦးစန်းခွန်က "အခုကုန်ကြမ်းတွေရောက်တဲ့အတွက် တစ်လလောက်တော့ စက်ရုံလည်ပတ်လို့ ရသွားတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အထည်ချုပ်စက်ရုံအလုပ်သမားတွေ အဆင်ပြေအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ အရေးကြီးတဲ့ လိုအပ်တဲ့ပစ္စည်းတွေကို လေယာဉ်နဲ့ တင်သွင်းလာတာပါ။ လေယာဉ်ခက ဈေးကြီးပါတယ်။ အခုလေယာဉ်နဲ့ တင်လာတာ ပိတ်စအပြင် ကြယ်သီးတွေ၊ ချည်တွေလည်းပါတယ်။ ဒီလကုန်ရင် အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ အခုက လိုအပ်တဲ့ပစ္စည်းတွေ တင်သွင်းလာတာပါ။ ရေကြောင်းနဲ့ ကုန်းလမ်းကတော့ ပုံမှန်ပို့နေပါတယ်။ စက်ရုံတွေမပိတ်အောင်၊ ကုန်ကြမ်းပြတ်လပ်မှု မရှိအောင်တော့ ကျွန်တော်တို့ ကြိုးစားနေပါတယ်" ဟု ပြောသည်။

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**

## ကိုဗစ်-၁၉ ကြောင့် အလုပ်အကိုင်ပြပွဲများ ကျင်းပမှုနှင့် ကျွမ်းကျင်မှုသင်တန်းများ ရွှေ့ဆိုင်း

**နေပြည်တော် မတ် ၁၈**

အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်စေရန် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပလျက်ရှိရာ လာမည့် မတ် ၂၅ ရက်တွင် ရှမ်းပြည်နယ် တာချီလိတ်မြို့၌ ကျင်းပရန်ရှိသည့် အလုပ်အကိုင် အခွင့်အလမ်းပြပွဲအား ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

"ပြန်ပြီးကျင်းပမယ့် ရက်ကို ကြေညာပေးမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ကိုရိုနာဗိုင်းရပ်စ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်အဖြစ် ကျင်းပဖို့ရက်ကို ရွှေ့ဆိုင်းလိုက်တာ ဖြစ်ပါတယ်" ဟု လုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်ထံမှ သိရသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် အလုပ်သမားဝန်ဆောင်မှုလုပ်ငန်းများနှင့် ပူးပေါင်းကာ ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အလုပ်အကိုင် အခွင့်အလမ်းပြပွဲပေါင်း ရှစ်ကြိမ်ခန့် ကျင်းပထားခဲ့ပြီး အလုပ်သမား စုစုပေါင်း ၂၂၅၉ ဦးကို အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် ဦးစီးဌာနမှ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ် ထုတ်ပေးထားသော သင်တန်းကျောင်းများတွင် မတ် ၁၈ ရက်မှစတင်ကာ သင်တန်းများ ပိတ်သိမ်းထားကြောင်း မတ် ၁၇ ရက်စွဲဖြင့် သက်ဆိုင်ရာဌာနများသို့ ပေးပို့ထားကြောင်းသိရသည်။ **သွန်းဝဿန်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၁၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၆၀/၆၁၀ ကျပ် | ၆၁၀/၆၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၇၀/၆၃၅ ကျပ် | ၆၂၅/၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၄၀ ကျပ် | ၅၇၀/၅၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၆၅ ကျပ် | ၇၀၅/၇၂၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၁ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၂ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၂ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၂ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၅၀ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၃ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၂၅၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၉၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၅၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၆၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၁၅၂၁ | ၁၆၇၃၁၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၅၃၀၇ | ၂၀၁၉၀၁၅၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၁၀၅၀ | ၂၃၀၉၃၅၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၅၀ | ၁၃၅၈၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျိုက်ထီးရိုးဘုရားပွဲတော်ကို မတ် ၂၁ ရက်တွင် ပိတ်သိမ်းမည်ဖြစ်ပြီး ယခုသုံးရက်တာအတွင်း ဆိုင်ခန်းများပိတ်သိမ်းရန် ညွှန်ကြားထား



**နေပြည်တော် မတ် ၁၈**

ဘုရားပွဲတော်ကျင်းပလျက်ရှိသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဘုရားပွဲတော်အား မတ် ၂၁ ရက်တွင် ပိတ်သိမ်းတော့မည်ဖြစ်ပြီး ယခုအခါ ဆိုင်ခန်းများနှင့် တည်းခိုဆောင်များ ပိတ်သိမ်းရန် ညွှန်ကြားထားကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ သိရသည်။

"ကျိုက်ထီးရိုးဘုရားကို လာရောက်ဖူးမြော်သူတွေလည်း ကြေညာချက်မထုတ်ပေမယ့် လျော့နည်းသွားပါပြီ။ ဒါပေမယ့် ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှုအနေနဲ့ ပိတ်သိမ်းလိုက်တာဖြစ်ပါတယ်။ မတ် ၂၁ ရက်က စတင်ပြီး တောင်ဆင်းတောင်တက် မော်တော်ယာဉ်တွေ ပြေးဆွဲခြင်းကို ပြုလုပ်တော့မှာမဟုတ်ပါဘူး။ အမှန်က ကဆုန်လပြည့်နေ့မှ ကျိုက်ထီးရိုးဘုရားပွဲတော်က ပိတ်သိမ်းတာဖြစ်ပါတယ်။ အခုတော့ တစ်လခွဲလောက်စောပြီး ပိတ်သိမ်းတာပါ"ဟု မွန်ပြည်နယ် အစိုးရအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် အစိုးရအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ယခုကဲ့သို့ ပိတ်သိမ်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"မနေ့က မတ် ၁၇ ရက်အထိ ဘုရားဖူးတွေ လာရောက်ဖူးမြော်နေပေမယ့် ဒီနေ့ မတ် ၁၈ ရက်မှာတော့ အတော်လေးကို ဝင်ရောက်မှုနည်းပါးသွားပါတယ်။ မွန်းလွဲပိုင်းအထိ လာရောက်ဖူးမြော်တဲ့ ဘုရားဖူးကားခုနစ်စီးလောက်ပဲရှိသလို ကားပေါ်မှာလည်း လူအပြည့်မပါတာ များတယ်။ မနေ့ကဆိုရင် ကား ၂၉ စီးအထိ ဝင်ရောက်မှုရှိခဲ့ပါတယ်။ ကျိုက်ထီးရိုးဘုရားဖူး လာရောက်သူတိုင်းကို တောင်ပေါ်မတက်မီမှာ ကျန်းမာရေးစစ်ဆေးတာတွေ၊ ကိုယ်အပူချိန်တိုင်းတာ တာတွေကိုလည်း လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒါပေမယ့် အခုလိုပိတ်သိမ်းလိုက်ရတာက လိုအပ်လာတဲ့အတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ လုပ်ဆောင်မှုတစ်ရပ်လို့ မြင်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ပြောကြားသည်။

ကျိုက်ထီးရိုးဘုရားဖူးဧည့်သည်များ ယနေ့တွင် ဝင်ရောက်မှုမရှိသလောက် နည်းပါးနေပြီး ဆိုင်ခန်းများသည်လည်း ပိတ်သိမ်းရန် ပြင်ဆင်နေကြပြီဖြစ်ကြောင်း၊ ဘုရားဖူးဦးရေ ၃၀၀ ပင် ပြည့်မည်မထင်ကြောင်း ကျိုက်ထီးရိုးတောင်ပေါ်ရှိ ဆိုင်ပိုင်ရှင် မသီတာက ပြောသည်။ တောင်တက်လမ်းကျဉ်းမြောင်းခြင်း၊ တည်းခိုရာ နေရာများ ပြည့်နှက်နေခြင်းနှင့် ဘုရားဖူးများစွာ လာရောက်နိုင်ခြင်းတို့ကြောင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် ယခုကဲ့သို့ ပိတ်သိမ်းလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ ဒုတိယခေါင်းဆောင် ဦးစိုးလှိုင်ကလည်း "ကျွန်တော်တို့ ကျိုက်ထီးရိုးဆံတော်ရှင်ကို လာရောက်ဖူးမြော်တဲ့ ဘုရားဖူးတွေကို ကိုရိုနာအဆုတ်ရောင်ရောဂါကာကွယ်ဖို့ မတ် ၁၆ ရက်က စတင်ပြီး ကိုယ်အပူချိန်တိုင်းတာတဲ့ ကိရိယာတွေနဲ့ စစ်ဆေးပေးပါတယ်။ လက်ဆေးကန်တွေလည်း ထားရှိသလို တောင်တက်ကားတွေကိုလည်း ဆေးဖျန်းပြီးမှသာ မောင်းနှင်တက်ရောက်ခွင့်ပြုခဲ့ပါတယ်။ အထက်က ညွှန်ကြားချက်အတိုင်း ကျွန်တော်တို့ ဂေါပကအဖွဲ့ ဆောင်ရွက်သွားမှာပါ။ မတ် ၁၆ ရက်မှာ ပြည်တွင်းဘုရားဖူး ၆၀၀၀ ကျော်နဲ့ ပြည်ပခရီးသွား ၉၀ ကျော် ဝင်ရောက်ပါတယ်။ မတ် ၁၇ ရက်မှာ ပြည်တွင်းဘုရားဖူး ၂၄၀၀ ကျော်နဲ့ ပြည်ပခရီးသွား ၄၃ ဦးအထိ ကျဆင်းသွားပါတယ်။ မတ် ၁၈ ရက် ဒီနေ့မှာတော့ အတော်လေး နည်းပါးသွားပါတယ်။ ပုံမှန် ဘုရားပွဲတော်ကာလကတော့ သီတင်းကျွတ်လပြည့်နေ့ကနေ ကဆုန်လပြည့်နေ့အထိ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ခင်ရတနာ ၊ ဟိန်းထက်ဇော်

# ဆန်စပါးဈေးကွက် တည်ငြိမ်မှုရှိရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၈**

COVID-19 ရောဂါကြောင့် ဆန်ဈေးမြင့်တက်မှုမရှိစေရေးနှင့် ဆန်ဈေး တည်ငြိမ်မှုရှိစေရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌထံ ဆက်သွယ်မေးမြန်းချက်အရ သိရသည်။

"COVID-19 ရောဂါနဲ့ပတ်သက်ပြီး ကြိုတင်စီမံဆောင်ရွက်ထားသင့်တဲ့ အစီအစဉ်တွေကို ဆောင်ရွက်ရာမှာ အသင်းချုပ်အနေနဲ့ ဦးစားပေးဆောင်ရွက်နေတာကတော့ ပြည်တွင်းစားသုံးဆန်ဈေးနှုန်းတည်ငြိမ်ဖို့၊ ဖူလုံမှုရှိစေဖို့နဲ့ ဈေးနှုန်းတွေ အဆမတန် မမြင့်တက်စေဖို့အတွက် ဆောင်ရွက်နေပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် လတ်တလော အခြေအနေတွင် ပြည်တွင်းဆန်စပါးဈေးကွက် တည်ငြိမ်စေရေးအတွက် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဖြစ်သည့် ဆန်စပါးကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ဖြန့်ဖြူးရောင်းချသူများ၊ ကုန်စည်ဒိုင်များ၊ ဆန်ပြည်ပတင်ပို့သည့် လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းဈေးကွက်အခြေအနေ တည်ငြိမ်စေရန်နှင့် ဖူလုံမှုရှိစေရန် ဦးစားပေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း မတ် ၁၃ ရက်က ထုတ်ပြန်ထားသည်။

"မကြာခင်မှာ နွေစပါးပေါ်ထွက်လာမှာဖြစ်တဲ့အတွက် ဆန်စပါးဈေး တည်ငြိမ်ဖို့အတွက် အစိုးရအဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေ၊ UMFCCI ဆန်စပါးအသင်းအပါအဝင် အခြားအသင်းအဖွဲ့တွေ၊ ကုန်စည်ဒိုင်တွေနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေပါတယ်။ COVID-19 ရောဂါရဲ့ သက်ရောက်မှုဖြစ်ပေါ်ချိန်မှာ ပြည်ပတင်ပို့မှုတွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ညှိနှိုင်းဆောင်ရွက် နေပါတယ် "ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အနေဖြင့် ကမ္ဘာ့နိုင်ငံအများစုတွင် ဖြစ်ပေါ်နေသည့် COVID-19 ရောဂါအား ကမ္ဘာ့ကပ်ရောဂါ (pandemic) အဖြစ် မတ် ၁၁ ရက်က သတ်မှတ်ကြေညာခဲ့ပြီးနောက် ပြည်သူအချို့အနေဖြင့် စိုးရိမ်ပူပန်ကာ ဆန်အပါအဝင် စားနပ်ရိက္ခာ အသုံးအဆောင်များ ဝယ်ယူ စုဆောင်းမှုများကို ပြုလုပ်လျက်ရှိသည်။

"ပြည်တွင်းဆန်လုံလောက်မှုရှိတာဖြစ်တဲ့အတွက် စားသုံးသူပြည်သူတွေအနေနဲ့ စိုးရိမ်ပူပန်မှု မဖြစ်စေဖို့နဲ့ အများအပြားဝယ်ယူသိုလှောင်တာမျိုး မပြုလုပ်ဖို့အတွက် မေတ္တာရပ်ခံလိုပါတယ်။ ဆန်လုပ်ငန်းရှင်တွေ၊ ဆန်ဆိုင်တွေ အနေနဲ့လည်း သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးနေပါတယ်။ ပြည်တွင်း ဆန်စပါးဈေးကွက် အခြေအနေကို အသင်းချုပ်အနေနဲ့ အမှန်ကန်ဆုံး၊ အတိကျဆုံး သုံးသပ်ထုတ်ပြန်သွားမှာဖြစ်ပါတယ်" ဟု ဦးရဲမင်းအောင်က ဆိုသည်။

ပြည်သူများအနေဖြင့် ဆန်စပါးနှင့် ပတ်သက်၍ ဆက်သွယ်လိုပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဖုန်း ၀၁-၂၃၀၁၁၂၈~၂၉၊ ၀၁-၂၁၈၂၆၆~၆၈ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကေတာ


# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်


**နေပြည်တော် မတ် ၁၈**

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရွာနှုန်း ၆၀ ဖြစ်သည်။

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ



# ရှေးမြန်မာ့လက်မှုပစ္စည်းများ (ပန်းတမော့၊ ပန်းပဲ၊ ပန်းတဉ်း၊ ပုရပိုက်)

သိပ္ပံစာရေးဆရာကိုကိုအောင်

### ပန်းတမော့လုပ်ငန်း

အုတ်၊ အင်္ဂတေနှင့်စပ်လျဉ်းသော ပန်းရန်လုပ်ငန်းကဲ့သို့ပင် ကျောက်ဆစ်ကျောက်ရွေခြင်းဆိုင်ရာ ပန်းတမော့လုပ်ငန်းသည်လည်း မြန်မာ့သမားရိုးကျလက်မှုလုပ်ငန်းတစ်ခုပင်ဖြစ်ကာ ဗုဒ္ဓဆင်းတုတော်များ ထုလုပ်ခြင်းစသည်တို့နှင့်ဆိုင်သော လက်မှုလုပ်ငန်းဖြစ်သည်။ နယ်မြေဒေသအလိုက် အလွယ်တကူရနိုင်သော ကုန်ကြမ်းကို အသုံးပြုကာ ရခိုင်ပြည်နယ်တွင် မြောက်ဦးရှိ ထုက္ကံသိမ်၊ ရှစ်သောင်းဘုရားနှင့် စေတီပုထိုးအချို့ အပြင် ရေတွင်းရေကန်များကိုပါ အုတ်အစား ကျောက်တုံးများဖြင့် တည်ဆောက်ထားခဲ့ကြသည်။ ထို့အတူ မွန်တို့ဒေသ သုဝဏ္ဏဘူမိ မြို့ပြနိုင်ငံတွင်လည်း ဂဝံကျောက်ဖြင့် တည်ထားသော ရှေးဟောင်းလက်ရာ စေတီပုထိုးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ရှိသည်။ အုတ်နှင့်စပ်လျဉ်းသော အုတ်ဖုတ်လုပ်ငန်း၊ ပန်းရန်လုပ်ငန်း၊ ကျောက်နှင့် စပ်လျဉ်းသော ပန်းတမော့လုပ်ငန်းများသည် မြန်မာမင်းများ လက်ထက်တစ်လျှောက်တွင် အလွန်ထင်ရှားပြီး အရေးပါသော လက်မှုလုပ်ငန်းများ ဖြစ်ခဲ့ကြသည်။ အုတ်လုပ်ငန်းကမူ ယနေ့ထိတိုင် ဆက်လက်ရှင်သန်လျက် ရှိနေသေးသည်။ ခေတ်မီစက်ရုံများမှ ထုတ်လုပ်သော စက်အုတ်များနှင့်အတူ နိုင်ငံ၏လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းလျက် ရှိနေကြသည်။

သမားရိုးကျ လက်မှုလုပ်ငန်းတစ်ခုဖြစ်သော ပန်းပဲလုပ်ငန်းသည်လည်း ရှေးမြန်မာမင်းများလက်ထက်က မြို့တိုင်းတွင်၊ ရွာကြီးရွာငယ်တိုင်းတွင်ရှိသော လက်မှုလုပ်ငန်းဖြစ်သည်။ ပျူခေတ်ကပင် ထွန်းကားနေပြီဖြစ်သော လက်မှုလုပ်ငန်းဟု ဆိုနိုင်သည်။ သရေခေတ္တရာမြို့ဟောင်း မြို့ရိုးအပြင်ဘက်ပတ်လည်တွင် သံမယ်နကြီးများ စိုက်ထားခြင်းကို တွေ့ရှိရခြင်း၊ တူးဖော်ရာ၌ သံချွန်သံချိတ်နှင့် ဓားစသော လက်နက်များကို တွေ့ရှိရခြင်းတို့ကြောင့် ပန်းပဲလုပ်ငန်း တွင်ကျယ်စွာထွန်းကားခဲ့သည်ဟု ခန့်မှန်းနိုင်သည်။ ပုဂံခေတ်ကျောက်စာများတွင်လည်း ပန်းပဲဟူသောဝေါဟာရကို တွေ့ရှိရသည်။

### ပန်းပဲလုပ်ငန်းနှင့် ဓားများ


ဓားသည် ဆင်းရဲချမ်းသာမရွေး အိမ်တိုင်းတွင်ရှိသော အိမ်သုံးသံထည်ပစ္စည်း ဖြစ်သည်။ အိမ်တွင်း နေ့စဉ်သုံးဓားများနှင့်အတူ လုပ်ငန်းခွင်သုံးဓားများမှစ၍ စစ်သုံး၊ ကာကွယ်ရေးသုံးဓားများအထိ ပန်းပဲများက ထုတ်လုပ် ပေးခဲ့ကြသည်။ မြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်တွင် လက်ကောင်းလက်တက် ထင်ရှားကျော်ကြားသော ပန်းပဲဖိုကြီးများရှိခဲ့သည်။ ထုတ်လုပ်ရာနယ်မြေဒေသအမည်နှင့်တွဲ၍ ထင်ပေါ်သော ဓားများ၊ လူမျိုးအလိုက် ထုတ်လုပ်စွဲကိုင်သောဓားများ၊ ပုံသဏ္ဌာန်အလိုက် အမည်ပေးထားသော ဓားများဟူ၍ အမျိုးအစားများစွာ ရှိခဲ့သည်။ ဓားမြှောင်၊ ဓားမ၊ ဓားမောက်၊ လင်းကင်းဓား၊ သမတ်၊ ဦးဖြတ်၊ ငှက်ကြီးတောင်၊ တောဆောင်ရှမ်းဓားမ စသည်တို့ဖြစ်သည်။ ရှမ်းဓားများက နာမည်ကြီးသကဲ့သို့ ကချင်တို့၏ လင်းကင်းဓားများကလည်း ခေတ်အဆက်ဆက်တွင် နာမည်ကြီးခဲ့သည်။ ထိုကဲ့သို့ ထုတ်လုပ်ရာဒေသအလိုက် နာမည်ကြီးခဲ့သောဓားများသည် ရပ်သုံးရွာသုံးမျှသာမကဘဲ အခြားမြို့ရွာဒေသများသို့ပါ တင်ပို့ရောင်းချရသဖြင့် လုပ်ငန်းပမာဏက မသေးလှကြောင်း သိသာသည်။

စစ်ကိုင်းမင်းလက်ထက် (၁၈၁၉–၁၈၃၇)တွင် အမရပူရသို့ရောက်ရှိလာသော ဗြိတိသျှကိုယ်စားလှယ် ကရောဖွတ်က ပုဂံနှင့်အင်းဝတို့တွင် ပန်းပဲလုပ်ငန်း အကြီးအကျယ်ရှိကြောင်း သူ၏မှတ်တမ်းတွင် ဖော်ပြခဲ့သည်။ အိမ်သုံးဓားစသည့် တန်ဆာပလာများမှာ လက်ရာကြမ်းသည်။ ဓား၊ လှံ၊ ကတ်ကြေး၊ ကွမ်းညှပ်နှင့် လက်သမား ကိရိယာ စူး၊ ဆောက်၊ တံစဉ်းများနှင့် တူမီးသေနတ်တို့ကိုလည်း ထုတ်လုပ်သည်၊ ထိုစဉ်က မြန်မာလုပ် တူမီးသေနတ်တစ်လက်ကို ငွေသား ၁၁ ကျပ်၊ အင်္ဂလိပ်ငွေ ၂၅ သျှီလင်ခန့် ပေးရသည်၊ ရှမ်းပြည်မှ လာသောဓားများမှာ ဆေးသားအကောင်းဆုံး ဓားများဖြစ်သည်ဟု ဆိုခဲ့သည်။

မြန်မာတို့သည် ဓား၊လှံ၊စူး၊ဆောက်စသော သံထည်ပစ္စည်းများကို ထုတ်လုပ်သည့်အပြင် သံရည်ကျို လုပ်ငန်းကိုလည်း လုပ်ဆောင်နိုင်ကြသည်ဟု ဆိုရမည်ဖြစ်သည်။ ၁၆၅၀ ပြည့်နှစ်တွင် ရေးထိုးသော ရာဇာမဏိ စူဠာ ကျောက်စာတွင် မိန်ညိုကြဲသေး သံချပ်တန်ဆာဟု တွေ့ရှိရသည်။ ကြဲသေးသည် အကြေးကွက်များကဲ့သို့ သံလွှာငယ် အထပ်ထပ်ဖြင့် ပြုလုပ်ထားသော စစ်သုံး သံကိုယ်ချပ်အင်္ကျီ ဖြစ်မည်ဟုဆိုသည်။ စစ်သူကြီး မဟာဗန္ဓုလ၏ သံချပ်အင်္ကျီကို လန်ဒန်ပြတိုက်တွင် တွေ့မြင်နိုင်သည်။

ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင် (၁၅၅၁–၁၅၈၁)၏ တပ်မတော်တွင် အလွန်ကောင်းမွန်သော ဓား၊လှံ၊သေနတ်နှင့် အမြောက်ကြီးများရှိသည်ဟု ဗင်းနစ်ကုန်သည် ဆီဇာဖက်ဒရစ်က မှတ်တမ်းတင်ခဲ့သည်။ ထိုစဉ်ကပင် မြန်မာတို့အဖို့ သံရည်ကျိုနိုင် သွန်းနိုင်၍ အမြောက်သေနတ်များကိုပင် ထုတ်လုပ်နိုင်နေပြီလားဟု ခန့်မှန်းစရာ ဖြစ်နေသည်။

ပန်းပဲဖိုများသည် အိမ်သုံးဓားမှ စစ်သုံးဓားလှံအထိ လက်နက်အမျိုးမျိုးကို သာမက လုပ်ငန်းခွင်သုံး ပစ္စည်းများကို ထုတ်လုပ်ပေးခြင်းဖြင့် ကုန်ပစ္စည်းထုတ်လုပ်ရေးကို အထောက်အကူပြုခဲ့သည်။ သစ်ခုတ်ဝါးခုတ်ရန် ဓားမကြီးငယ်များ၊ ပဲကွပ်၊ ပုဆိန်၊ တူးရွင်းလုံး၊ တူးရွင်းပြား စသည်တို့လည်း ပန်းပဲဖိုများက ထုတ်လုပ်ပေးသည်။ ပန်းပဲလက်မှုလုပ်ငန်းမှထွက်သော ဓား၊ လှံ၊ တူးရွင်း၊ ပဲကွပ်၊ ပုဆိန်၊ တံစဉ်းစသော လက်နက်ကိရိယာများနှင့်ပင် ရှေးမြန်မာမင်းများလက်ထက်က ပြည်သူတို့သည် တောင်ယာခုတ်ထွင် ရှင်းလင်းကာ စိုက်ပျိုးရိတ်သိမ်းခဲ့ကြသည်။ သစ်ဝါးလုပ်ငန်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။ ဓာတ်သတ္တုနှင့် ကျောက်သံပတ္တမြား တို့ကိုလည်းကောင်း၊ ရေနံကိုလည်းကောင်း တူးဖော်ခဲ့ကြသည်။ စားဝတ်နေရေးဆိုင်ရာ ပြဿနာများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်သော သမားရိုးကျလက်မှုလုပ်ငန်းတစ်ခု ဖြစ်သည်။



မြန်မာ့ပန်းတဉ်းပညာဖြင့်ပြုလုပ်ထားသော မင်းကွန်းခေါင်းလောင်းကြီး
ဓာတ်ပုံ – ဟသ်ာ(Wikipedia)

### ပန်းတဉ်းအတတ်ပညာနှင့် ကြေးသွန်းခေါင်းလောင်းများ

ပန်းတဉ်းအတတ်ပညာဟုခေါ်သော ကြေးသွန်းလုပ်ငန်းသည်လည်း မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းတစ်ခုပင် ဖြစ်သည်။ မြန်မာတို့သည် ကြေးသွန်းအတတ်ပညာကို ပျူခေတ်ကတည်းကပင် တတ်မြောက် လုပ်ဆောင်ခဲ့ကြသော်လည်း ကြေးနီ၊ကြေးဝါသတ္တုတို့ဖြင့် ပြုလုပ်အပ်သော အိမ်သုံး ကြေးအိုး၊ ကြေးခွက်၊ ပန်းကန်အသုံးပြုမှု အလွန်နည်းခဲ့သည်။ ကြေးအိုး၊ ကြေးခွက်သုံးသောဓလေ့က မရှိသလောက်ပင်ဖြစ်သည်။ ကြေးလုပ်ငန်းနှင့် ကြေးပစ္စည်းများကို သာသနာရေးဆိုင်ရာ ကိစ္စများတွင်သာ အများဆုံးတွေ့ရှိရသည်။

ရှေးဟောင်းသုတေသနဌာန၏ တူးဖော်မှုမှ ပျူခေတ်ဆိုင်ရာ ပျူဂီတတူရိယာနှင့် ကခြေသည်ကြေးရုပ်၊ သံနှင့်ကြေးနီကြေးဝါ လက်နက်ကိရိယာများကို တွေ့ရှိခဲ့သည်။ ပုဂံခေတ်တွင်မူ စေတီပုထိုးများကိုထီးတင်ရန် ကြေးထီးထုတ်လုပ်ကြောင်း ကျောက်စာများတွင် တွေ့ရသည်။ ကြေးထည်ပစ္စည်းများအဖြစ် ကြေးဆင်းတုတော်များ၊ ကြေးကြာဖူးများ၊ အုတ်ခွက်ဘုရားပုံစံများကိုလည်း တွေ့ရှိရသည်။ ပုဂံခေတ်မှစ၍ မြန်မာမင်းများ အုပ်ချုပ်သောခေတ်ကုန်ဆုံးသည့်တိုင်အောင် မင်းပရိသတ်နှင့်တကွ ပြည်သူတို့ တည်ထားကိုးကွယ်သော စေတီပုထိုးများတွင် တင်လှူရန် ထီးတော်များကို ပန်းတဉ်းဆရာအကျော်အမော်များက ထုတ်လုပ်ပေးခဲ့သည်။ ပန်းတဉ်းလုပ်ငန်းသည် ယခုတိုင် မတိမ်ကောသဲ ရှင်သန်နေသေးသည့် သမားရိုးကျ လက်မှုလုပ်ငန်းဖြစ်သည်။

ပန်းတဉ်းလက်မှုလုပ်ငန်းမှ ထုတ်လုပ်ပေးသော သာသနိကပစ္စည်းများထဲတွင် ကြေးစည်၊ ဆည်းလည်း၊ ခေါင်းလောင်းကြီးငယ်များနှင့် ကြေးရုပ်ပွားဆင်းတုတော်များ ပါဝင်သည်။ သရေခေတ္တရာမြို့ဟောင်း၏ နောက်ဆုံး တူးဖော်ကွက်မှ ပျူခေတ်လက်ရာဟု ခန့်မှန်းရသော ကြေးခေါင်းလောင်း တစ်လုံးကို ရရှိခဲ့သည်။ တရုတ်မှတ်တမ်းတစ်ခုဖြစ်သော တန်ရာဇဝင်သစ်က ပျူဘုရင့်နန်းတော်၌ ရွှေခေါင်းလောင်းတစ်လုံး၊ ငွေခေါင်းလောင်းတစ်လုံးရှိသည်ဟု ဆိုရာ ပျူခေတ်ကတည်းက ခေါင်းလောင်းကို သွန်းလုပ်တတ်ကြပြီဟု ဆိုရမည်ဖြစ်သည်။ ပျူခေတ်ခေါင်းလောင်းများက အရွယ်အစား သေးငယ်သော်လည်း ပုဂံခေတ်တွင်မူ ခေါင်းလောင်းအရွယ်အစားနှင့် အလေးချိန်က ကြီးမားလာသည်။ မင်းမတ်ညာဏဗိစည်းကျောက်စာတွင် လှူဒါန်းသော ခေါင်းလောင်းနှင့်ထီး အကြောင်းကို ခေါင်းလောင်း ကြေးပိဿာ ၁၀၆ ပိဿာခွဲ၊ ကူထွက်ကား ကြေး ၅၅ ပိဿာခွဲသွန်း၏ဟု ဖော်ပြထားသည်။

ကျန်စစ်သားမင်းလက်ထက်က ကြေးစင်တစ်ထောင်စီဖြင့် ခေါင်းလောင်း ငါးလုံး သွန်းလုပ်၍ ရွှေစည်းခုံဘုရားတွင် သုံးလုံး၊ အာနန္ဒာဘုရားတွင်တစ်လုံး၊ မင်းအိုချမ်းသာဘုရားတွင် တစ်လုံး လှူဒါန်းခဲ့သည်။ အလောင်းစည်သူမင်းကလည်း ကြေးစင်တုလာ တစ်သောင်း (ပိဿာချိန်ငါးသောင်း)စီရှိသော ခေါင်းလောင်းကြီးနှစ်လုံးကို သဗ္ဗညုဘုရား နှင့် ရွှေကူဘုရားတို့တွင် တင်လှူခဲ့သည်ဟု ရာဇဝင်ကျမ်းများက ဖော်ပြကြသည်။

မြန်မာနိုင်ငံအနှံ့ရှိ ဘုရားစေတီပုထိုးများနှင့် ကျောင်းများအနီး၌ ခေါင်းလောင်းကြီးငယ်များကို တွေ့မြင် နိုင်ကြသည်။ များသောအားဖြင့် ကုန်းဘောင်ခေတ်လက်ရာနှင့် နောက်ပိုင်းခေတ်လက်ရာများ ဖြစ်ကြသည်။ ဓမ္မစေတီမင်း (၁၄၇၂–၁၄၉၂)သည် ကြေးပိဿာချိန် ၁၈၀၀၀၀ ရှိပြီး အဝရှစ်တောင်၊ စောက်တစ်ဆယ့်နှစ်တောင် ရှိသော ခေါင်းလောင်းကြီးနှင့်တကွ ကြေးပိဿာချိန် ငါးရာစီးသော ခေါင်းလောင်းငယ်ကို ရွှေတိဂုံဘုရားတွင် လှူဒါန်းခဲ့သည်။ ၁၆၁၂ ခုနှစ်တွင် သန်လျင်၌ကြီးစိုးနေသော ဇေင်ကာက သန်လျင်သို့ သယ်ယူရာ ဒေါပုံမြစ်တွင်ကျ၍ ခေါင်းလောင်းကြီး နစ်မြုပ်သွားခဲ့သည်။

ကုန်းဘောင်ခေတ်က ရာဇဝင်စာတင်ရသည့် အထင်ကရခေါင်းလောင်းကြီး သုံးလုံးရှိခဲ့သည်။ ခေါင်းလောင်းများ၏ အလေးချိန်နှင့် ထုထည်ပမာဏကို ထောက်ရှု၍ ကုန်းဘောင်ခေတ် ပန်းတဉ်းဆရာတို့၏ ကြေးသွန်းအတတ်ပညာစွမ်းရည်ကို ခန့်မှန်းနိုင်သည်။

ယခုတိုင် ရွှေတိဂုံကုန်းတော်ပေါ်တွင်ရှိသော စဥ့်ကူးမင်းခေါင်းလောင်း (မဟာဃဏ္ဍာ) ကို ကြေးပိဿာချိန် ၁၅၅၅၅ ဖြင့် သွန်းလုပ်ထားသည်။ အချင်း ငါးတောင်၊ အရပ် ခုနစ်တောင် နှစ်မိုက်၊ လုံးပတ် ၁၅ တောင်၊ ထု နှစ်မိုက် လက်ငါးသစ်ရှိပြီး၊ ၁၇၇၈ ခုနှစ်က တင်လှူခဲ့သော ခေါင်းလောင်းဖြစ်သည်။ မဟာဃဏ္ဍာခေါင်းလောင်းကြီးကို ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့က သယ်ယူသွားကြရာ ရန်ကုန်မြစ်အတွင်း ကျသွားခဲ့သည်။ အင်္ဂလိပ်တို့က နည်းအမျိုးမျိုးဖြင့် ဆယ်ယူသော်လည်း မရခဲ့ပေ။ နောက်ပိုင်းတွင် မြန်မာတို့ကို ဆယ်ယူခွင့်ပြုသဖြင့် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ပြည်သူတို့ ဝိုင်းဝန်းဆယ်ယူကာ ၁၈၂၆ ခုနှစ်တွင် ကုန်းတော်ပေါ်သို့ ပြန်လည် တင်ပို့လှူဒါန်းခဲ့ကြသည်။

မင်းကွန်းပုထိုးတော်ကြီးရှိ မင်းကွန်းခေါင်းလောင်းကြီးကို ဗဒုံမင်းလက်ထက် ၁၈၁၁ ခုနှစ်က လှူဒါန်းခဲ့ရာ အလေးချိန် ကြေးပိဿာ ၅၅၅၅၅ ရှိပြီး သုံးနှစ်ကြာမျှ သွန်းလုပ်ခဲ့ရသည်။ မြန်မာ့အထောက်အထားများအရ ခေါင်းလောင်းကြီး၏ အဝအချင်းသည် ၃၁ တောင် ၄ သစ်၊ လုံးပတ် ၃၃ တောင် ၁ မိုက် ၄ သစ်၊ စောက် ၁၃ တောင် ၁ မိုက် ၄ သစ် ရှိသည်။ တန်ချိန်အားဖြင့် ၉၀ ဒသမ ၅၂ တန်ရှိသည်။ အင်္ဂလိပ်တို့၏ မှတ်တမ်းမှတ်ရာများတွင် တွေ့ရသော အတိုင်းအတာနှင့် အလေးချိန်အရ တန်ချိန် ၈၀ ခန့်ရှိသည်ဟုဆိုသည်။

တတိယမြောက် ခေါင်းလောင်းကြီးကမူ သာယာဝတီမင်း၏ မဟာတိသဒ္ဒဃဏ္ဍာ ခေါင်းလောင်းကြီးဖြစ်သည်။ အရပ် ၉ တောင် ၁ မိုက် ၃ သစ်၊ အနားလုံးပတ် ၁၅ တောင်၊ ခါးစည်းလုံးပတ် ၁၃ တောင် ၁ မိုက် ၄ သစ်၊ အဝအချင်း ၅ တောင်၊ ထု ၂ မိုက် ၄ သစ် ရှိသည်။ ကြေးပိဿာချိန် ၂၅၉၄၀ နှင့် ၄၉ ကျပ်သား (တန် ၄၀ နီးပါးခန့်)ဖြင့် သွန်းလုပ်ပြီး ရွှေတိဂုံကုန်းတော်ပေါ်၌ ၁၈၄၃ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်က တင်လှူခဲ့သော ခေါင်းလောင်းဖြစ်သည်။

မြန်မာ့ပန်းတဉ်း လက်မှုပညာသည်တို့က ဗုဒ္ဓရုပ်ပွားတော် ကြေးဆင်းတုကြီးငယ်များကိုလည်း သွန်းလုပ်ခဲ့ကြသည်။ ခေါင်းလောင်းကြီးများနှင့် ကြေးရုပ်ပွားဆင်းတုတော်ကြီးများကို မြေပုံကိုင်၍လုပ်သည်။ ကုန်းဘောင်ခေတ်လယ် စစ်ကိုင်းမင်းလက်ထက် ၁၈၂၄ ခုနှစ်တွင် မဟာသကျသီဟ ရုပ်ပွားတော်ကို သွန်းလုပ်စဉ်က ပထမဦးစွာ မြေပုံ ဖယောင်းပုံများထုတ်သည်။ ထို့နောက် ကြေးနီ၊ သံ၊ သလွှဲ၊ ကြေးစင်ပိဿာ ၁၆၀၀၀၊ ငွေအသပြာ ၁၀၀၀၀၊ ရွှေအသပြာ ၁၀၀၀ စုစုပေါင်း ပဉ္စလောဟာနှင့် ရွှေထည်ငွေထည်များကို ပန်းတဉ်းဝန်၊ ပန်းတဉ်းအစုအမှုထမ်းတို့က ကြီးကြပ်၍ ဖိုတစ်ထောင်ဖြင့် တစ်ပြိုင်နက်ကျိုကာ သွန်းလုပ်ခဲ့ကြသည်။ ရုပ်ပွားတော်ကြီးမှာ ဉာဏ်တော် ၉ တောင် ၂ မိုက်၊ ထက်ဝက် အချင်းပမာဏ ၇ တောင် ၁ မိုက် ၄ သစ်၊ စမ္မခဏ် နေရာတော် အချင်း ၈ တောင် ၁ မိုက် ၄ သစ်၊ အမြင့် ၂ မိုက် ၄ သစ်၊ မောင်းတော်လုံးပတ် ၃ တောင် ၂ မိုက် ၄ သစ် ရှိသည်။

မြန်မာ့ပန်းတဉ်းလက်မှုလုပ်ငန်းတွင် ကြေးကို ပိုင်နိုင်စွာ ကျိုနိုင် သွန်းနိုင်ကြသည်။ ကြေးနှင့်သံ၊ ရွှေငွေစသည့် အခြားသတ္တုများကိုပါ ရောစပ်သွန်းလုပ်နိုင်ကြသည်။ ထိုမျှ ထုထည်ကြီးမားလှသော ပစ္စည်းများကို ပြုလုပ်ရန်အတွက် အရည်ကျိုသည့်လုပ်ငန်းကို သမားရိုးကျ ဖိုများဖြင့်ပင် လုပ်ဆောင်ခဲ့ကြသည်။

စာမျက်နှာ ၂၀ သို့

> " မြန်မာတို့သည် ဓား၊လှံ၊စူး၊ဆောက်စသော သံထည်ပစ္စည်းများကို ထုတ်လုပ်သည့်အပြင် သံရည်ကျို လုပ်ငန်းကိုလည်း လုပ်ဆောင်နိုင်ကြသည်ဟု ဆိုရမည်ဖြစ်သည်။ ၁၆၅၀ ပြည့်နှစ်တွင် ရေးထိုးသော ရာဇာမဏိစူဠာ ကျောက်စာတွင် မိန်ညိုကြဲသေး သံချပ်တန်ဆာဟု တွေ့ရှိရသည်။ ကြဲသေးသည် အကြေးကွက်များကဲ့သို့ သံလွှာငယ် အထပ်ထပ်ဖြင့် ပြုလုပ်ထားသော စစ်သုံး သံကိုယ်ချပ်အင်္ကျီဖြစ်မည်ဟုဆိုသည်။ စစ်သူကြီး မဟာဗန္ဓုလ၏ သံချပ်အင်္ကျီကို လန်ဒန်ပြတိုက်တွင် တွေ့မြင်နိုင်သည်။"

# မြသလွန်ခြေရင်းရှိ ဧရာဝတီမြစ်ရေစီးကြောင်း ပိတ်သွားသဖြင့် မြစ်ရေတင်လုပ်ငန်းအတွက် အခက်အခဲဖြစ်ပေါ်

**မကွေး မတ် ၁၈**

မကွေးမြို့ မြသလွန်စေတီတော် ခြေရင်းရှိ ဧရာဝတီမြစ်ရေစီးကြောင်းမှာ သောင်ထွန်းပြီး ပိတ်သွားသဖြင့် စည်ပင်သာယာရေးအဖွဲ့က စီမံလုပ်ကိုင်နေသည့် မြစ်ရေတင်လုပ်ငန်းမှ ပြည်သူများထံသို့ သောက်သုံးရေဖြန့်ဝေရန် အခက်အခဲဖြစ်ပေါ်နေကြောင်း မကွေး စည်ပင်တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

မြစ်ရေတင်လုပ်ငန်းမှ မကွေးမြို့ ဆုံရပ်၊ မြို့ဟောင်းနှင့် မြို့မအိုးဘို ရပ်ကွက်များရှိ အိမ်ခြေ ၃၀၀ ကျော်သို့ သောက်သုံးရေဖြန့်ဝေပေးနေပြီး ရေစီးကြောင်း၌ သောင်ပိတ်သွားသဖြင့် လုပ်ငန်းခွင်နေရာ၌ ရေစီးဆင်းခြင်းမရှိ (ရေသေ)ဖြစ်ကာ သန့်ရှင်းမှုအားနည်းချက်ကြောင့် ရေဆက်လက်ဖြန့်ဝေရန် အခက်အခဲဖြစ်လာခြင်းဖြစ်ကြောင်း သိရသည်။

"မြသလွန်အခြေက ရေစီးကြောင်းနဲ့ အလယ်ကကျွန်းနဲ့ တစ်ဆက်တည်းဖြစ်သွားပြီ။ ရေပေးဝေဖို့ အခက်အခဲဖြစ်သွားတာကြောင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို အကူအညီတောင်းပါတယ်။ သူတို့လာကြည့်တယ်။ သောင်တူးလို့ရှိရင် အလျား နှစ်မိုင်လောက်တူးရမယ်။ ကျပ်ဘီလျံနဲ့ချီပြီး ကုန်မယ်လို့ပြောတယ်။ နှစ်တိုင်း သောင်ထွန်းလို့ တူးနေရရင် မလွယ်ကူနိုင်တာကြောင့် စက်ရေတွင်းတူးဖို့ စီစဉ်နေပါတယ်"ဟု မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး ဦးအောင်မျိုးသိန်းက ပြောသည်။

ဧရာဝတီမြစ်ကမ်းခြေရှိ မြစ်ရေတင် စက်ရုံဝင်းအတွင်း၌ စက်ရေတွင်းတူးရန် မြေအောက်ရေအခြေအနေ စစ်ဆေးခြင်း၊ ခန့်မှန်းကုန်ကျမှု တွက်ချက်ခြင်းများကို စည်ပင်သာယာရေးအဖွဲ့က လုပ်ဆောင်နေပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း သောင်တူးလျှင် ကုန်ကျမည့်စရိတ်ကို တွက်ချက်နေကြောင်း၊ ဌာနနှစ်ခု၏ တွက်ချက်မှုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြပြီး ညွှန်ကြားချက်အတိုင်း ဆက်လုပ်သွားမည်ဖြစ်ကြောင်း ဦးအောင်မျိုးသိန်းက ပြောသည်။

သောင်ပိတ်သည့်ဖြစ်စဉ်မှာ ယခုနှစ်မှ စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်ကို ဖြေရှင်းရန် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေ၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးသူရိန်ထွန်း၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် စည်ပင်ကော်မတီ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**ဇေယျာတု (မကွေး)**

---

**စာမျက်နှာ ၁၉ မှ**

ကြေသွန်းပန်းတဉ်းလုပ်ငန်းသည် မြန်မာ့သမားရိုးကျ လက်မှုလုပ်ငန်းကြီး တစ်ရပ်ဖြစ်သော်လည်း ထုတ်လုပ်သော ကုန်ပစ္စည်းများကမူ ကြေးစည်၊ ဆည်းလည်း၊ ခေါင်းလောင်း၊ ဆင်းတုတော်များစသော သာသနိကပစ္စည်း၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာရေးပစ္စည်းများသာလျှင် ဖြစ်ကြသည်။ တိုက်ရိုက်လူသုံးကုန်ထုတ်လုပ်ခြင်း မဟုတ်ဟု ဆိုရမည်ဖြစ်သည်။ သို့ရာတွင် မြန်မာတို့က မိမိ၏ စီးပွားဖက်ဖြစ်သော အိမ်မွေးတိရစ္ဆာန် ဆင်၊ ကျွဲ၊ နွား စသည်တို့ကို ခလောက်များနှင့် ချူကလေးများဆွဲပေးသော အလေ့အထရှိသည်။ ခလောက်ကို သစ်သားဖြင့်သာ အများဆုံးပြုလုပ်ကြသော်လည်း သတ္တု ခလောက်များလည်း ရှိခဲ့သည်။ ချူများကိုမူ ကြေးဝါဖြင့် ပြုလုပ်ကြပြီး လှည်းယဉ်ဆွဲသော နွားများကို ချူဆွဲပေးခြင်းဖြင့် တန်ဆာဆင်ကြသည်။ ထို့ကြောင့်ပင် ကြေးသွန်းပန်းတဉ်း လက်မှုလုပ်ငန်းသည် အလှအပအဆင်တန်ဆာ ချူကလေးများမှသည် ခေါင်းလောင်းကြီးငယ်နှင့် ဆင်းတုတော်ကြီးငယ်များအထိ ထုတ်လုပ်သော လက်မှုလုပ်ငန်းဟု ဆိုနိုင်သည်။

### မြန်မာ့ပုရပိုက်

မြန်မာတို့သည် စာပေရေးသားမှု တတ်မြောက်ပေါ်ထွန်းလာချိန်မှစ၍ ကျောက်ထက်အက္ခရာနှင့် ပေထက် အက္ခရာ တင်ခဲ့ကြသည်။ ပုရပိုက်များကိုလည်း အသုံးပြုခဲ့ကြရာ ပုရပိုက်မှာ မြန်မာတို့၏ လက်လုပ်စက္ကူဖြစ်သည်။

ပုရပိုက်တွင် အဖြူနှင့်အနက်ဟူ၍ရှိရာ ပုရပိုက်အနက်တွင် ထုတ်လုပ်ပုံနှင့် အသုံးပြုသည့်ကုန်ကြမ်းကို လိုက်၍လေးမျိုးရှိသည်။ ပထမအမျိုးအစားဖြစ်သော ရှမ်းပုရပိုက်မှာ ရှမ်းစက္ကူဖြင့်ပြုလုပ်ထားသော ပုရပိုက် ဖြစ်သည်။ အကြမ်းစားစက္ကူ ဖြစ်သော်လည်း တာရှည်ခံသည်။ ဒုတိယအမျိုးအစားမှာ သရက်ချဉ်ပုရပိုက်ဖြစ်ပြီး ပုရပိုက်ပြုလုပ်သော သစ်ပင်၏အမည်ကိုစွဲ၍ ခေါ်တွင်ခြင်းဖြစ်သည်။ သရက်ချဉ်ပင်မှ ပုရပိုက် သို့မဟုတ် စက္ကူ ထုတ်လုပ်ထားကြောင်း သိသာသည်။ တတိယအမျိုးအစားက ဝါးဖြင့်ပြုလုပ်သော ဝါးလျှာထိုးပုရပိုက်ဖြစ်ပြီး ဝါးရိုးရိုးဖြင့် ပြုလုပ်သည်ထက် ပို၍ခိုင်ခံ့ကာ ချောမွေ့သည်။ စတုတ္ထအမျိုးအစားမှာ ဝါးရိုးရိုးပုရပိုက် ဖြစ်သည်။ မျက်နှာပြင်ကြမ်းသဖြင့် လက်ခံစာကြမ်းများရေးရာ၌သာ အသုံးပြုခဲ့ကြသော်လည်း မြန်မာတို့က ဝါးဖြင့်လည်း စက္ကူ ပြုလုပ်တတ်ခဲ့ကြောင်းကို သိရှိနိုင်သည်။

ပုရပိုက်ဖြူကို မိုင်းကိုင်စက္ကူဖြင့် ပြုလုပ်သည်။ ရှမ်းပြည် မိုင်းကိုင်နယ်ရှိ ကွန်နားရွာ၊ ကွန်ကျိုင်းရွာ၊ တောင်ပိုင်း ဝနယ်၏မြို့တော်ဖြစ်သော မိုင်းကာအိုနှင့် သီပေါနယ်တို့တွင် ထုတ်လုပ်ပြီး မိုင်းကိုင်စက္ကူဟု ခေါ်တွင်သည်။ ရှမ်းအမျိုးသမီးများ၏ သမားရိုးကျ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ရပ် ဖြစ်သည်။

မိုင်းကိုင်စက္ကူကို သာလဲပင်မှ ထုတ်လုပ်သည်။ ရှမ်းပြည်နယ်တစ်ခွင်နှင့် တောင်ပိုင်း ဝနယ်ဒေသများတွင် အလေ့ကျပေါက်သော အပင်ဖြစ်သည်။ မြန်မာမင်းများ လက်ထက်က အထူးသဖြင့် ကုန်းဘောင်ခေတ်က သာလဲပင်၏ အခေါက်မှ နိုင်ငံတော်သုံး စက္ကူများကို ထုတ်လုပ်ခဲ့သည်။

မိုင်းကိုင်စက္ကူကို စာရေးရန်သာမက လွယ်အိတ်များ၊ ခမောက်များအဖြစ်ပါ ပြုလုပ်သုံးစွဲခဲ့ကြသည်။ ဆီ၊ သစ်စေးတို့သုတ်ကာ ထီးများအဖြစ်ပင် ပြုလုပ်သုံးစွဲခဲ့ကြသည်။ မိုင်းကိုင်စက္ကူလုပ်ငန်းသည် မိုင်းကိုင်နယ်၏ စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး၊ ယနေ့ထိတိုင် ရှင်သန်နေသေးသော အိမ်တွင်းလက်မှု လုပ်ငန်း ဖြစ်သည်။ မိုင်းကိုင်စက္ကူသည် သီပေါမင်းလက်ထက်က ရှမ်းပြည်မြို့ရွာများမှ နေပြည်တော်သို့ ပို့ဆောင်ရောင်းဝယ်သော ကုန်ပစ္စည်းများထဲတွင် အဓိကပစ္စည်းတစ်ခုအဖြစ် ပါဝင်သည်။ စက္ကူချပ်ရေ တစ်ထောင်လျှင် သုံးကျပ်နှုန်းဖြင့် တစ်နှစ်လျှင် စက္ကူချပ်ရေ ကိုးသန်းကျော်ရောင်းချရသည်။ ကောက်စ်၏မှတ်တမ်းအရ ပြည်မြို့တွင်လည်း စက္ကူလုပ်ငန်းရှိခဲ့သည်ဟု သိရှိရသည်။ မိုင်းကိုင်စက္ကူလုပ်ငန်းသည် အရေးပါသော မြန်မာ့အိမ်တွင်းလက်မှုလုပ်ငန်း တစ်နည်းဆိုရသော် ရှေးမြန်မာ့စက္ကူလုပ်ငန်းဖြစ်ပေသည်။ ။

---

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်မြင့်မြင့်ကြည် | ၁၂/ကမတ(နိုင်)၀၂၅၂၃၉ | ၉၇၃/က၊ ချမ်းမြသာစည်လမ်း၊ ၅၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၆ | ၉၇၃/က | ဦးမျိုးဝင်း |
| ၂ | ဦးမွန်အောင်ကြည် | ၁၂/ကမန(နိုင်)၀၃၈၀၁၁ | ၃၄၄/က၊ ဦးထွန်းမြင့်လမ်း၊ ၂၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂၉ | ၃၄၄ | ဦးမြဝင်း |
| ၃ | ဒေါ်ချယ်ရီ | ၁၂/ဒဂတ(နိုင်)၀၉၅၃၀၆ | ၈၉/က၊ မြသီတာလမ်းနှင့်ခရေလမ်းထောင့်၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁၉/က | ၈၉/က | ဒေါ်ခင်ထွေး |
| ၄ | ဦးပြည်မိုးအောင် | ၁၂/အစန(နိုင်)၁၁၄၂၇၇ | ၁၀၁၉၊ ဗိုလ်ထွန်းလင်းလမ်း၊ ၄၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၆ | ၁၀၁၉ | ဒေါ်နီနီ |
| ၅ | ဦးအေးလွင် | ၁၂/ဥကမ(နိုင်)၀၄၀၆၅၂ | ၂၉၆၊ ဗိုလ်ချုပ်လမ်း၊ ဝေဘာဂီရပ်ကွက်၊ မြောက်ဥက္ကလာပ | ၂/ဝေဘာဂီ | ၂၉၆ | ဒေါ်စန်းစန်းမြင့်၊ ဦးမောင်ပွား |
| ၆ | ဦးရဲထွဋ်ခေါင် | ၁၂/ဥကမ(နိုင်)၀၀၂၅၉၀ | ၉၀၆၊ ဦးပုညလမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၁၆/ရွှေပေါက်ကံ | ၉၀၆ | ဗက-ထွန်းဝေ |
| ၇ | ဦးကိုကိုဇင် | ၉/မထလ(နိုင်)၂၂၀၀၂၉ | ၁၇၅၊ အလောင်းဘုရားလမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၁၆/ရွှေပေါက်ကံ | ၁၇၅ | ဦးမောင်ကြည် |
| ၈ | ဦးမြတ်သီဟထွေး | ၁၂/ဒဂမ(နိုင်)၀၁၃၆၃၈ | ၈၆၉၊ ဗိုလ်ဂါမဏိလမ်း၊ ၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၁ | ၈၆၉ | ဒေါ်ထွေးကြည် |
| ၉ | ဦးတင်ထွန်း | ၉/ပမန(နိုင်)၀၈၃၆၇၀ | ၂၊ ဒေါ်လှခင်လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၂/သမိုင်း | ၁၃/က-၄-B | ဦးသော်+ဒေါ်လှခင် |
| ၁၀ | ဒေါ်သင်းသင်းမျိုး | ၇/မလန(နိုင်)၀၆၅၆၆၄ | ၄၄၁၊ ဗိုလ်မှူးဗထူးလမ်းနှင့်မေယု(၄)လမ်းထောင့်၊ ၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၆ | ၄၄၁ | ဒေါ်မြင့်မြင့်ငွေ |
| ၁၁ | ဒေါ်မေနှင်းခိုင် | ၁၂/ရကန(နိုင်)၀၇၃၉၉၀ | ၈၂/ခ၊ ကုန်းဘောင်လမ်း၊ ၁၁၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁၁၇ | ၈၂ | ဒေါ်မြတ်မွန် |
| ၁၂ | ဒေါ်နှင်းလဲ့ရည်မောင် | ၇/ရကန(နိုင်)၀၆၅၀၄၇ | ၈၃၀/ခ၊ ရွှေဖဟိုပတ်လမ်း၊ ၁-ရပ်ကွက်၊ ရွှေပြည်သာ | ၃၆ | ၈၃၀/က+ခ | ဦးဇော်ဇော်လင်း |
| ၁၃ | ဒေါ်သင်းသီရိ | ၁၂/မဂတ(နိုင်)၁၀၃၆၉၃ | ၆/က၊ ပင်းယလမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၁၂/ရွှေပေါက်ကံ | ၆ | ဦးသုခ |
| ၁၄ | ဦးထွန်းနိုင် | ၁၂/ဒပန(နိုင်)၀၅၇၇၆၀ | ၆၉၊ ယုဇန(၁)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံ | ၂/နွယ်အေး | ဂ/၂၄ | ဦးတင်မောင်၊ ဦးကံမြင့် |
| ၁၅ | ဦးစန်းမြိုင် | ၇/ပတတ(နိုင်)၀၄၇၀၃၂ | ၂၁၆၊ ယမုံနာ(၂)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံ | ၁၁/ယမုံနာ ၂ | ၂၁၆ | ဒေါ်စောရီအမား |
| ၁၆ | ဦးကျော်လင်း | ၁၂/မရက(နိုင်)၀၅၃၃၄၃ | ၉၆/က၊ မဟာဘောဂလမ်း၊ ၈-ရပ်ကွက်၊ မရမ်းကုန်း | ၁၃/ကံဘဲ့ | ၇/ပ-၃ | မသိန်းတင် |
| ၁၇ | ဒေါ်သန်းသန်းငွေ | ၇/ပတန(နိုင်)၀၈၅၁၄၀ | ၉၆/ခ၊ မဟာဘောဂလမ်း၊ ၈-ရပ်ကွက်၊ မရမ်းကုန်း | ၁၃/ကံဘဲ့ | ၇/ပ-၃ | မသိန်းတင် |
| ၁၈ | ဒေါ်မြင့်မြင့်ဦး | ၁၂/မဂတ(နိုင်)၀၂၃၁၆၂ | ၈၁၅၊ ကန်သာယာလမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၄ | ၈၁၅ | ဦးတင်ဦး |
| ၁၉ | ဦးသုခရှိန် | ၁၂/ဒဂမ(နိုင်)၀၂၅၂၈၀ | ၁၂၈၀/ခ၊ အေးရိပ်သာ(၅)လမ်း၊ ၄၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၃ | ၁၂၈၀ | ဒေါ်မူမူလွင် |
| ၂၀ | ဦးအုန်းမြိုင် | ၁၂/ဗဟန(နိုင်)၀၄၃၆၅၄ | ၁၂၃၀/ခ၊ ဗိုလ်ချုပ်လမ်း၊ ၃၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၇ | ၁၂၃၀ | ဦးအောင် |
| ၂၁ | ဒေါ်စန္ဒာအောင် | ၁၂/ဥကတ(နိုင်)၁၇၉၄၃၅ | ၅၃၀၊ ပုလဲရတနာလမ်းနှင့်ကျွန်းရွှေမြိုင်လမ်းထောင့်၊ ၁၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁၈ | ၅၃၀ | နော်နိုက်တင်ဧး |

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်ညိုတင် | ၇/ဖမန(နိုင်)၀၂၅၄၄၀ | ၉၀၄/ခ၊ ဓမ္မာသီရိ(၆)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်သာယာ | ၁၃ | ၉၀၄/ခ | ဦးစိုးမြင့် |
| ၂ | ဒေါ်ငြိမ်းငြိမ်းအိ | ၁၂/ကမရ(နိုင်)၀၆၄၇၀၂ | ၁၇၇/ခ၊ တေးဥယျာဉ်(၂)လမ်း၊ ၇-ရပ်ကွက်၊ လှိုင်သာယာ | သကတ-၁ | ၁၇၇/ခ | ဦးစိုးမြင့်နိုင် |
| ၃ | ဦးကျော်ဇေ | ၁၂/တမန(နိုင်)၁၂၅၈၀၇ | ၈၃၁/က၊ ရွှေဖဟိုပတ်လမ်း၊ ၁-ရပ်ကွက်၊ ရွှေပြည်သာ | ၃၆ | ၈၃၁/က+ခ | ဦးဇော်ဇော်လင်း |
| ၄ | ဦးဝင်းလွင် | ၉/မနမ(နိုင်)၀၂၃၄၄၄ | ၆၈/က၊ ဆေးရုံ(၅)လမ်း၊ ကစင်ကျေးရွာအုပ်စု၊ လှိုင်သာယာ | ရလပ-၂၃ | ၆၈ | ဦးရဲဇာနည်စစ်မင်း(ခ)ရဲစစ်မင်း |
| ၅ | ဦးထင်ကျော် | ၁၂/လမန(နိုင်)၀၀၅၅၀၄ | ၃၁/ခ၊ ဗိုလ်အောင်ကျော်လမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်သာယာ | ၉ | ၃၁/ခ | ဦးမြင့်အောင် |
| ၆ | ဦးတင်ဝင်း | ၉/ဝသန(နိုင်)၁၅၅၅၈၂ | ၇၉၂/က၊ ဗညားဒလလမ်း၊ ၁၈-ရပ်ကွက်၊ လှိုင်သာယာ | ၁၆ | ၇၉၂/က | ဦးလှရီ |
| ၇ | ဦးအောင်သိန်းဦး | ၁၂/မရက(နိုင်)၀၇၅၂၁၅ | ၉၅၉/က၊ ရွှေရင်အေးကျောင်းလမ်း၊ ၁၈-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၁၆ | ၉၅၉/က | ဦးကုလား |
| ၈ | ဒေါ်ချောမ | ၈/မကန(နိုင်)၁၃၄၂၅၃ | ၅၃၄/က၊ ရှင်သိဒတ်(၉)လမ်း၊ ၇-ရပ်ကွက်၊ တောင်ဥက္ကလာပ | ၇ | ၅၃၄ | ဒေါ်အုံးတင် |
| ၉ | ဦးဆန်းဦး | ၁၂/လမန(နိုင်)၀၆၅၄၃၇ | ၅၃၂/ခ၊ ပတ္တမြားရတနာ(၂)လမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၅ | ၅၃၂/ခ | ဦးတင်ထွန်း |
| ၁၀ | ဦးစိုးမင်းအောင် | ၁၁/သတန(နိုင်)၀၅၉၂၅၁ | ၄၀/ခ၊ ဗိုလ်အောင်ကျော်လမ်း၊ ၈-ရပ်ကွက်၊ ရွှေပြည်သာ | ၅ | ၄၀/ခ | ဦးသန်းထွန်း |
| ၁၁ | ဒေါ်မြင့်မြင့်နိုင် | ၁၂/သဃက(နိုင်)၁၇၂၃၃၉ | ၂၊ ဗန္ဓုလလမ်း၊ ဦးစံဖေရပ်ကွက်၊ သင်္ဃန်းကျွန်း | ၂၇/ခ | ၈၈ | ဦးသန့်ဇင် |
| ၁၂ | ဒေါ်မေဇင်ဖြိုး | ၁၂/ဥကတ(နိုင်)၁၆၅၃၅၈ | ၁၈၆/ခ၊ ပဒုမ္မာလမ်း၊ ကျောင်းကုန်းကျေးရွာအုပ်စု၊ ရွှေပြည်သာ | န/၅၄ | ၁၈၆ | ဦးကျော်နိုင်ထွန်း |
| ၁၃ | ဒေါ်မူယာရဲတင့် | ၁၂/စခန(နိုင်)၀၄၂၆၉၁ | ၉၀၊ နဝရတ်လမ်း၊ ၇-ရပ်ကွက်၊ ရွှေပြည်သာ | ၁၀ | ၉၀ | ဦးကျော်သိန်းအောင် |
| ၁၄ | ဒေါ်ဖြူဖြူသင်း | ၁၂/ရပသ(နိုင်)၀၀၇၇၂၁ | ၁၉၈/ခ၊ သီရိမင်္ဂလာပတ်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ | ၂၃ | ၁၉၈/ခ | ဦးတင်ငြိမ်း |
| ၁၅ | ဒေါ်ခင်ငွေးရီ | ၁၂/မဂတ(နိုင်)၀၉၀၄၇၁ | ၅၃၄/က၊ ဝရုဏာလမ်း၊ ၉-ရပ်ကွက်၊ ရွှေပြည်သာ | ၂ | ၅၃၄/က | ဦးတင်လှ |
| ၁၆ | ဒေါ်မရီနာမူး | ၁၂/လမတ(နိုင်)၀၃၃၆၆၉ | ၁၈၅၊ နေကြာလမ်း၊ ၄-ရပ်ကွက်၊ ရွှေပြည်သာ | ၁၃ | ၁၈၅ | ဦးကျာမှူး |
| ၁၇ | ဒေါ်တင်တင်ခိုင် | ၁၂/ရပသ(နိုင်)၀၄၂၆၆၁ | ၈၀၅/က၊ ဗန္ဓုလလမ်း၊ ၁၄-ရပ်ကွက်၊ ရွှေပြည်သာ | ၄၀ | ၈၀၅/က | ဒေါ်သန်းရီ |
| ၁၈ | ဒေါ်ခင်ညို | ၁၄/ဘကလ(နိုင်)၁၁၀၆၆၆ | ၁၄၆၇/ခ၊ ကောက်စော(၂)လမ်း၊ ၁၄-ရပ်ကွက်၊ ရွှေပြည်သာ | ၄၀ | ၁၄၆၇/ခ | ဒေါ်တင်ရီ |
| ၁၉ | ဒေါ်လွင်လွင်စိုး | ၁၄/မအန(နိုင်)၁၄၅၉၅၁ | ၁၁၃၁/ခ၊ အောင်ဇေယျ(၁၂)လမ်း၊ ၁၅-ရပ်ကွက်၊ ရွှေပြည်သာ | တ-၄၁ | ၁၁၃၁/ခ | ဦးညွန့်မောင် |
| ၂၀ | ဦးသန်းထိုက်ဦး | ၁၂/ကမတ(နိုင်)၀၈၃၆၁၁ | ၈၀၅/ခ၊ ဗန္ဓုလလမ်း၊ ၁၄-ရပ်ကွက်၊ ရွှေပြည်သာ | ဏ-၄၀ | ၈၀၅/ခ | ဒေါ်အမြင့် |
| ၂၁ | ဦးဟံနိုင် | ၈/နမန(နိုင်)၀၉၈၄၁၈ | ၅၀၆/က၊ ဖိုးရာဇာလမ်း၊ ၇-ရပ်ကွက်၊ လှိုင်သာယာ | သောင်ကြီး-၂ | ၅၀၆/က | ဦးမောင်အေး |

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/9401 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃၃၃-ခ ကွေ့ကြီးအနောက်)၊ ဦးပိုင်အမှတ် (၈၁-ခ) ဧရိယာ (၀ဒသမ၀၇)ဧကရှိမြေအား ဒေါ်စန္ဒာဦးအမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ မြေကွက်အမှတ် ၅/က-၂၊ မြေဧရိယာ ပေ(၃၀x၁၂၀)၊ မြေကွက်တည်နေရာ အမှတ် ၅/က-၂၊ လယ်ယာရိပ်သာ(၁)လမ်း၊ (၁၀/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကြည်အောင် ၁၂/သကတ(နိုင်)၀၆၀၁၅၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြည်အောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်တင်ဥ ၁၂/သကတ(နိုင်)၀၆၀၄၃၄ ထံမှ GP အမှတ် ၂၉၄၆၄/၂၀-၁၁-၂၀၁၉ရသူ ဦးရဲရင့်နိုင်ဦး ၁၂/ဗဟန(နိုင်)၀၉၉၀၀၆မှ ကျမ်းကျိန်လွှာများ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# ၁၀ နှစ်ပြည့်အထိမ်းအမှတ်ဂုဏ်ပြုသဝဏ်လွှာ




**MAX CEMENT ၏ ၁၀နှစ်ပြည့်မှသည်**
**နောင်ရှတ်အဆက်ဆက် အောင်မြင်ကြီးပွားတိုးတက်ပါစေကြောင်း**
**ဆုမွန်ကောင်းတောင်းအပ်ပါသည်။**

**ဦးအောင်မြတ်**
Chairman
Mother Group of Companies

**ဦးမောင်ကျော**
Vice Chairman
Oriental Highway

**ဦးခင်မောင်ဝင်း+ ဒေါ်စိုးမိုးသူ**
Managing Director
ရွှေမေတ္တာကုမ္ပဏီလီမိတက်

**ဒေါ်စိန်စိန်ဦး**
Ever အိမ်ဆောက်ပစ္စည်းဆိုင်

**ဦးသန်းအောင် + ဒေါ်စန်းစန်းမော်**
ဒို့တာဝန်အိမ်ဆောက်ပစ္စည်းဆိုင်

# Invitation for Bids

**MYANMAR**

**MYANMAR SOUTHEAST ASIA DISASTER RISK MANAGEMENT PROJECT**

– **Component 2 – Urban Flood Risk Management**
Loan No./Credit No./ Grant No. : **6080-MM**

Contract Title: **Construction of Interceptors and Relief Drains for PS2 & PS3**
Reference No.: **ICB-01 (Lot 1 and Lot 2)**

The Yangon City Development Committee (YCDC) has received financing from the World Bank toward the cost of the Myanmar Southeast Asia Disaster Risk Management Project, and intends to apply part of the proceeds toward payments under the contracts for **"Construction of Interceptors and Relief Drains for PS2 & PS3 (Lot 1 and Lot 2)".**

Bidders may bid for one or both lots, as further defined in the bidding document. Bidders wishing to offer discounts will be allowed to do so, provided those discounts are included in the Letter of Bid.

The Yangon City Development Committee (YCDC) now invites sealed bids from eligible bidders for implementation of priority works in some of the Yangon City Six (6) Downtown Townships, also known as Central Business District (CBD). The lots contain the following main quantities:

Lot 1:
- Relief Drains (pre-cast): (dimension (h x w): 2,400 x 2,400 mm to 3,600 x 3,600 mm)
  Total length: 1,529 m.
- Interceptors (pre-cast): (dimension (h x w): 3,000 x 3,600 mm to 4,500 x 3,600 mm)
  Total length: 1,571 m.
- In-situ cast Connection and Inspection chambers.
- In-situ cast Dry Weather Flow Interceptor.

Lot 2:
- Relief Drains (pre-cast): (dimension (h x w): 2,400 x 3,000 mm to 3,600 x 3,600 mm)
  Total length: 1,364 m.
- Interceptors (pre-cast): (dimension (h x w): 2,400 x 2,400 mm to 4,500 x 3,600 mm)
  Total length: 1,929 m.
- In-situ cast Connection and Inspection chambers.
- In-situ cast Dry Weather Flow Interceptor.

Implementation period: 730 days (each lot).

Place: Downtown Townships of Yangon City.

A margin of preference will apply.

Financial Capabilities: Construction cash flow requirements of:
Lot 1: US$ 3.6 mill. equivalent
Lot 2: US$ 3.6 mill. equivalent.

Specific Experiences: Contracts of same similarity (physical size, complexity, methods / technology, each of minimum value:

Lot 1: 1 contract of US$ 23.0 mill.
Lot 2: 1 contract of US$ 23.0 mill.

Specialized Sub-contractors are permitted for Pre-cast segments of Interceptors and Relief Drains.

Bidders may bid for any one or both lots. Bid will be evaluated lot-wise, taking into account discounts offered, if any, for combined lots. The contract(s) will be awarded to the Bidder or Bidders offering the lowest evaluated cost to the Employer for combined lots, subject to the selected Bidder(s) meeting the required qualification criteria for lot or combination of lots as the case may be.

Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers , dated January 2011 and revised in July 2014 ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.

Interested eligible bidders may obtain further information from Yangon City Development Committee (YCDC), e-mail of officer in charge: dwmaproject@gmail.com, copy to: edrbproject@gmail.com, and inspect the bidding documents during office hours 9:30 to 16:30 hours at the address given below.

A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the email address below. The bidding documents will be issued through email only.

Bids must be delivered to the address given in the bidding documents on or before **10:00 am (Myanmar time) on May 14, 2020.** Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address given in the bidding documents on 10:00 am (Myanmar time) on May 14, 2020.

All bids must be accompanied by a "Bid Security" of:
Lot 1: US$ 600,000.
Lot 2: US$ 600,000.
The address to request a complete set of the bidding documents is:

Attention: U Kyaw Min Oo (Assistant Director, Drainage and Wastewater Management Authority)
Street Address: New YCDC Office Building, No. (390), Merchant Road, Botahtaung Township
Floor/Room number: 8th Floor, World Bank Project Office
City: Yangon
Country: Myanmar
Telephone: +95 9 43193314
Electronic mail address: dwmaproject@gmail.com, copy to: edrbproject@gmail.com
Web site: www.ycdc.gov.mm

## ဆေးတိုက်အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သတိပေးကြေညာချက်

**ဆေးတိုက်အမှတ်တံဆိပ်**

**''သစ္စာဆေးတိုက်''**

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

မှတ်ပုံတင်စာချုပ်အမှတ် (၃၉/၂၀၂၀)

အထက်ဖော်ပြပါ ဆေးတိုက်အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မြစ်ကြီးနားမြို့နယ်စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ဒေါ်သစ္စာ ၁/မကန(နိုင်)၀၃၉၀၂၃ က မိမိတစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဆေးတိုက်အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ အိမ်အမှတ်(၅/၇၃၁)တွင် ဖွင့်လှစ်ထားသည့်ဆေးတိုက်တွင် ထုတ်လုပ်ဖြန့်ချီရောင်းချလျက်ရှိသော မြန်မာ့ဆေးမျိုးစုံများ ထည့်သွင်းအသုံးပြုသည့် ပုလင်း၊ စက္ကူဘူး၊ စက္ကူအိတ်၊ ကော်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူထုပ် အစရှိသည်တို့အပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ မြစ်ကြီးနားမြို့နှင့် တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ဖြန့်ချီရောင်းချသွားမည့်အပြင် အဆိုပါဆေးတိုက်အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့်ပင် ဆိုင်းဘုတ်၊ ဗီနိုင်းကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ တီဗွီ၊ ဗီဒီယိုကြော်ငြာ၊ မဂ္ဂဇင်းကြော်ငြာနှင့် ဆိုင်တံဆိပ်တုံး၊ ဒီဇိုင်းတံဆိပ်တုံး၊ ငွေရပြေစာ ဖြတ်ပိုင်း၊ Internet Website, E-mail အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဆေးတိုက်အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ သုံးစွဲ၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ အတုအပပြုလုပ်သုံးစွဲကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သစ္စာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်စိုးမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၈၅)**
**အမှတ် (၃၉၆)၊ ရွှေညောင်ပင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၄၃၁၆၄၄၈၃၊ ၀၉-၇၉၃၀၈၇၄၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်အမှတ် (၁၈၆)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား မြေဂရန်အမှုတွဲအမှတ် ၂၁၈-၅/၂၀၀၃-၂၀၀၄(အေ)ဖြင့် ဦးချစ်ဘုန်းမြင့်အမည်ပေါက်ပြီး ၁၀-၇-၂၀၀၃ ရက်တွင် အိမ်မြေကွက်အရောင်းအဝယ်စာချုပ်အမှတ် (၅၀၅၊/၂၀၀၃)ဖြင့် ဒေါ်စောစောမိုးက ဝယ်ယူပိုင်ဆိုင်ထားပြီး ဒေါ်စောစောမိုး၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမောင်စိန်ထံမှ အိမ်မြေကွက်အရောင်းအဝယ်စာချုပ်အမှတ်(၂၈၊/၂၀၂၀)ဖြင့် ဒေါ်ကေသွယ်ဝင်း ၁၃/နမတ(နိုင်)၀၄၇၃၀၂ က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ အမည်ပြောင်းလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/2698 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/8649 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (၁+၇+၈) ကျောက်တောင်)၊ ဦးပိုင်အမှတ်(၆၂၀)၊ ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိမြေအား မြေဂရန်အမှုတွဲအမှတ်၊ ၁၁၈၆-၅/၁၉၉၅-၁၉၉၆(စီ)ဖြင့် ဒေါ်သီတာအေး အမည်ပေါက်ပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမင်းမြတ်ဆွေထံမှ အိမ်မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ် (၅၉၊/၂၀၂၀)ဖြင့် ဒေါ်ခမ်းဆွေ ၁၃/လရန(နိုင်)၀၀၂၀၀၂ က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

**သွေးသည် အသက်**

**ဦးဘညိန်သား-စတုမဓု အစာအာဟာရဆေး**
**ကျော်မှာ**
**ရဟန်းခံ၊ ရှင်ပြု၊ လှူဒါန်းပွဲ အမြဲသုံးကာပါ။**
အမှတ်-၂၈၊မြောက်ဘက်တန်း(အပေါ်ထပ်)ပိုလ်ချုပ်ဈေး၊ရန်ကုန်မြို့ဖုန်း-၀၁-၅၄၉၁၁၆
1010YR003261

## "Care Daily®" ကုန်အမှတ်တံဆိပ်များနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၃ လမ်း၊ ၈၁x၈၂လမ်းကြားနေ ဒေါ်ရွှေဇင်ဦး (ဘ)ဦးရင်လုံ ၁၃/လရန(နိုင်)၁၁၇၇၃၄ ကိုင်ဆောင်သူမှ **Care Daily®** အမည်အမှတ်အသားဖြင့် ကလေးသေးခံအမျိုးမျိုးနှင့် ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ လူကြီးသေးခံအမျိုးမျိုး၊ ဘောင်းဘီကပ်ခွာအမျိုးမျိုး၊ ဆပ်ပြာအဆီအမျိုးမျိုး၊ ပန်းကန်ဆေးဆပ်ပြာအဆီအမျိုးမျိုး၊ အဝတ်လျှော်ဆပ်ပြာဆီအမျိုးမျိုး၊ ဘက်စုံသုံးဆပ်ပြာဆီအမျိုးမျိုး၊ ဆပ်ပြာခရင်(မ်)၊ ဆပ်ပြာအမျိုးမျိုး၊ ဆပ်ပြာမွှေးခဲ၊ ဆပ်ပြာမှုန့်၊ ကားဆေးဆပ်ပြာဆီ၊ အိမ်သာဆေးဆပ်ပြာဆီ၊ ရေချိုးဆပ်ပြာဆီ၊ ရေချိုးဆပ်ပြာခဲ၊ ရေချိုးဆပ်ပြာခရင်(မ်)၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ ခေါင်းလိမ်းဆီအမျိုးမျိုး၊ ဆံပင်လိမ်းဆေးဆီအမျိုးမျိုး၊ ဆံပင်ပေါင်းဆေးဆီအမျိုးမျိုး၊ ဆံပင်ပျော့ဆေးဆီအမျိုးမျိုး၊ ဆံပင်ဆိုးဆေးဆီအမျိုးမျိုး၊ အရောင်ချွတ်ဆပ်ပြာဆီ အမျိုးမျိုးတို့ကို အခဲ၊ အရည်၊ ခရင်(မ်)အမျိုးမျိုး၊ မျက်နှာသစ်ဆပ်ပြာအမျိုးမျိုး၊ ဆပ်ပြာနှင့်ပတ်သက်သည့် အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဆပ်ပြာနှင့်ပတ်သက်သည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ တစ်ရှူးအစိုအမျိုးမျိုး၊ တစ်ရှူးအနုအမျိုးမျိုး၊ တစ်ရှူးဘောက်အမျိုးမျိုး၊ တစ်ရှူးလိပ်အမျိုးမျိုး၊ တစ်ရှူးအိတ်အမျိုးမျိုး၊ အိမ်သာသုံးတစ်ရှူးအမျိုးမျိုး၊ တစ်ရှူးအကြမ်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ တစ်ရှူးနှင့်ပတ်သက်သည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အမျိုးသမီးလစဉ်သုံးပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ရောင်းချရန်အတွက် မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ၁၉-၂-၂၀၂၀ ရက်၌ မှတ်ပုံတင်စာချုပ်အမှတ် (၆၀၄/၂၀၂၀)၊ (၆၀၅/၂၀၂၀)၊ (၆၀၆/၂၀၂၀)၊ (၆၀၇/၂၀၂၀)တို့ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အထက်ပါဖော်ပြပါ **Care Daily®** အမည်အမှတ်အသားဖြင့် အထက်အဆိုပါ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး၊ မန္တလေးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။

သို့ပါ၍ **Care Daily®** အမည်အမှတ်အသားမှာ ကျွန်ုပ်တို့၏မိတ်ဆွေမူပိုင်ဖြစ်၍ ဖော်ပြပါတံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်ကူးယူ၍သော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ တစ်နည်းနည်းတုပ၍သော်လည်းကောင်း၊ အမည်နာမတစ်ခု၏ရှေ့မှနေ၍သော်လည်းကောင်း၊ နောက်မှနေ၍သော်လည်းကောင်း၊ အလယ်မှနေ၍သော်လည်းကောင်း စာလုံးများပြင်ဆင်ဖြည့်စွက်၍ တုပအသုံးပြုဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက ကျွန်ုပ်တို့၏မိတ်ဆွေ နစ်နာမှုအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ရွှေဇင်ဦး (ဘ)ဦးရင်လုံ**
**၁၃/လရန(နိုင်)၁၁၇၇၃၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ရတနာစု (LL.B(Q), D.B.L, D.I.L, D.P.S)**
**စဉ်-၁၃၉၈၅၊ တရားလွှတ်တော်ရှေ့နေ**
**၆၅ လမ်း၊ ၃၁x၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၇၉၃၉၂၁၄၆၈**

## REQUEST FOR EXPRESSIONS OF INTEREST
## (CONSULTING SERVICES – FIRMS SELECTION)

**MYANMAR**
**South East Asia Disaster Risk Management Project**
**Project ID. P160931**
**Assignment Title :** Developing and Implementing Beneficiary Studies for the Monitoring and Evaluation (M&E) Activities under the Myanmar Southeast Asia Disaster Risk Management (MM–SEA DRM) Project

**Reference No.** C4–CS7
The Government of the Republic of the Union of Myanmar has received financing from the World Bank toward the cost of the South East Asia Disaster Risk Management Project, and intends to apply part of the proceeds to finance the consulting services for developing and implementing beneficiary studies for the monitoring and evaluation (M&E) activities under the Myanmar Southeast Asia Disaster Risk Management (MM–SEA DRM) Project.

The objectives of this assignment are to: (i) gather and/or verify basic information and data in the Project Appraisal Document (PAD) for monitoring of the flood risk reduction investments and the Results Indicators via a baseline study; and (ii) measure the impact of Project interventions using indicators in the Results Framework via a beneficiary survey.

The Consulting Services ("the Services") shall consist of carrying out a baseline study and beneficiary survey for the M&E of MM–SEA DRM Project. More details can be seen in the Terms of Reference.

The Finance and Accounts Department of Yangon City Development Committee will be implementing the Project and now invites eligible consulting firms ("Consultants") to indicate their interest in providing the Services. **Interested Consultants must provide specific information demonstrating that they have the required qualifications and relevant experience to perform the Services.**

The short listing criteria are: (i) Core business of the Consultant includes M&E and the Consultant has been in business for more than 10 years; (ii) Experience of more than 8 years in carrying out a baseline study and beneficiary survey for more than 3 similar projects; (iii) Experience in 1 or more projects funded by Word Bank and/or other donor; (iv) Experience in Myanmar or Southeast Asia; and (v) Consultant's organization, administrative strengths, and staffing.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants [under IBRD Loans and IDA Credits & Grants] by World Bank Borrowers dated January 2011 and revised in July 2014. ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest.

Consultants may associate with other firms in the form of a joint venture or a sub–consultancy to enhance their qualifications. The "association" may take the form of a joint venture or a sub–consultancy. In case of a joint venture (JV), all members of the JV will be evaluated jointly for the purpose of short–listing and shall be jointly and severally liable for the assignment and shall sign the contract jointly in case of award is made to that JV. Interested consultants should clearly indicate the structure of their "association" and the duties of the partners and sub–consultants in their application. Unclear expression of interests in terms of "in association with" and/or "in affiliation with" and etc. without indicating the status of the partnership and designation of the lead partner may not be considered for short–listing.

A Consultant will be selected in accordance with the Selection Based on Consultant's Qualifications ("CQS") method set out in the Consultant Guidelines. Further information can be obtained at the address below during office hours [9.30 a.m. to 4.30 p.m., Monday to Friday].

The Terms of Reference can be obtained through email from the address indicated below.

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by fax, or by e–mail) **by 3.00 pm on April 08, 2020 (Local Myanmar Time).**

**Yangon City Hall**
**Yangon City Development Committee**
Contact Person : U Aung Kyaw Thu (Assistant Director)
Address : Finance and Accounts Department
1st Floor, Yangon City Hall
Kyauktada Township, Yangon, Postal Code – 11182,
Republic of the Union of Myanmar
Tel/ E–mail : + + 951388732 / ycdcdba@gmail.com

### အမွေဆိုင်များနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၃၉)၊ (၅/၃)ရပ်ကွက်၊ ငွေယမုံလမ်း၊ ပေ(၄၀x၆၀) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်သည် ဖခင် ဦးတင်အောင်နှင့် မိခင် ဒေါ်ထားကြည်တို့၏ လက်ထက်ပွားဖြစ်သည့်အတွက် ၎င်းတို့၏ သားသမီးများဖြစ်ကြသည့် (၁) ဒေါ်တင်ဝင်း (၂) ဦးဇော်မင်း (၃) ဦးချစ်ဦး (၄) ဒေါ်စိန်စိန်မာ (၅) ဒေါ်လှလှထွေးနှင့် ၆။ (ဦးညီညီအောင်) ကွယ်လွန်၏ အမွေဆက်ခံသူ စသည့်အမွေဆိုင်(၆)ဦး ပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ အဆိုပါအမွေဆိုင်ပစ္စည်းဖြစ်သည့် အမှတ် (၃၉)(၅/၃) ရပ်ကွက်၊ ငွေယမုံလမ်း၊ ပေ(၄၀x၆၀) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆိုင်၏ သဘောတူညီမှုမရှိဘဲ အရောင်းအဝယ်ပြုခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းထားခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အမွေဆိုင်များနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသန့်ဇင်ဦး (ဘိုကလေး)
LL.B, W.I.P.O(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၈၂)
ဖုန်း–၀၉–၃၂၃၃၀၃၀၊ ၀၉–၇၇၂၄၄၁၀၆၂၊ ၀၉–၂၅၀၂၂၂၄၂၄

### အများသိရှိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ် (၂ခ/မန်ခိန်ဆရာကထောင်မြောက်)၊ ဦးပိုင်အမှတ်(၁၁၉/၂–ခ)၊ မြေဧရိယာ ၀ ဒသမ ၈၁၁ ဧကမြေပေါ်တွင် ဒေါ်မရစ်ကိုင်နော် ၁/မမန(နိုင်)၀၁၂၈၃၁ မှ "SUT RING" အမည်ဖြင့် စက်သုံးဆီအရောင်းဆိုင်သစ်အား သတ်မှတ်စံချိန်၊ စံညွှန်းအတိုင်း တည်ဆောက်သွားမည်ဖြစ်သောကြောင့် ပတ်ဝန်းကျင်မှ ဦးပိုင်အမှတ် (၁၁၉/၂ဃ)အား ပိုင်ဆိုင်သူ ဦးဘောမ်လုတ်မှလည်း ကန့်ကွက်ရန်မရှိပါ။ ဦးပိုင်အမှတ် (၁၁၉/၁) အား ပိုင်ဆိုင်သူ ဦးကျန်းဆက်(ခ)ကျော်ကျော်မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက ဆောက်လုပ်ခြင်းကို ဥပဒေအတိုင်း ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတန်ဂျီး ၁/မကန(နိုင်)၁၁၂၉၂၁
ဖုန်း–၀၉–၇၉၄၀၈၂၂၅၀

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 43(T)/YESC/ 2019–2020 | ရန်ကုန် – ပုသိမ်လမ်းတိုးချဲ့ခြင်း နှင့် မလွတ်ကင်းသော ဓာတ်အားလိုင်းများ ပြောင်းရွှေ့ရန်အတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန် | ၃၀.၄.၂၀၂၀ |
| ၂ | 44(T)/YESC/ 2019–2020 | ဝန်အားပြည့်ထရန် စဖော်မာများနေရာတွင် အစားထိုးလဲလှယ်တပ်ဆင်ရန်လိုအပ်သော33/11–6.6kV, 10MVA Transformer With On Load Tap Changer (7)Nosဝယ်ယူရန် | ၃၀.၄.၂၀၂၀ |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – (၁၈.၃.၂၀၂၀) မှ (၂၉.၄.၂၀၂၀)ထိ
တင်ဒါပိတ်မည့်အချိန် – (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်–

**အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊**
**ရန်ကုန်မြို့ ၊ ဖုန်း၊ ၀၁–၂၂၀၈၅၉၊ ၀၁–၂၂၀၈၁၆**

### စေ့စပ်ကြောင်းလမ်းခြင်းကိုဖျက်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်မ ဒေါ်နန္ဒာကျော်ဇင် ၁၂/ဒဂမ(နိုင်)၀၂၆၇၃၄ နှင့် ဦးကျော်ဇင်ဝင်း ၁၂/မဘန(နိုင်)၁၃၂၉၄၉ တို့သည် နှစ်ဦးသဘောတူဆန္ဒအရ စေ့စပ်ကြောင်းလမ်းခြင်းကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်ဝင်း ၁၂/မဘန(နိုင်)၁၃၂၉၄၉**
**ဒေါ်နန္ဒာကျော်ဇင် ၁၂/ဒဂမ(နိုင်)၀၂၆၇၃၄**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဥပဒအမိန့်–၂၁၊ နည်းဥပဒေ–၆၆)**
**မန္တလေးခရိုင်တရားရုံး**
**၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်–၃၁၇**

ဒေါ်ခင်ဝင်းသန့် (ကွယ်လွန်သူ နှင့် ဒေါ်နန်းသိဂီကြူ ဦးဇော်ဦး၏ တရားဝင်ကိုယ်စားလှယ်)

မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၈၇/၂၀၁၅အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၁ရက် နံနက် ၁၀:၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ–၁၂)၊ အိမ်အမှတ်(၁၅၈–က)၊ ဧရိယာ (၁၅x၄၀)ပေ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အောက်ခံတမံတလင်းသွပ်မိုးထရံကာ နှစ်ထပ်အဆောက်အအုံ၊ ရေ+မီးအစုံနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေး ကျပ်သိန်း (၂၀၀)**
**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင် ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် တန်ဖိုး၏ ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို ထပ်မံလေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ပြည့်နှစ် မတ် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(တင့်တင့်ဌေး)
ဒုတိယခရိုင်တရားသူကြီး (၇)
မန္တလေးခရိုင်တရားရုံး

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 51W/37397 Yamaha FZ–150 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ရဲ ၈/မကန(နိုင်)၂၂၀၂၅၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(မင်းဘူး)**

### ပတ်စ်ပို့ပျောက်

ကျွန်မ မအေးချမ်းစိုး ၈/တတက (နိုင်)၂၄၁၄၅၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၂၅၈၀၀၃၈၉၉**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/7590 Toyota Caldina ET 196 Station Wagon(4x2)R ယာဉ်ပိုင်ရှင် ဒေါ်သန်းသန်းကြည် ၁၂/မရက (နိုင်)၀၉၀၆၉၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/97779 Honda Scoopy 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လင်း ၉/နထက(နိုင်) ၁၀၄၄၈၃ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2N/3318 Diahatsu Hijet S20P Pickup(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမိုး ၅/အရတ(နိုင်) ၀၅၃၂၄၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ် (၃၅/၁)၊ ဦးပိုင်အမှတ် (၁/၈–က)၊ မြေဧရိယာ ၀ဒသမ၀၄၉ဧကရှိ မြေကွက်အား ဒေါ်အေးကြည် ၁/မကန(နိုင်) ၀၁၆၃၆၇ အမည်ဖြင့် အမှုတွဲအမှတ် ၅၄၉(၃)/(၂၀၀၂–၂၀၀၃) အရ ၁၇–၆–၂၀၁၆ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား သက်တမ်းတိုးဆောင်ရွက်နေစဉ် ဒေါ်အေးကြည်သည် ၁၉–၇–၂၀၁၆ရက်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးစိန်သောင်းမြင့်မှာ ၆–၁–၁၉၄၆ ရက်တွင်လည်းကောင်းအသီးသီးကွယ်လွန်သွားခဲ့ကြပြီးဖြစ်သဖြင့် ၎င်းတို့တွင် (၁) ဦးဝေယံမင်း၊ (၂) ဒေါ်ရွှေရည်မိုး၊ (၃) ဒေါ်စုထက်ထက်နိုင်တို့ သား/သမီး(၃) ဦးထွန်းကားခဲ့ပြီး ၎င်းတို့ (၃)ဦးမှမိခင်ဖြစ်သူ ဒေါ်အေးကြည် အမည်ပေါက် မြေငှားဂရန်(အသစ်)အား ထုတ်ယူခွင့်ပြုပါရန် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**




## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဟင်္သာတခရိုင်တရားရုံး
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၄၁

ဦးထိုက်ထိုက်ကျော် နှင့် ၁။ ကိုလှမင်းဇော်
၂။ ကိုဇေယျာလင်း
၃။ မခိုင်ယွန်းဟန်

တရားလို | တရားပြိုင်များ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ ကနောင်စုရပ်ကွက်၊ ရွာမလမ်းနေ ဒေါ်ခိုင်ယွန်းဟန်(ဘ) ဦးငွေလင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးထိုက်ထိုက်ကျော်က ခ‌တ်မြေသြဇာအိတ် စုစုပေါင်း (၁၉၃၀)အိတ် ကာလတန်ဖိုးငွေ ၅၄၀၄၀၀၀၀ ကျပ်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဧပြီ ၆ရက် (၁၃၈၁ ခုနှစ် တန်ခူးလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်သိန်းဦး)
ဒုတိယခရိုင်တရားသူကြီး
ဟင်္သာတခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဟင်္သာတခရိုင်တရားရုံး
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၄၁

ဦးထိုက်ထိုက်ကျော် နှင့် ၁။ ကိုလှမင်းဇော်
၂။ ကိုဇေယျာလင်း
၃။ မခိုင်ယွန်းဟန်

တရားလို | တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ အိမ်အမှတ် A(၂)(က) နေ ကိုလှမင်းဇော်(ဘ)ဦးမြင့်သိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးထိုက်ထိုက်ကျော်က ခ‌တ်မြေသြဇာအိတ် စုစုပေါင်း (၁၉၃၀)အိတ် ကာလတန်ဖိုးငွေ ၅၄၀၄၀၀၀၀ ကျပ်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဧပြီ ၆ရက် (၁၃၈၁ ခုနှစ် တန်ခူးလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်သိန်းဦး)
ဒုတိယခရိုင်တရားသူကြီး
ဟင်္သာတခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)
## မင်းဘူးမြို့နယ်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၀

မလှလှမူ နှင့် မောင်ဖြိုးပြည့်ကျော်
တရားလို | တရားပြိုင်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ မုတ်ခဲကျေးရွာနေ တရားပြိုင် မောင်ဖြိုးပြည့်ကျော် (ဘ)ဦးကြည်လွင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မလှလှမူက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၀ရက် (၁၃၈၂ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပြည့်ပြည့်ဖြိုးငြိမ်း)
ဒုတိယမြို့နယ်တရားသူကြီး
မင်းဘူးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၁၄

ဒေါ်ထားထားဦး နှင့် ဦးသန်းထွန်း
တရားလို | တရားပြိုင်

အကွက်(၆)၊ (၉၅၁-ဆလအခွဲ)၊ စိန်ပန်းရင်ပုံရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ တရားပြိုင် ဦးသန်းထွန်း(ဘ)ဦးသန်းမောင် (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက် (၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သီတာစိုး)
ဒုတိယခရိုင်တရားသူကြီး(၅)
မန္တလေးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## ကျိုင်းတုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၅

ဒေါ်နန်းဖြူဖြူသင်း နှင့် ၁။ ဦးစိုင်းဆိုက်ကျောက်
၂။ ဦးစိုင်းရဲနိုင်တစ်

(တရားလို) | (တရားပြိုင်များ)

ကျိုင်းတုံမြို့၊ ရပ်ကွက်(၂)၊ဈေးတန်းလေးရပ်နေ ဦးစိုင်းဆိုက်ကျောက်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ကတိပဋိညာဉ်အတိုင်း တရားဝင်မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ရက် (၁၃၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ယင်းငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုရန်လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သက်ထားဆု)
တွဲဖက်မြို့နယ်တရားသူကြီး
ကျိုင်းတုံမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/6952 Nissan Note E 11 H/B (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစု ၁၂/ကမရ(နိုင်)၀၂၂၂၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အဆောက်အဦဆောက်လုပ်ခွင့်များအား Online Submission System (Automation System)ဖြင့်ပြောင်းလဲဆောင်ရွက်ရန်အတွက် Yangon Building Permit System အား ၉-၈-၂၀၁၉ ရက်နေ့တွင် Pilot Launch ပြုလုပ်ခဲ့ပြီး Low Risk နှင့် Medium Risk အဆောက်အဦများအား Pilot Test အနေဖြင့် အမှုတွဲများ လက်ခံဆောင်ရွက်လျက်ရှိပါသည်။

၂။ Pilot Test ဆောင်ရွက်ခဲ့သည့်ကာလမှာ (၇)လကျော်ကြာမြင့်ခဲ့ပြီးဖြစ်ပြီး ၎င်းကာလအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် Professional များ၏ ပူးပေါင်းပါဝင်မှုဖြင့် System အား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၁၅-၃-၂၀၂၀ ရက်နေ့မှစ၍ Low & Medium Risk အဆောက်အဦများသာမက High Risk အပါအဝင် ဆောက်လုပ်ခွင့် အမျိုးအစားအားလုံး၏ ဆောက်လုပ်ခွင့်များအား Online System ဖြင့်စတင်လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၄။ အထက်ပါကာလအတွင်း Online စနစ်အား ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၇-၄-၂၀၂၀ ရက်နေ့မှစ၍ အဆောက်အဦဆောက်လုပ်ခွင့်များအား Online Submission System ဖြင့်သာ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၅-၃-၂၀၂၀ ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ၆-၃-၂၀၂၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ The Global New Light of Myanmar အင်္ဂလိပ်သတင်းစာနှင့် ycdc.gov.mm၊ ybps.ycdc.gov.mm Website တို့တွင် ကြိုတင်အသိပေးကြေညာထားပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ၁၅-၃-၂၀၂၀ရက်နေ့မှစ၍ အဆောက်အဦဆောက်လုပ်ခွင့်များအားလုံးအား ybps.ycdc.gov.mm တွင် လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝက်ခြံဘယ်လောက်ဆိုးဆိုး ?
ကုလို့ရပါသလား
ကုလို့ရပါတယ်
အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။
မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း
အမှတ်-၄၄၄၊ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊
(အမေရိကန်ပွိုင့်ရှင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်၊ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ ဘန္ဓုလကုန်း(၆)လမ်း၊ အခန်းအမှတ်(၁၉)၊ အိမ်အမှတ်(၅၀/၅၂)၊ (၈-လွှာ)တိုက်၏ (၇)လွှာ၊ လမ်းမဘက်မှမျက်နှာမူလျှင်(ဝဲ)ဘက်ခြမ်း၊ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသောလျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးခင်ဇော် (SRM-၀၇၉၄၂၈) ၁၂/မဂတ(နိုင်)၀၁၈၆၀၃ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B,A.G.T.I(EP),D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)

ဒေါ်ချယ်ရီလှိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)

ဦးဇေယျာထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)

ဦးစိုးလွင်ဦး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၆၅၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄

## CNG TAXI အိမ်ပေးငှားမည်။

Fielder (EE)၊ စပေါ် ၅သိန်း၊
အုံနာကြေး ၁၇၀၀၀၊
စမ်းချောင်းမြို့နယ်နီးသူ
ဦးစားပေးမည်။
ဖုန်း-၀၉-၇၉၄၇၉၄၇၃၄

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၇-၁-၂၀၂၀) မြန်မာ့အလင်းသတင်းစာပါကြော်ငြာတွင် တရားဝင်သေတမ်းစာရေးသားခဲ့ပြီးဟု ကြော်ငြာရမည့်အစား မသေခင်က သေတမ်းစာရေးထားခဲ့ပြီးဟု စာသားများ မှားယွင်းကြော်ငြာထားပါသဖြင့် အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/7771 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးရဲမင်း

## လက်ထောက်အမှုဆောင်အရာရှိ
## ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)
## အသက်(၅၄)နှစ်

ကုန်သည်စက်မှုအသင်းချုပ် လက်ထောက်အမှုဆောင်အရာရှိ ဦးရဲမင်း အသက်(၅၄)နှစ်၊ ဒေါ်ခင်ကြည်စန်း၏ချစ်လှစွာသော ခင်ပွန်း၊ ဗိုလ်ကြီးဝေမင်းသန့်၏ဖခင်သည် ၁၃-၃-၂၀၂၀ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်**
**စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)**

---

**သုဝဏ္ဏဘူမိ**
**(သထုံအသင်း-ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်မြ

**သုဝဏ္ဏဘူမိ(သထုံအသင်း-ရန်ကုန်)၏ အသင်းဝင်**
**အသက်(၉၄)နှစ်**

ဦးသောင်းတင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန)-ဒေါ်သန်းသန်းငွေးတို့၏မိခင် ဒေါ်ခင်မြသည် ၁၇-၃၃-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသား၊ အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**သုဝဏ္ဏဘူမိ(သထုံအသင်း)**
**ရန်ကုန်**

---

## ဒေါ်သန်းသန်းအေး

**(ပုလောမြို့)**
**အထက်တန်းပြ(ငြိမ်း)**
**အသက်(၆၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ (ဦးဘချစ်)-ဒေါ်တင်ရီတို့၏သမီး၊ ဦးဆန်းဦး-လွင်-ဒေါ် မြမြသန်း၊ ဒေါ်မာမာအေးတို့၏ညီမ၊ ဒေါ်ဝါဝါအေး၊ ဦးကျော်စိုး-ဒေါ်အေးမီသင်း၊ ဦးအောင်မိုးငြိမ်း-ဒေါ်မိုးမိုးအေး၊ ဒေါ်မြတ်မြတ်အေးတို့၏ အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၁၈-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၄ယ/၆၇၅၇၆ YUNDE 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇေယျဝင်း ၉/ခမစ(နိုင်)၀၄၁၈၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3M/3441 Hino Dutso XZU421 Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မောင် ၉/ညဥန(နိုင်) ၁၀၉၄၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးစိုးမင်း အသက်(၈၃)နှစ်

**လက်ထောက်မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ကျောက်တံတားမြို့နယ်**
**မာန်အောင်၊ အလက-၂၊ ဒဂုံ(ဆရာဟောင်း)**
**ကန်တော့ခံ(မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီး)**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကျွန်းပင်စင်ကျေးရွာနေ (ဦးချစ်-ဒေါ်နှင်း)တို့၏သားကြီး၊ ရန်ကုန်မြို့နေ(ဒေါ်ခင်ညိုညို)၏ခင် ပွန်း၊ (ဒေါ်သက်တင်)၊ ဦးအေးပိုင်-ဒေါ်မြကြည်၊ ဒေါ်သက်မှင်၊ (ဒေါ်သက်ရင်)၊ ဦးအေးလှိုင်၊ (ဦးဟန်သောင်း)-ဒေါ်အေးသိန်းတို့၏ အစ်ကိုကြီး၊ ဒေါ်သိမ့်သိမ့်စိုး၊ ဒေါ်စိမ့်စိမ့်စိုး(လက်ထောက်ညွှန်ကြားရေးမှူး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)၊ ကိုရန် နိုင်စိုး(POSCO International E&P Corporation)-မချစ်ပြုံးနှင်းဆီ(OCTOBER HERBAL TEA)တို့၏ချစ်လှစွာသောဖခင်၊ မောင်လင်းထက်အောင်(ခ)ရွှေဘုန်းသူ(G-II, Lumbini Academy)၏ဘိုးဘိုးကြီးသည် ၁၇-၃-၂၀၂၀ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂:၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၀ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သဃ်န်းကျွန်း၊ ၁၆/၂ရပ်ကွက်၊ သုဒ္ဓသန(၃)လမ်း၊ အမှတ်-၁၄၂-ခနေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း**

## ဦးလှရှိန်(လ/ထညွှန်ကြားရေးမှူး-ငြိမ်း)

**အသင်းဝင်အမှတ်(၄၃၈)၊ သက်ကြီးကန်တော့ခံ**
**အသက်(၈၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်(၂၂)လမ်း၊ အမှတ်-၄၄၆/ခနေ ဒေါ်ဝင်းရီ၏ခင်ပွန်းဦးလှရှိန်သည် ၁၅-၃-၂၀၂၀ရ က်တွင်ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

## ဒေါ်ကျင်ဆိုင်

**အသက်(၇၇)နှစ်**

ဖျာပုံမြို့နေ (ဦးဘတိုး-ဒေါ်အေးခင်)တို့၏သမီးချွေးမ၊ (ဦးခင်မောင်-ဒေါ်အမာ)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းသစ်ရိပ်သာ၊ တိုက်(၁၀၁B)၊ အခန်း(၄၀၅)၊ ၄လွှာနေ ဦးအုန်းသွင်၏ဇနီး၊ (ဦးကျော်ကျော်အုန်း-ဒေါ်သင်းသင်းယု)၊(ဦးခင်မောင်အုန်း)၊ ဒေါ်ခင်မာအုန်း၊ ဦးအောင်မျိုး-ဒေါ်အေးအေးမွန်၊ ဦးကျော်ဇောဟိန်း-ဒေါ်အေးအေးချိုတို့၏ မွေးသမိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၁၇-၃-၂၀၂၀ ရက် နံနက် ၆:၀၅ နာရီတွင် Green Cross Hospitalအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၀ရက်(ကြာသပတေးနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**
**ကြေညာချက်**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိအောက်ဖော်ပြပါ အဆောက်အအုံအား အန္တရာယ်ရှိအဆောက်အအုံများစစ်ဆေးရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးပြီး အန္တရာယ်ရှိအဆောက်အအုံအဖြစ်သတ်မှတ်ပါသည်-

(က) အမှတ်(၃၃)၊ ဘုန်းကြီးလမ်း၊ ၅-ရပ်ကွက်၊ လမ်းမတော်မြို့နယ်

၂။ အထက်ပါအန္တရာယ်ရှိအဆောက်အအုံနှင့်ပတ်သက်၍ မြေပိုင်ဆိုင်မှုရှိသူများသည် မြေပိုင်ဆိုင်မှုအထောက်အထားများကို မူရင်း(၁)စုံမိတ္တူ(၂)စုံတို့ဖြင့်လည်းကောင်း၊ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကန့်ကွက်ရသည့်အကြောင်းကို ခိုင်မာသည့် အထောက်အထားများနှင့်လည်းကောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့သို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)လပြည့်သည့်နေ့ နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ပေးပို့ကြပါရန် ကြေညာအပ်ပါသည်။

**အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ပတ်စ်ပို့ ပျောက်**

ကျွန်မ မထွေးထွေး ၈/စလန(နိုင်) ၀၈၅၉၇၀၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၂၂၈၂၇၅

---

**မြင်းခြံမြို့ ကျောက်ဆူးဆီစက်နှင့် သဘာဝမြေပဲဆီသန့်လုပ်ငန်း**
**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယိကာမကြီး**

## ဒေါ်ခင်ကြီး

**အသက်(၁၀၀)**

ရေစကြိုမြို့၊ ကန်တော်လမ်းနေ ဦးမျိုးမြင့်ဆွေ-ဒေါ်လှလှ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃၀/၁၀၇)နေ ဦးတင်ထွန်း၊ ဒေါ်စန်းစန်း၊ မြင်းခြံမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၃)ရပ်ကွက်နေ ဒေါ်မြမြတို့၏မိခင်၊ မောင်ကြည်ဇော်ထွန်း-မအိမ့်သက်မှူး၊ မောင်ကိုခန့် တို့၏ အဘွား၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားသည် ၁၇-၃-၂၀၂၀ရက် ည ၈:၂၀နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁၉-၃-၂၀၂၀ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဗိုလ်မှူးကြီး ကျော်မောင်ဝင်း(ငြိမ်း)

**@ George Win**
**ကြည်း-၈၄၄၁**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ ရွှေလမ်း၊ အမှတ်(၆၄)နေ (ဦးစိန်ဝင်း-ဒေါ်သောင်းမေ)တို့၏သား၊ (ဒေါ်ယဉ်ယဉ်သိန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင့်အောင်ကျော်(Diplomatic School Yangon)-ဒေါ်ထက်ထက်မင်း၊ ဦးရဲမွန်(Myanmar Airways International)-ဒေါ်ဇင်လဲ့ဝင်း(Coca-cola Pinya Beverages Myanmar Ltd)တို့၏ ချစ်လှစွာသော ဖခင်၊ မနှင်းလွှာတင်မင်း[Second Year Chemistry (COE)Y.U]၏အဘိုးသည် ၁၈-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ ရွှေလမ်း၊ အမှတ် (၆၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဗိုလ်မှူးကြီး ကျော်မောင်ဝင်း(ငြိမ်း)

**@ George Win**
**ကြည်း-၈၄၄၁**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ ရွှေလမ်း၊ အမှတ်(၆၄)နေ (ဦးစိန်ဝင်း-ဒေါ်သောင်းမေ)တို့ ၏သား၊ (ဒေါ်ယဉ်ယဉ်သိန်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်မှူးကြီးကျော်ဝင်း)(တပ်မတော်လေ-အငြိမ်းစား စစ်သံမှူး)-ဒေါ်အေးအေးဝင်း @ Rosi၊ (ဦးစိုးလွင်)(စီမံကိန်းဒါရိုက်တာသန်လျင်တံတားတည်ဆောက်ရေး)-(ဒေါ်မြမြဝင်း @ Roma)၊ (ဦးသောင်းလွင်)(ဒုညွှန်မှူး-အိုးအိမ်)-(ဒေါ်ခင်စောဝင်း @ Rita)တို့၏မောင်၊ ဦးကြည်မောင်ဝင်း-ဒေါ်မူမူဝင်း @ Iris(အင်္ဂလိပ်စာကထိက UNV)တို့၏အစ်ကို၊ တူ ငါးယောက်၊ တူမ နှစ်ယောက်တို့၏ဦးလေးသည် ၁၈-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ ရွှေလမ်း၊ အမှတ်(၆၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး၊ နတ်လမ်းဒါယိကာမကြီး**

## ဒေါ်ကျင်ပို့(အင်းစိန်/တော်လတီ) အသက်(၆၉)နှစ်

ဇလွန်မြို့နယ်၊ ရေလဲသဘော်ဆိပ်ကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသ၏ ရဟန်းမယ်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တော်လတီကျေးရွာနေ (ဦးဘွင်တီ-ဒေါ်စန်းရီ)တို့၏သမီး၊ အင်းစိန်မြို့သစ်၊ ခ/၈လမ်းနေ (ဦးချစ်တင်-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဦးကံစိုး-ဒေါ်ကျင်နွဲ့၊ ဦးခင်သိန်း-ဒေါ်ခင်မူ၊ ဦးသက်ဝေ-ဒေါ်တင်တင်အေး၊ ဦးခင်မောင်သန်း-ဒေါ်တင်အောင်ကြည်၊ ဦးခင်မောင်ထွေး-ဒေါ်မာလာဝင်းတို့၏ အစ်မ၊ အင်းစိန်မြို့သစ်နေ ဦးစိုးရန်နိုင်-ဒေါ်ခင်ပြည့်စုံနိုင်၊ ဗိုလ်မှူးရဲဝင်း(လဲချား)-ဒေါ်ခင်ပိုလျှံနိုင်၊ ကိုပြည့်ဖြိုးပိုင်( 2 nd Officer, Wanhai Shipping)-မကေရီခိုင်တို့၏ မိခင်၊ မကြည်ဖြူခင်၊ မောင်မင်းသုတ၊ မောင်ရဲရင့်ကောင်းခန့်တို့၏ဘွားဘွားကြီး၊ ဦးနိုင်အောင်၏ချစ်လှစွာသောဇနီးသည် ၁၇-၃-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၄:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀:၄၅နာရီ တွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အင်းစိန်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ခ/၈လမ်း၊ အမှတ်(၂၉၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဇော်မင်းဦး

**B.Sc(IC)(1985–1986)**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၄၄/၂၉)နေ [ဒုတိယဗိုလ်မှူးကြီးမြဦး(ငြိမ်း)]-ဒေါ်တင်မေတို့၏သား၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၁၀)နေ (ဦးထွန်းသောင်-ဒေါ်ငွေတင်)တို့၏ သားသမက်၊ ဦးလွင်ထူး(DTEO လှိုင်မြို့နယ်)-ဒေါ်အေးအေးသန်း(ထ-၅၊ မင်္ဂလာဒုံ-ငြိမ်း)တို့၏မောင်၊ ဗိုလ်မှူးအောင်ကျော်ဦး(ငြိမ်း၊ စီးပွားရေးဦးပိုင်)-ဒေါ်ဥမ္မာသိန်း(မြန်မာ့စီးပွားရေးဘဏ်)၊ ဗိုလ်မှူးအောင်နိုင်ဦး(ငြိမ်း)-ဒေါက်တာဇင်မာရှိန်(မြန်မာနိုင်ငံကုန်သွယ်ရေး ကြောင်းကောလိပ်)တို့၏အစ်ကို၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္မဋ္ဌာန်းလမ်း၊ အမှတ်(၇၀၇/၇၀၈)နေ ဒေါ်စန်းစန်းဝင်း၏ခင်ပွန်း၊ မောင်မင်းထက်ကျော်(နိုင်ငံတော်သမ္မတရုံး)၊ မောင်ကောင်းဇော်မြတ်တို့၏ဖခင် ဦးဇော်မင်းဦးသည် ၁၈-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်စိန်စိန်

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ ယိုးဒယားလမ်း၊ အမှတ်(၇)နေ (ဦးမောင်မောင်-ဒေါ်သန်းအောင်)တို့၏သမီး၊ (ဦးအေး-ဒေါ်မမကြီး)တို့၏ သမီးချွေးမ၊ (ဒုတိယဗိုလ်မှူးကြီးအောင်မြင့်၊ တပ်မတော်လေ-ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်တင်-ဒေါ်သီတာမြင့်(USA)၊ ဒေါ်နွယ်မာမြင့်၊ ဦးမြသောင်း(C/E-Apex Co,Ltd)-ဒေါ်စန္ဒာမြင့်၊ ဦးသန်းထွဋ်စိုး-ဒေါက်တာသိင်္ဂီမြင့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ MOH)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၇-၃-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၀၀:၀၆နာရီတွင် ရန်ကုန်မြို့၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးစိုးဝေ

**(တောင်စွန်း)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်းနေ(ဦးစောဝါး-ဒေါ်လေတီ)တို့၏သား၊ (ဦးသိန်းဝေ)၊ (ဒေါ်အိုက်တီ-ဦးကျင်းဗုက်)၊ ဒေါ်စန်းစန်းမြင့်-(ဦးရှောင်)၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ချိုချိုသင်းတို့၏ ညီ/မောင်၊ (ဦးစံဝင်း-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်ယဉ်နု (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ သမဝါယမဦးစီးဌာန)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နုနုဝေ၊ ဒေါ်အိအိခိုင်-ဦးဇွဲပြည့်ဖြိုး၊ ဒေါ်ယုယုဝေ-ဦးဖြိုးပြည်သစ်တို့၏ဖခင်၊ မရွှေလဝန်းဖြိုးတို့၏အဘိုးသည် ၁၇-၃-၂၀၂၀ရက်(အင်္ဂါနေ့) ည ၇:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ်ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ငြိမ်းအေး(ခ)ဒေါ်အမိန်း အသက်(၇၄)နှစ်

**B.sc(Physics)Dip.Ed အထက်တန်းပြဆရာမ(အငြိမ်းစား)**
**အထက(၁)မိုးညှင်း၊ အထက(၃)မင်္ဂလာဒုံ၊ အလက(၁)အင်းစိန်၊**
**အထက(၁)အင်းစိန်**

ကချင်ပြည်နယ်၊ ရွှေကူမြို့နေ (ဦးဖွန်း-ဒေါ်ငင်)တို့၏ ဒုတိယသမီး၊ (ဦးဖိုးတုတ်)-ဒေါ်ထွေးထွေးမြင့်၊ ဒေါ်ခင်ဖုန်း(ထ-၁ ငြိမ်း)တို့၏ညီမ၊ (ဦးအကျိန်း)-ဒေါ်မြင့်မြင့်ငွေး၊ (ဒေါ်အလင်း)ထ-၁၊ ဦးအရိန်း(လေယာဉ်ဆီဌာန၊ မကန-ငြိမ်း)-ဒေါ်မေမေဝင်း(လ/ပြ-ငြိမ်း)၊ ဦးအကျင်းတို့၏အစ်မ၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ခ/၅လမ်း၊ အမှတ်-၁၂၈နေ ဦးချစ်လွင် (ကသာ)B.sc(Geol)၏ ချစ်လှစွာသော ဇနီးသည် ၁၇-၃-၂၀၂၀ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၀ ရက်(ကြာသပ တေးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)**
**ကျိုက်ထိုမြို့နယ်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၅၂**

| | | |
|---|---|---|
| ဦးသန့်ဇင်မင်း | နှင့် | မသဲမြတ်လှိုင် |
| **တရားလို** | | **တရားပြိုင်** |

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ ရွှေလွှာမြိုင်ရပ်ကွက်၊ (၁)လမ်းနေ ဦးမြတ်ကျော်၏သမီးဖြစ်သော မသဲမြတ်လှိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသန့်ဇင်မင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးဦး ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ရက် (၁၃၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၃ရက်)နံနက် ၁၀:၀၀ နာရီတွင် အထက်ပါတရားလို၏စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ကျိုက်ထိုမြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး(၁)ရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့လာရောက်ရန် ပျက်ကွက်က သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၀ပြည့်နှစ် မတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ကိုကို)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ကျိုက်ထိုမြို့နယ်တရားရုံး**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ စုပေါင်းအဆောက်အအုံအမှတ် (၄၄/၅၆) မြေညီရှိ အခန်းအမှတ် (၀၀၈) နေ ဦးခင်မောင်မြင့် ၁၂/ကမရ(နိုင်)၀၄၃၄၇၄ ၏ စီမံခန့်ခွဲခွင့်လုပ်ပိုင်ခွင့်၊ လွှဲအပ်ပေးခြင်းခံရသူ ဦးစိန်လှိုင် ၁၂/ကမရ(နိုင်)၀၄၃၅၇၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ လိပ်စာရှိနေအိမ်တိုက်ခန်းအား စီမံခန့်ခွဲပိုင်ခွင့်၊ လုပ်ပိုင်ခွင့်လွှဲအပ်ထားခြင်းခံရသူ ဦးစိန်လှိုင်မှ ဦးခင်မောင်မြင့်၏ စိတ်ဆန္ဒသဘောအရ ရောင်းချပြီး လှူဒါန်းမှုများပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်(တစ်ပတ်အတွင်း) ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းရောင်းချမှုကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး (စဉ်-၂၈၉၈) (၄-၁၂-၈၄)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်(၉/၁၁)၊ အခန်း ၁၀၃/စီ (ပထမထပ်)၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
ဖုန်း-၀၉-၇၃၀၂၁၈၂၇၊ ၀၉-၂၅၀၀၂၂၈၉၂

---

**ပတ်စ်ပို့ ပျောက်**

ကျွန်မ မပြည့်ဖြိုးဝေ ၈/မလန(နိုင်)၁၁၉၅၉၀၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၁၆၀၂၄၃၃

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဦးစောမြ(စစ်တွေ)

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၄၇)၊ လမ်း(၃၀)နှင့်အမှတ်(၆၂၈-၆၃၈)၊ ROYAL RIVER VIEW CONDO ကုန်သည်လမ်းနေ (ဦးဦးကျော်ဇံ-ဒေါ်ကျော့စိန်)တို့၏သမီး၊ (ဦးသာအေး)၏ဇနီး၊ (ဒေါ်အေးခိုင်)၏ ချစ်လှစွာသောအစ်မ၊ ဦးထွန်းလှိုင်(MD)AZMIRY HIGH Co.,LTD-ဒေါ်နုနုစိန်၊ ဦးသိန်းရွှေ(MD)GOLDEN EAGLE TRADE and AGENCY Ltd)-ဒေါ်ဦးမြိုင်၊ ဦးသန်းကျော်-(ဒေါ်အေးမြိုင်)၊ ဒေါ်ဝေဝေ၊ ဦးရန်နိုင်စိုး-ဒေါ်စန်းစန်းဝေ(ခေတ္တ-USA)တို့၏ချစ်လှစွာသော မိခင်၊ မြေး(၁၄)ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဖိုးရင်သည် ၁၇-၃-၂၀၂၀ရက်(အင်္ဂါနေ့)ညနေ ၅:၃၀နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၀ရက်(ကြာသပတေးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကုန်သည်လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန် သူအားရည်စူး၍ ၂၁-၃-၂၀၂၀ရက်(စနေနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကုန်သည်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်အုန်း

### အသက်(၈၇)နှစ်

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ထန်းတပင်(၄)လမ်းနေ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း (ဗိုလ်သင်တန်းကျောင်းအုပ်ကြီး-ငြိမ်း) ၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ညွန့်သန်း(ကျဆုံး) တေဇ(၇)၊ နေပြည်တော်နေ ဦးဟန်ဝင်းအောင်(ညွှန်ကြားရေးမှူးချုပ်)-ဗိုလ်ကြီးညွှန့်ညွှန့်ဝေ(ငြိမ်း)၊ (ဦးလွင်လွင်ထွန်း)-ဒေါ်လဲ့လဲ့ဝင်း(အထက-၁၊ ပဲခူး)၊ ဦးအောင်ဇော်မိုး-ဒေါ်ခင်မိုးဝေ(အထက-၁၊ ပဲခူး)၊ ဦးတင်ထွန်း-ဒေါ်သော်တာရွှေတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာမျိုးသက်ထွန်း(Peter Kyaw Htoon)

### Team Leader (Global Lerprosy Programme, W.H.O, SEARO Rtd)

### မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့(အလုပ်အမှုဆောင်အဖွဲ့ဝင်)

### မြန်မာနိုင်ငံဆရာဝန်အသင်း(ယခင်MMJ ဆေးဂျာနယ် အယ်ဒီတာချုပ် နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)

### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြကန်သာ(၁)လမ်း၊ အမှတ်(၆၅၃-D)နေ (ဦးVကျော်ထွန်း-ဒေါ်ရီရီ)တို့၏သားကြီး၊ ဒေါက်တာခင်ခင်ဝင်း ၏ ခင်ပွန်း၊ ဒေါက်တာဖေသက်ထွန်း-ဒေါက်တာသက်နှင်းနွယ်တို့၏ အစ်ကို၊ အေးအေးမြင့်-Aron Pinto, အေးအေးပွင့်တို့၏ဖခင်၊ မသက်ထားနွယ်၊ ဒေါက်တာမေဖြူစင်၊ မလဲ့ရည်မွန်တို့၏ဘကြီး၊ Maya Pinto Sinto တို့၏ဘိုးဘိုး၊ ဒေါက်တာမျိုးသက်ထွန်း(Peter Kyaw Tone)သည် ၁၈-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၇နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်သန်းသန်းအေး

### (ပုလောမြို့)

### အထပြ(ငြိမ်း)

### အသင်းဝင်အမှတ်(၂၀၂)

### အသက်(၆၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ (ဦးဘချစ်)-ဒေါ်တင်ရီတို့၏သမီး၊ ဦးဆန်း ဦးလွင် အမှုဆောင်ပုလောမြို့နယ် အသင်း၊ ရန်ကုန်)-ဒေါ်မြမြသန်းတို့၏ ညီမသည် ၁၈-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်တင်တင်ဝေ(ခ)မားမီးနူး

### (ကောင်းကြီးမင်္ဂလာ-အိမ်၊ခြံ၊မြေအထွေထွေအကျိုးဆောင်)

### အသက်(၆၆)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ(ဦးမောင်တင့်-ဒေါ်စိန်တင်) တို့၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ဘုတ်ကန်ကျေးရွာနေ (Pu Johana-Pi Nghaki)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ် ကွက်၊ ဆရာစံလမ်း၊ အမှတ်(၁၅၅)နေ (ဦးလားဒင်းငါး)၏ချစ်လှစွာသောဇနီး၊ (ဦးမိုးဇော်ဦး)၊ ဦးစောမိုးဇက်-ဒေါ်စောမီး၊ ဒေါ်မိုးမိုးအေး- ဦးနေလင်းထွန်း၊ ဦးတင်မိုးလွင်၊ ဦးတင်မျိုးထွန်းတို့၏ချစ်လှစွာသော မိခင်၊ မနေခြည်လင်းလက်၊ မနိုဝင်ဘာမိုးဇက်၊ မောင်ကောင်းသန့် မိုးဇက်တို့၏ ချစ်လှစွာသော အဘွား၊ ဒေါ်တင်တင်ဝေ(ခ) မားမီးနူးသည် ၁၇-၃-၂၀၂၀ရက်(အင်္ဂါနေ့)ညတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၃-၂၀၂၀ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်း စုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ် ၊ ထန်းပင်ကုန်း၊ မြောက်ဒဂုံ ပင်လုံ-စစ်တောင်းမှတ်တိုင်တို့မှကားများ မွန်းလွဲ ၁နာရီနှင့် မောနွေလဘုရားကျောင်းရှေ့မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာ ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ရီ

### အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့၊ ရပ်ကွက်(၃)၊ ထန်းရင်းရပ်နေ (ဦးဘိုးညို) ၏ဇနီး၊ ဒေါက်တာညွှန့်စိုး(ကျောင်းအုပ်ကြီး၊ မိုးညှင်းဒီဂရီကောလိပ်)-ဒေါက်တာဇင်မိုးမိုး (တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ တောင်ကုတ်ဒီဂရီကောလိပ်)၏ မိခင်သည် ပြည်မြို့၊ အောင်ဆန်းပြည်သာယာရပ်၊ (၃)လမ်း၊ အမှတ်(၃၃)နေအိမ်၌ ၁၈-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ ရက် ညနေ ၄ နာရီတွင် အေးငြိမ်ရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၂၀ ရက် နံနက် ၆နာရီမှ ၁၀နာရီ အတွင်း ပြည်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်မြ

### (သထုံ/ဘီးလင်း)

### အသက်(၉၄)နှစ်

ဘီးလင်းမြို့နေ (ဦးတေ-ဒေါ်သိန်းရင်)တို့၏သမီး၊ သထုံမြို့နေ(ဦးစောအုန်းဖေ-ဒေါ်ချန်)တို့၏သမီးချွေးမ၊ သထုံမြို့နေ (ဦးမောင်ငယ်)၏ဇနီး၊ (ဦးတင်အောင်)-ဒေါ်ငွေးငွေး၊ ဦးမြင့်သန်း-ဒေါ်မြသန်း၊ ဦးသောင်းတင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန)-ဒေါ်သန်းသန်းငွေး၊ ဦးအောင်မြင့်-ဒေါ်တင်ဝင်းမော်၊ ဦးမြင့်ဇော်-ဒေါ်မိမိမော်တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ် ၁၀ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၃-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၆)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၀ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဗိုလ်မှူးကြီး ကျော်ထွန်း(ငြိမ်း)

### ကြည်း-၁၀၃၈၆၊ O.T.S(၃၁)

### လနစ(ဝါဒီ)စက်ရုံမှူး၊ ညွှန်ကြားရေးမှူး(ကကလုံ)(ငြိမ်း)

### အသက်(၇၉)နှစ်

ရန်ကုန်မြို့နေ(ဦးဉာဏ်-ဒေါ်စောရီ)တို့၏သား၊ဒေါ်ခင်စမ်းလှိုင်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးစောဝင်းမောင်-ဒေါ်ခင်ယင်းမာ၊ ဦးဇော်မင်း-(ဒေါ်ခင်စပယ်)၊ ဦးခင်ဇော်-ဒေါ်ခင်သပြေ၊ ဦးဝင်းဇော်လင်း-ဒေါ်ခင်မြတ်လေး၊ ဗိုလ်မှူးဖြိုးသီဟကျော်-(ဒေါ်ခင်သစ္စာ)တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၁၈-၃-၂၀၂၀ရက် နံနက် ၆:၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေးဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကင်းနေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်တင်ရီ(မော်ကျွန်း)

### (အလယ်တန်းပြ ဆရာမ-ငြိမ်း၊ အထက-၅၊ မရမ်းကုန်း၊ အထက-၆၊ ရွှေပေါက်ကံ)

### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၃၀)နေ(ဦးအေးမောင်-ဒေါ်ဥ)တို့၏သမီး၊ (ဦးသိန်း-ဒေါ်အေးရင်)တို့၏သမီးချွေးမ၊ ဆရာကြီးဦးဘမြင့်(ကပစ-၄-ငြိမ်း)(မိုးဆမ်းပန်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)၏ဇနီး၊ (ဦးမြင့်စိုး)-ဒေါ်ကံစိန်(ရွှေယုန်မင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)တို့၏အစ်မ၊ ဦးကျော်သူရ-ဒေါ်ရွှေဝါခိုင်၊ ဦးရဲသူရ(ခ)ဦးရဲကျော်စိုး၊ (ဦးမင်းသူရ)တို့၏မိခင်၊ မောင်ဘုန်းမြတ်သူ(အထက-၆၊ ရွှေပေါက်ကံ)၊ မောင်သန့်ဇင်မင်း (အထက-၃၊ မရမ်းကုန်း) တို့၏ အဘွားသည် ၁၇-၃-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၁:၄၅နရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၁၅ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၀ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းအောင်(ခ)ဦးစတင်လီတင်ရီ

### B.E(Mech)1975

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးတင်ရီ-ဒေါ်မြမြ)တို့၏သား၊ (ဦးမောင်မောင်သောင်း)-ဒေါ်စုစုတို့၏ သားသမက်၊ ဒေါ်သောင်းသောင်းစု ၏ ခင်ပွန်း၊ ဒေါ်ချောစုစုအောင်၊ ဦးဖြိုးကိုကိုအောင်တို့၏ ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုးသည် ၁၈-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွား ပါသဖြင့် ၂၀-၃-၂၀၂၀ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဇော်မင်းဦး

### B.Sc(IC)(1985–1986)

### အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘာ့ဌာန်းလမ်း၊ အမှတ်(၇၀၇/၇၀၈)ပထမထပ်နေ ဒေါ်စန်းစန်းဝင်း (Lucky Flowers အထည်ချုပ်)၏ ခင်ပွန်းဦးဇော်မင်းဦးသည် ၁၈-၃-၂၀၂၀ရက် နံနက် ၄:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့်မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

သူငယ်ချင်းများ

B.Sc(IC) (1985–1986)

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဆရာတော် ဘဒ္ဒန္တဥက္ကံသ(ကျောက်တော်)

### သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပိုက်သေရပ်ကွက်နေ ဦးကြာထွန်း-ဒေါ်စိန်မြခိုင်တို့၏သား၊ ပဲခူးမြို့နယ်၊ အိုးဘို ဥတ္တရာရုံကျောင်းတိုက် ပဓာနနာယက အရညဝါသီရွှေကျင်နိကာယ မဟာနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဥက္ကံသသည် (၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်) ၁၈-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ခုနှစ် တန်ခူးလဆန်း ၄ ရက်) ၂၇-၃-၂၀၂၀ရက် (သောကြာနေ့)တွင် အန္တိမစျာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အိုးဘို ဥတ္တရာရုံကျောင်းတိုက်
သံဃာတော်များနှင့်ဒါယကာဒါယိကာမများ
အိုးဘိုကျေးရွာ၊ ပဲခူးမြို့နယ်

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမျိုးသက်ထွန်း(Peter Kyaw Htoon)

### Team Leader (Global Leprosy Programme,WHO Headquarters, Geneva & WHO SEARO, Rtd)

### မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့(အလုပ်အမှုဆောင်အဖွဲ့ဝင်)

### မြန်မာနိုင်ငံဆရာဝန်အသင်း(ယခင်ဆေးဂျာနယ်အယ်ဒီတာချုပ် နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)

### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မြကန်သာ(၁)လမ်း၊ အမှတ် (၆၅၃-D) နေ (ဦးVကျော်ထွန်း-ဒေါ်ရီရီ)တို့၏သား၊ဒေါက်တာခင်ခင်ဝင်း၏ခင်ပွန်း၊ ဒေါက်တာဖေသက်ထွန်း-ဒေါက်တာသက်နှင်းနွယ်တို့၏အစ်ကို၊ အေးအေးမြင့်-Aron Pinto၊ အေးအေးပွင့်တို့၏ဖခင်၊ မသက်ထားနွယ်၊ ဒေါက်တာမေဖြူစင်၊ မလဲ့ရည်မွန်တို့၏ ဘကြီး၊ Maya Pinto, Sean Pinto တို့၏ဘိုး ဘိုး၊ ချစ်ခင်ရင်းနှီးရပါသော သူငယ်ချင်း ဒေါက်တာမျိုးသက်ထွန်း(Peter Kyaw Htoon)သည် ၁၈-၃-၂၀၂၀ရက် နံနက် ၆:၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းဒေါက်တာမြင့်ထွေးနှင့်ဇနီးဒေါက်တာဒေါ်နန်းခမ်းမိုင်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမျိုးသက်ထွန်း(Peter Kyaw Htoon)

### Team Leader (Global Leprosy Programme,WHO Headquarters,Geneva & WHO SEARO,Rtd)

### မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့(အလုပ်အမှုဆောင်အဖွဲ့ဝင်)

### မြန်မာနိုင်ငံဆရာဝန်အသင်း(ယခင်ဆေးဂျာနယ်အယ်ဒီတာချုပ် နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)

### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြကန်သာ(၁)လမ်း၊ အမှတ်(၆၅၃-D)နေ (ဦးVကျော်ထွန်း-ဒေါ်ရီရီ) တို့၏သားကြီး၊ ဒေါက်တာခင်ခင်ဝင်း၏ ခင်ပွန်း၊ ဒေါက်တာဖေသက်ထွန်း-ဒေါက်တာသက်နှင်းနွယ်တို့၏ အစ်ကို၊ အေးအေးမြင့်- Aron Pinto၊ အေးအေးပွင့်တို့၏ ဖခင်၊ မသက်ထားနွယ်၊ ဒေါက်တာမေဖြူစင်၊ မလဲ့ရည်မွန်တို့၏ ဘကြီး၊ Maya Pinto,Sean Pinto တို့၏ ဘိုးဘိုး ဒေါက်တာမျိုးသက်ထွန်းသည် ၁၈-၃-၂၀၂၀ရက်နံနက် ၆:၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး
အမြဲတမ်းအတွင်းဝန်နှင့်အရာထမ်း၊အမှုထမ်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးစိန်အုန်း(အင်းစိန်)

### ကြည်လင်ဗွီးရှင်းမျက်မှန်ဆိုင်

### အသက်(၈၁)နှစ်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ပုတီးကုန်းကျေးရွာနေ (ဦးမြမောင်-ဒေါ်ရွှေတင်)တို့၏သား၊ (ဦးထွန်းတင်-ဒေါ် ရွှေတင်)တို့၏သားသမက်၊ (ဒေါ်လှပိုင်)၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ငွေးငွေးဦး၊ ဦးစိုးသန်း-ဒေါ်ခင်နှင်းယု၊ ဦးစိုးမြင့်သူ-(ဒေါ်ဝါဝါခိုင်)၊ ဒေါ်ငွေးငွေးလွင်၊ ဦးငွေးယုတို့၏ မွေးသဖခင်၊ ဦးတင်ဦးနိုင်-ဒေါ်စိုးသီတာနှင်း၊ မမြတ်သော်တာလင်း၊ မစိုးဇေရီနှင်း၊ မခိုင်ခန့်ခန့်ကျော်တို့၏ အဘိုးသည် ၁၈-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃:၅၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၂၀ ရက်(အင်္ဂါနေ့)နံနက်တွင် အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ်(၆၂/ခ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးဇော်မင်းဦး

### B.Sc(IC)(1985–1986)

### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၂၉/၁၄၄)နေ [ဒုတိယဗိုလ်မှူးကြီးမြဦး(ငြိမ်း)]-ဒေါ်တင်မေ တို့၏သား၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၁၀)နေ (ဦးထွန်းသောင်-ဒေါ်ငွေတင်)(ကြေး/သံကုန်သည်)တို့၏သားသမက်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘာ့ဌာန်းလမ်း၊ အမှတ်(၇၀၇/၇၀၈၊ ပထမထပ်)နေ မောင်မင်းထက်ကျော်(နိုင်ငံတော်သမ္မတရုံး)၊ မောင်ကောင်းဇော်မြတ်(ADV-Interior Design)တို့၏ဖခင်၊ ဒေါ်စန်းစန်းဝင်း(Lucky Flowers အထည်ချုပ်) ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၀ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု

# အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် ရှင်းလင်းတင်ပြခြင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၁၈**

အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (National Contingency Plan for Marine Pollution)အား ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ◆

ယနေ့ထုတ်
မြန်မာ့အလင်း
သတင်းစာတွင်
COVID-19 ဆိုင်ရာ
ထုတ်ပြန်ချက်များ
အထူးအချပ်ပို
(၄)မျက်နှာ
ပါရှိပါသည်

## အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို ရွှေ့ဆိုင်းထားသည်ဟု ONE Championship ထုတ်ပြန်

**ရန်ကုန် မတ် ၁၈**

မြန်မာ MMA ကစားသမား အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲပါဝင်သည့် ONE Infinity-1 ပြိုင်ပွဲကို ရွှေ့ဆိုင်းထားကြောင်း ONE Championship က ထုတ်ပြန်ခဲ့သည်။ ယင်းပြိုင်ပွဲကို ယခင်က ဧပြီ ၁၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသော်လည်း မေ ၂၉ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ပြောင်းလဲကျင်းပရန် ယာယီဆုံးဖြတ်ထားခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID-19 ရောဂါကြောင့် ONE Championship သည် ပြိုင်ပွဲများအား ရွှေ့ဆိုင်းခြင်း၊ ရုံပိတ်ကျင်းပခြင်းတို့ ပြုလုပ်လျက်ရှိပြီး အောင်လအန်ဆန်၏ ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲပါဝင်သည့် ONE Infinity-1 ပြိုင်ပွဲကို မေ ၂၉ ရက်သို့ ပြောင်းလဲထားခြင်းဖြစ်သည်။ ONE Infinity-1 ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲနှင့် စိန်ခေါ်ပွဲများပါဝင်မည်ဖြစ်ပြီး အောင်လအန်ဆန်၏ *စာမျက်နှာ ၁၁ ကော်လံ ၅* ◯




အောင်လအန်ဆန်နှင့် ဘစ်ဒက်ရ်အား ၂၀၁၇ ခုနှစ် ဇွန်လက ရန်ကုန်မြို့၌ တွေ့ရစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်



# COVID-19 ဆိုင်ရာထုတ်ပြန်ချက်များ အထူးအချပ်ပို

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၉ ရက်၊ ကြာသပတေးနေ့

**ပြည်သူသာလျှင် အဓိကပါ။ အစိုးရက ဘယ်လိုကောင်းမွန်တဲ့ အစီအစဉ်တွေပဲ ချမှတ် ချမှတ်၊ အမှန်တကယ် ထိရောက်အောင်မြင်ဖို့ဆိုရင်၊ ပြည်သူတွေ ပူးပေါင်းပါဝင်မှ ဖြစ်မယ်**

## COVID-19 သည် လူစုလူဝေးများပြားရာနေရာများတွင် လျင်မြန်စွာကူးစက်နိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များကို ယနေ့မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်ထိ မပြုလုပ်ကြရန် နိုင်ငံတော်သမ္မတရုံးမှ ပြည်သူသို့ ပန်ကြားချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ပြည်သူသို့ ပန်ကြားချက်**
**၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက် )**

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID – 19) ကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO ) က ၁၁-၃-၂၀၂၀ ရက် မြန်မာစံတော်ချိန် ည ၁၁:၁၃ နာရီတွင် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ ထို့ကြောင့် ၃၀-၁-၂၀၂၀ ရက်နေ့က ဖွဲ့စည်းခဲ့သော Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို အမျိုးသားအဆင့် ဗဟိုကော်မတီ အဖြစ် ၁၃ - ၃ - ၂၀၂၀ ရက်နေ့၌ တိုးမြှင့်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၃။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) သည် လူစုလူဝေးများပြားရာ နေရာများတွင် လျင်မြန်စွာကူးစက်နိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် လူစုလူဝေးဖြင့်ကျင်းပသော အခမ်းအနားများ၊ ပွဲလမ်းသဘင်များ (မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွက် မဏ္ဍပ်ဆောက်လုပ်ပြီးကျင်းပခြင်းအပါအဝင်) မပြုလုပ်ကြရန် ဖြစ်ပါသည်။ ထိုသို့ အခမ်းအနားများ၊ ပွဲလမ်းသဘင်များကို ယနေ့မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်ထိ ကျင်းပခွင့်မပြုဘဲ ရပ်ဆိုင်းထားရေးကိုလည်း သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားထားပြီး လိုအပ်ပါက ရပ်ဆိုင်းကာလကို ထပ်မံတိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID–19 ရောဂါစောင့်ကြည့်လူနာနှင့် သံသယလူနာများ၏ သတင်းများ၊ အဆိုပါ လူနာများ၏ ဓာတ်ခွဲအဖြေသတင်းများကို ပြည်သူများထံ အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိရာ ၁၂-၃-၂၀၂၀ ရက်၊ ည (၁၀) နာရီ အချိန်အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ မတွေ့ရှိရသေးကြောင်း သိရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောက်လန့်အောင် မမှန်သတင်းဖြန့်ဝေနေသည့် ကောလာဟလများကို မယုံကြည်ကြရန်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID– 19) မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရန်နှင့် မိမိပတ်ဝန်းကျင်တွင် သံသယလူနာ တွေ့ရှိပါက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့ အသိပေးဆောင်ရွက်သွားကြရန် အလေးအနက် ပန်ကြားအပ်ပါသည်။

## COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်သူများအား အသိပေးပန်ကြားခြင်း

**နေပြည်တော်၊ (၂၀၂၀) ခုနှစ်၊ မတ်လ (၁၃) ရက်၊ (၁၄:၀၀) နာရီ**

(က) မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ COVID–19 ရောဂါဖြစ်ပွားသူ ဓာတ်ခွဲအတည်ပြုလူနာ တစ်ဦးတစ်ယောက်မျှ လုံးဝ (လုံးဝ) မတွေ့ ရှိရသေးပါ။ ဓာတ်ခွဲစစ်ဆေးခံရသူအများစုသည် ရောဂါလက္ခဏာ ပြင်းထန်စွာမပြဘဲ ဆေးရုံမှဆင်းသွားပြီဖြစ်ပါသည်။

( ခ ) “ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုအကျိုးရှိထိရောက်သည်” ဟူသောအချက်ကို နောက်ခံထား၍လည်းကောင်း၊ မိမိတို့နိုင်ငံ၌ အချိန်မရွေး ရောဂါဝင်ရောက် ကူးစက်ဖြစ်ပွားနိုင်သည်ဟု သဘောထား၍လည်းကောင်း မိမိတို့ဝန်ကြီးဌာနသည် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးအားစိုက်၍ ဆောင်ရွက်နေပါသည်။ ဤကဲ့သို့ ဆောင်ရွက်နေခြင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မိမိတို့ပြည်သူတစ်ဦးတစ်ယောက်မျှ COVID–19 ရောဂါ မဖြစ်ပွားစေရန်နှင့် သေဆုံးမှုမရှိစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ဤအချက်များကို ပြည်သူများ သိရှိသဘောပေါက် ကြစေလိုပါသည်။

( ဂ ) လူစုလူဝေး၊ ပွဲလမ်းသဘင်များအား တတ်နိုင်သမျှ မကျင်းပရန် ဆော်ဩနေသည်မှာလည်း ဤနေရာများသည် ရောဂါကူးစက်ဖြစ်ပွားရန် အလားအလာအလွန်များစေနိုင်သဖြင့် မဖြစ်ခင်က ကြိုတင်ကာကွယ်သည့် လုပ်ရပ်တစ်ခုအဖြစ် ပြည်သူများနှင့် အဖွဲ့အစည်းများအား ပန်ကြားနေခြင်းဖြစ်ပါသည်။

(ဃ) အသွားအလာ ပိတ်ပင်ကန့်သတ်ပြီး သတ်မှတ်နေရာများတွင် ထားရှိစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) လုပ်ဆောင်မှုခံယူရသူများသည် ရောဂါဖြစ်ပွားမှု လုံးဝ (လုံးဝ) မရှိသေးသော ကျန်းမာနေသောသူများသာ ဖြစ်ပါသည်။ ၎င်းတို့တွင် ရောဂါလက္ခဏာများ စတင်တွေ့ရှိလာပါက အချိန်နှင့်တစ်ပြေးညီ (ချက်ချင်း) ကုသပေးနိုင်သဖြင့် မိမိတို့ပြည်သူများ အသက်ဆုံးရှုံးနိုင်ခြေနည်းပါးစေသည့်အပြင် ၎င်းတို့နှင့် နီးစပ်သည့် မိသားစုနှင့် မိတ်ဆွေများထံ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။


( င ) မိမိတို့သည် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အထူးကြပ်မတ်ဆောင်ရွက်နေခြင်းမှာ မိမိတို့နိုင်ငံအတွင်းသို့ ရောဂါဖြစ်ပွားသူများ တစ်ဦးတစ်ယောက်မျှ မဝင်ရောက်စေလို၍ လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။ ဤရောဂါ၏ ကူးစက်ပြန့်ပွားမှုသည် အလွန်မြန်ဆန်သည့်အတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

(စ) မိမိတို့၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm)နှင့် လူမှုကွန်ရက်စာမျက်နှာ (www.facebook.com/ MinistryOfHealthAndSportsMyanmar) ၌ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသော သတင်းအချက်အလက်အမှန်များကို အလေးပေး ပုံမှန်ဖတ်ရှုကြစေလိုပါသည်။

(ဆ) ပြည်သူများအနေဖြင့် ကောလာဟလ သတင်းအမှားများကို လူ့ကျင့်ဝတ်အရ ဆက်လက်မဖြန့်ဝေကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကောလာဟလသတင်းအမှားများ ဆက်လက်ဖန်တီးဖြန့်ဝေနေသူများကိုလည်း တရားဥပဒေအရ ပြင်းထန်စွာအရေးယူသွားမည် ဖြစ်ပါသည်။

( ဇ ) ပြည်သူများအနေဖြင့် အစိုးရိမ်လွန် ကြောက်လန့်နေခြင်းမဖြစ်ကြဘဲ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ရောဂါကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြပါရန် ပန်ကြားအပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**






### အဝေးပြေးကားဂိတ်နှင့် ပြည်တွင်းလေဆိပ်များ၌လည်းကောင်း၊ အဝေးပြေးမှန်လုံကားများ၊ လေယာဉ်ပျံ မထွက်မီ (၃) မိနစ်ခန့် ပြောကြားရန်

- ခရီးသွားမိတ်ဆွေပြည်သူများရှင့်/ခင်ဗျာ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှ စတင်ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019) ကူးစက်ခြင်းမခံရရန် လူတိုင်းကြိုတင် ကာကွယ်နေကြရပါတယ်။
- ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများမှာ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက်ကူးစက်ပျံ့နှံ့ခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ဗိုင်းရပ်စ်ပိုးများအား လက်ဖြင့် ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ကူးစက်ခြင်းတို့ ဖြစ်ပါတယ်။
- ရောဂါပိုးရှိသူများ ချောင်းဆိုး၊ နှာချေရာမှ ထွက်လာသော အရည်၊ အမှုန်အမွှားများတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေပါဝင်ပြီး အနီးနားရှိလူများကို ပျံ့နှံ့ကူးစက်နိုင်ပါတယ်။ ဒါ့အပြင် တီဘီရောဂါ၊ ဆေးယဉ်ပါး တီဘီရောဂါ၊ တုပ်ကွေးရောဂါ၊ ဦးနှောက် အမြှေးရောင်ရောဂါ စတဲ့ရောဂါပိုးတွေဟာလည်း ဒီလိုကူးစက်နိုင်ပါတယ်။
- ဒီကား/လေယာဉ်တွေမှာတော့ ခရီးစဉ်အလိုက် နာရီနှင့်ချီပြီး တစ်ဦးနဲ့တစ်ဦး နီးကပ်စွာ လိုက်ပါကြရမှာ ဖြစ်တဲ့အတွက် အန္တရာယ်တစ်စုံတစ်ရာမရှိစေရေး ယခု ပြောကြားမည့် အချက်များကို လိုက်နာကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။
- ခရီးသည်များ ရှင့်/ ခင်ဗျာ
  - (၁) ဖျားနာ၊ နှာချေ၊ ချောင်းဆိုးရောဂါ ဖြစ်ပွားနေပါက လေယာဉ်၊ အဝေးပြေးဘတ်စ်ကားစတဲ့ခရီးစဉ်တွေမှာ လိုက်ပါစီးနင်းခြင်းမပြုသင့်ပါ သို့သော် မလွှဲမရှောင်သာ၍ ယခုခရီးစဉ်မှာလိုက်ပါလာခဲ့ရလျှင်လည်း အခြားသူများကိုမကူးစက်စေဖို့ မိမိတို့ ယာဉ်မောင်/မယ်များအား အသိပေးပြောကြား၍ ခွဲစိတ်ခန်းသုံးပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) သို့မဟုတ် တစ်ခါသုံးတစ်ရှူးများကို တောင်းခံရမှာဖြစ်ပါတယ်။
  - (၂) ဒါ့အပြင် ကျင့်ဝတ်အရ နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင် ဖုံးအုပ်ရမှာဖြစ်ပါတယ်။
  - (၃) ခွဲစိတ်ခန်းသုံးပါးစပ်နှင့်နှာခေါင်းစည်း(Surgical Mask)သို့မဟုတ်တစ်ခါသုံးတစ်ရှူး မရနိုင်ပါက လက်မောင်း တံတောင်ကွေးကို အသုံးပြု၍ ဖုံးအုပ်ပြီးမှ ချောင်းဆိုးပါ၊ လက်ဖဝါးကို အသုံးမပြုရပါ၊ လက်ကိုင်ပဝါနှင့် အဝတ်စများကို အသုံးမပြုပါနှင့်။ (သရုပ်ပြပါ)
  - (၄) အသုံးပြုပြီးသော တစ်ရှူးကို အိတ်တွင်လုံခြုံစွာ စုစည်းသိမ်းဆည်း၍ အမှိုက်ပုံးတွင် စနစ်တကျစွန့်ပစ်ပါ။ (သရုပ်ပြပါ) ကား/ လေယာဉ်ရပ်နားချိန်တွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ။
  - (၅) နှာချေ၊ ချောင်းဆိုးပြီးနောက် လက်ကို စင်ကြယ်အောင် စနစ်တကျ ဆပ်ပြာနှင့် ပြန်ဆေးပါ။ ရေ/ ဆပ်ပြာမရှိလျှင် အရက်ပြန်ပါသော လက်သန့်စင် ဆေးရည်ကို အသုံးပြုပါ။
  - (၆) တံတွေး၊ သလိပ်ထွေးလိုပါက ပလတ်စတစ်အိတ်(သို့မဟုတ်)ဘူးတွင် သေချာစွာ ထွေး၍ ပိတ်ထားပါ။ အမှိုက်ပုံးတွင် စနစ်တကျ စွန့်ပစ်ပါ။
  - (၇) အကူအညီလိုအပ်ပါက အသိပေးပါ ရှင့်/ ခင်ဗျာ။
- ခရီးသွားမိတ်ဆွေပြည်သူများအနေနှင့် ယခုအသိပေးချက်များကို လိုက်နာပေးဖို့ ထပ်မံမေတ္တာရပ်ခံအပ်ပါတယ်။ လတ်တလောအသက်ရှူလမ်းကြောင်းရောဂါဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ www.mohs.gov.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ ယခု ယာဉ်ပေါ်တွင် ကပ်ထားသော QR Code ကိုလည်း Scan ဖတ်ပြီးဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

ပျော်ရွှင်ဖွယ်ခရီးစဉ်ဖြစ်ပြီး ဝူဟန်မြို့ကအစပြုတဲ့ ကိုရိုနာဗိုင်းရပ်စ် အန္တရာယ်မှ ကင်းဝေးကြပါစေ။

အသေးစိတ်သိရှိရန်ဤနေရာကို Scan ဖတ်ပါ။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
(၁၇-၂-၂၀၂၀)

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကာကွယ်ပါ

### ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ

- အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက် ကူးစက်ပျံ့နှံ့စေခြင်း
- အရာဝတ္ထုများ၌ ထိကပ်နေသောရောဂါပိုးများအား လက်နှင့် ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ကူးစက်ခြင်း



### သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ

- လွန်ခဲ့သည့် (၁၄)ရက်အတွင်း ရောဂါကူးစက်ပျံ့ပွားနေသည့် နိုင်ငံများသို့ ခရီးသွားခဲ့ခြင်း (သို့မဟုတ်) ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ ရှိခဲ့ပြီး
- ဖျားခြင်း (အပူချိန် ၃၈°C / ၁၀၀.၄°F နှင့်အထက်ရှိခြင်း)
- ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း



### ကာကွယ်နိုင်မည့်နည်းလမ်းများ

- အထက်ပါ ရောဂါလက္ခဏာ ခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။
- လက်ကို စင်ကြယ်အောင် မကြာခဏ စနစ်တကျဆေးကြောပါ။
- နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ပါ။ တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ လက်ကိုစနစ်တကျ ပြန်လည်ဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ။ အာဟာရပြည့်ဝစွာစားသုံးပါ၊ ကောင်းစွာအိပ်စက် အနားယူပါ။
- လူထူထပ်သည့်နေရာများသို့ သွားလာခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- ဟိုတယ်နှင့် အများပြည်သူသုံးနေရာများရှိ ဓါတ်လှေကားခလုတ်များ၊ စက်လှေကား လက်ရမ်းများနှင့် တံခါးလက်ကိုင်များကို မလိုအပ်ဘဲ ကိုင်တွယ်ခြင်း မပြုပါနှင့်၊ ကိုင်တွယ်ပြီးပါက လက်ကိုစနစ်တကျပြန်ဆေးပါ။
- ဓါတ်လှေကားခလုတ်များ၊ စက်လှေကား လက်ရမ်းများနှင့် တံခါးလက်ကိုင်များကို Alcohol 70% ပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ပွတ်တိုက်သန့်စင်ပါ။



ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) သံသယရှိသူကို တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့၍ ကုသမှုခံယူနိုင်ရန် ကူညီပါ။

ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ အကြံပေးချက်များကိုလိုက်နာပါ။

(COVID-19)

အသေးစိတ်သိရှိလိုပါက ဤ QR Code ကို Scan ဖတ်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.3 (၁-၃-၂၀၂၀)

### CORONAVIRUS DISEASE (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် ပတ်သက်၍ ပြည်သူများထံ ပန်ကြားခြင်း

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၈)၊ (၁၁:၀၀) နာရီ

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါဖြစ်ပွားသူလူနာ မတွေ့ရှိသေးသော်လည်း -

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် အီတလီ၊ အီရန်နှင့် အထူးသဖြင့် ကိုရီးယားသမ္မတနိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယလက္ခဏာရှိသူများမဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့်ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများဆောင်ရွက်မှုမှာ အရေးကြီးသည့်အချက်တစ်ချက် ဖြစ်ပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသနိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ်များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများပြားသော နေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော်လည်းရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက်တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများ အနေဖြင့် -

- ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်များရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊
- အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်
- အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့် လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာစနစ်တကျ လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19)နှင့်ပတ်သက်၍**
**အမေးများသောမေးခွန်းများနှင့်အဖြေများ (၁၇–၂–၂၀၂၀ )**

**(၁) ကိုရိုနာဗိုင်းရပ်စ် (Coronavirus) ဆိုတာ ဘာလဲ ?**

– ကိုရိုနာဗိုင်းရပ်စ်(Coronavirus) ဆိုတာ တိရစ္ဆာန်တွေမှာသာမက လူတွေမှာပါတွေ့နိုင်တဲ့ ကြီးမားတဲ့ဗိုင်းရပ်စ်အုပ်စုတစ်မျိုးပါ။ လူတွေကိုကူးစက်တဲ့အခါ ပုံမှန်တုပ်ကွေးရောဂါလက္ခဏာကနေ ပြင်းထန်တဲ့ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါတွေအထိ ဖြစ်တတ်ပါတယ်။

(ဥပမာ– ၂၀၁၂ခုနှစ်က အရှေ့အလယ်ပိုင်းမှာဖြစ်ပွားခဲ့တဲ့ MERS ရောဂါနဲ့ ၂၀၀၂ခုနှစ်က တရုတ်နိုင်ငံမှာဖြစ်ပွားခဲ့တဲ့ SARS ရောဂါတွေလိုမျိုး ပြင်းထန်အဆုတ်ရောင်ရောဂါတွေဟာ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေကြောင့် ဖြစ်ပွားခဲ့ရပါတယ်။)

**(၂) နော်ဗယ်လ်ကိုရိုနာဗိုင်းရပ်စ် (Novel Coronavirus) ဆိုတာဘာလဲ ?**

– နော်ဗယ်လ်ကိုရိုနာဗိုင်းရပ်စ် (Novel Coronavirus)ဆိုတာ လူတွေမှာ အရင်တုန်းက မတွေ့ရှိဘူးတဲ့ ဗိုင်းရပ်စ်မျိုးစိတ် အသစ်တစ်ခုဖြစ်ပါတယ်။ ၂၀၁၉ခုနှစ် ဒီဇင်ဘာလက တရုတ်နိုင်ငံဝူဟန်မြို့မှာ စတင်တွေ့ရှိခဲ့တဲ့ Coronavirus ဟာ မျိုးစိတ်အသစ်တစ်ခုဖြစ်ပါတယ်။ **2019–nCoV** လို့ခေါ်ပြီး သူ့ကြောင့်ဖြစ်တဲ့ရောဂါကိုတော့ ကိုရိုနာဗိုင်းရပ်စ်ရောဂါ(**COVID–19**)လို့ အမည်ပေးထားပါတယ်။

**(၃) အခုဖြစ်ပွားနေတဲ့ ဗိုင်းရပ်စ်အသစ်ဟာ SARS ရောဂါကိုဖြစ်ပွားစေတဲ့ ဗိုင်းရပ်စ်နဲ့ တူပါသလား?**

– မတူပါ။

**(၄) ဒီ ဗိုင်းရပ်စ်ဟာ ဘယ်လောက်အထိ အန္တရာယ်ရှိပါသလဲ ?**

– အခြားသောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများလိုပဲ ဒီ ဗိုင်းရပ်စ် ကူးစက်ခံရရင် နှာစေး၊ ချောင်းဆိုးတာ၊ ဖျားတာစတဲ့ သိပ်မပြင်းထန်တဲ့ ရောဂါလက္ခဏာတွေ ခံစားရနိုင်ပါတယ်။ တချို့လူတွေမှာတော့ အဆုတ်ရောင်ရောဂါနဲ့ အသက်ရှုရ ခက်ခဲတာမျိုး ဖြစ်တတ်ပါတယ်။ ဆီးချိုရောဂါ၊ နှလုံးရောဂါ စတဲ့ရောဂါ အခံရှိသူတွေနဲ့ အသက်ကြီးတဲ့သူတွေမှာတော့ ပိုမိုပြင်းထန်တဲ့ ရောဂါလက္ခဏာတွေ ခံစားရနိုင်ပြီး တစ်ခါတစ်ရံမှာ အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါတယ်။

**(၅) 2019–nCoV ဗိုင်းရပ်စ်ဟာ တိရစ္ဆာန်တွေက တစ်ဆင့်လူကို ကူးစက်နိုင်ပါသလား?**

– ၂၀၁၂ခုနှစ်က အရှေ့အလယ်ပိုင်းမှာဖြစ်ပွားခဲ့တဲ့ MERS ရောဂါဟာ ကုလားအုတ်ကနေတစ်ဆင့်လူကို ကူးစက်ခဲ့တာဖြစ်ပြီး၊ ၂၀၀၂ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ စတင်ဖြစ်ပွားခဲ့တဲ့ SARS ရောဂါကတော့ ကြောင်ကတိုးကနေ တစ်ဆင့် လူကိုကူးစက်ခဲ့တာဖြစ်ပါတယ်။ Coronavirus အများစုကတော့ တိရစ္ဆာန်များရဲ့ခန္ဓာကိုယ်ထဲမှာ နေထိုင်ပြီး လူတွေဆီကို ကူးစက်မှု မရှိတာကို တွေ့ရှိရပါတယ်။ ကမ္ဘာမှာ စောင့်ကြည့်လေ့လာမှုများအရ ယခု လက်ရှိဖြစ်ပွားနေတဲ့ 2019–nCoV ဗိုင်းရပ်စ်ကတော့ ဘယ်တိရစ္ဆာန်ကနေလူကို ကူးစက်တယ်ဆိုတာ မသိရှိရသေးပါဘူး။ တရုတ်နိုင်ငံရှိရောဂါစတင်ဖြစ်ပွားမှုကတော့ တိရစ္ဆာန်အရှင်များ ရောင်းချတဲ့ဈေးမှ စတင်ကူးစက်တယ်လို့ ယူဆရပါတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့အတွက် တောရိုင်းတိရစ္ဆာန်အပါအဝင် ဖျားနာနေတဲ့ခြံမွေး တိရစ္ဆာန်တွေကို အကာအကွယ်မပါဘဲ မကိုင်တွယ်မထိတွေ့ပါနဲ့။ အသားတွေကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီး စားသောက်ရပါမယ်။ အသားစိမ်းတွေ၊ ကလီစာတွေ တိရစ္ဆာန်ကထွက်တဲ့နို့တွေကို သန့်သန့်ရှင်းရှင်းနဲ့စနစ်တကျ ကိုင်တွယ်ရမှာဖြစ်ပြီး ကိုင်တွယ်ပြီးရင် စနစ်တကျလက်ပြန်ဆေးရမှာဖြစ်ပါတယ်။

**(၆) 2019–nCoV ဗိုင်းရပ်စ်ဟာ ကိုယ့်ရဲ့အိမ်မွေးတိရစ္ဆာန်တွေက တစ်ဆင့် ကူးစက်နိုင်ပါသလား?**

– မကူးစက်နိုင်ပါ။

2019–nCoV ဗိုင်းရပ်စ်ဟာ ခွေး၊ ကြောင်စတဲ့ အိမ်မွေးတိရစ္ဆာန်တွေက တစ်ဆင့်ကူးစက်ပျံ့နှံ့ကြောင်း ယခုအချိန်အထိ အထောက်အထားမတွေ့ရှိရသေးပါဘူး။

**(၇) 2019–nCoV ဗိုင်းရပ်စ်ဟာ လူအချင်းချင်းကူးစက်နိုင်ပါသလား?**

– ကူးစက်နိုင်ပါတယ်။

ရောဂါရှိတဲ့သူနဲ့ အနီးကပ်ထိတွေ့ရာကတစ်ဆင့် ရောဂါကူးစက်ခံရနိုင်ပါတယ်။ အထူးသဖြင့် အိမ်မှာအတူနေတဲ့သူတွေ၊ ရောဂါရှိသူကိုကုသစောင့်ရှောက်မှုပေးရတဲ့ ကျန်းမာရေးဝန်ထမ်းတွေကိုကူးစက်နိုင်ပါတယ်။ ဒါကြောင့် သာမန်ပြည်သူတွေအနေနဲ့ ရောဂါလက္ခဏာရှိသူတွေနဲ့ အနီးကပ်နေထိုင်ခြင်းကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

**(၈) ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ဘာတွေလုပ်ရမလဲ?**

– ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်တဲ့ ရောဂါကာကွယ်နိုင်မည့် ကျန်းမာရေးအသိပညာပေးသတင်းအချက်အလက်တွေကို သတိပြုဖတ်ရှုကြဖို့ တိုက်တွန်းလိုပါတယ်။

ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ဖို့အတွက် –

- ရေနဲ့ဆပ်ပြာအသုံးပြုပြီး လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။ တစ်ခါဆေးလျှင် အနည်းဆုံးစက္ကန့်(၂၀)မှ စက္ကန့်(၆၀)အထိ ကြာအောင်ဆေးပါ။ ရေမရရှိနိုင်ပါက Alcohol (60%) ပါတဲ့ လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။

(လက်ကိုစနစ်တကျ မကြာခဏဆေးခြင်းအားဖြင့် လက်မှာကပ်ငြိနေတဲ့ ရောဂါပိုးတွေကို သေစေနိုင်ပါတယ်)

- နှာစေး၊ ချောင်းဆိုး၊ ဖျားနာနေတဲ့သူတွေနဲ့ တွေ့ဆုံတဲ့အခါ အနည်းဆုံး(၃)ပေ အကွာကနေသာ ပြောဆိုဆက်ဆံပါ။

(ရောဂါပိုးရှိသူတွေ နှာချေ၊ ချောင်းဆိုးတဲ့အခါထွက်လာတဲ့ သေးငယ်တဲ့ အမှုန်အမွှားတွေမှာ ရောဂါပိုးတွေ ပါရှိတတ်လို့ပါ)

- မိမိရဲ့ မျက်လုံး၊ နှာခေါင်းနဲ့ပါးစပ်တို့ကို စနစ်တကျလက်မဆေးဘဲနဲ့ မကြာခဏကိုင်တွယ်ခြင်း မပြုပါနဲ့။ (လက်မှာရောဂါပိုးတွေကပ်ငြိနေမယ်ဆိုရင် မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်တို့ကနေတစ်ဆင့် ရောဂါပိုးတွေဝင်ရောက်နိုင်လို့ပါ)

**(၉) ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ပါးစပ်နှင့်နှာခေါင်းစည်း တပ်သင့်ပါသလား ?**

– ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) တပ်ခြင်းအားဖြင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါအချို့ကို အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ပေမယ့် စနစ်တကျလက်ဆေးခြင်းအပါအဝင် အထက်ဖော်ပြပါ ကာကွယ်နည်းတွေကို လိုက်နာဖို့က အရေးကြီးပါတယ်။

– နှာစေး၊ ချောင်းဆိုးစတဲ့ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိတဲ့လူတွေ၊ ရောဂါလက္ခဏာရှိတဲ့သူတွေကို အနီးကပ်ပြုစုပေးရသူတွေ၊ ကျန်းမာရေးဝန်ထမ်းတွေပဲ ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) တွေကို သုံးရမှာဖြစ်ပါတယ်။

– ဒီလိုအခြေအနေကလွဲပြီး သာမန်ပြည်သူတွေအနေနဲ့ ပါးစပ်နဲ့နှာခေါင်းစည်းကို အသုံးပြုဖို့ မလိုပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါတယ်။

–နှာချေ၊ ချောင်းဆိုး၊ ဖျားခြင်းစတဲ့လက္ခဏာရှိတဲ့သူတွေအနေနဲ့ လူထူထပ်တဲ့နေရာတွေကိုသွားတာ၊ ဘတ်စ်ကားစီးတာ၊ လေယာဉ်စီးတာတွေကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ မဖြစ်မနေသွားလာရမည်ဆိုရင်လည်း ပါးစပ်နှင့် နှာခေါင်းစည်းတပ်ပြီးမှသာ သွားသင့်ပါတယ်။

– နှာချေ၊ ချောင်းဆိုးတဲ့သူတွေအနေနဲ့ ပါးစပ်နှင့် နှာခေါင်းစည်း အလွယ်တကူမရနိုင်ခြင်း၊ စိုစွတ်သွားပြီး အစားထိုးအသုံးပြုရန်မရှိနိုင်ခြင်းတို့ကြုံတွေ့ပါက တစ်ခါသုံးတစ်ရှူးကို အသုံးပြု၍ ပါးစပ်နှင့် နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပြီး နှာချေ၊ ချောင်းဆိုးရမှာဖြစ်ပါတယ်။ အသုံးပြုပြီး တစ်ရှူးကိုလည်း စနစ်တကျစွန့်ပစ်ရန်လိုအပ်ပါတယ်။

– တစ်ရှူးကိုအသုံးပြုပြီးတဲ့အခါတိုင်း လက်ကိုစနစ်တကျပြန်ဆေးရမှာဖြစ်ပါတယ်။

**(၁၀) ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို ဘယ်လိုတပ်ရမလဲ၊ ချွတ်ရမလဲ၊ ဘယ်လိုစွန့်ပစ်ရမလဲ**

- ပါးစပ်နှင့်နှာခေါင်းစည်းကို မဝတ်ခင် လက်ကိုစနစ်တကျသေချာစွာဆေးပါ။
- အရောင်ပိုရင့်သည့် မျက်နှာပြင်ကို အပြင်ဘက်တွင်ထားရှိပါ။
- ပါးစပ်နှင့်နှာခေါင်းနှစ်ခုလုံးကို လုံခြုံအောင်ဖုံးအုပ်ပါ။
- Mask ၏ဘေးအနားစွန်းများနှင့် မိမိ၏ မျက်နှာကြားတွင် လစ်ဟာမှု(gap)မရှိစေရပါ။
- Mask အသုံးပြုနေစဉ် Mask ကိုလက်ဖြင့်ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ။
- Mask ကိုဖယ်ရှားမည်ဆိုပါက Mask အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်ဖယ်ရှားပါ။
- Mask ကိုဖယ်ရှားပြီးပါက မိမိ၏လက်ကို စနစ်တကျပြန်လည် ဆေးကြောပါ။
- မိမိအသုံးပြုနေသော Mask သည် စိုစွတ်လာပါက အသစ်တစ်ခုနှင့် လဲလှယ်အသုံးပြုပါ။
- အသုံးပြုပြီးသား Mask ကိုပြန်လည်၍ အသုံးမပြုရပါ။
- အသုံးပြုပြီးသား Mask ကို အမှိုက်ပုံးထဲသို့ စနစ်တကျလွှင့်ပစ်ပါ။
- ချည်ထည်၊ ပိတ်စအဝတ်တို့ဖြင့်ပြုလုပ်ထားတဲ့ Mask များကို အသုံးမပြုရပါ။

**(၁၁) ဘယ်လိုလူတွေက ဗိုင်းရပ်စ်ပိုးကူးစက်ခံရနိုင်သလဲ ?**

– 2019–nCoV ဗိုင်းရပ်စ်ပိုးပျံ့နှံ့နေတဲ့နေရာတွေမှာ နေတဲ့သူတွေနဲ့ အဲ့ဒီနေရာဒေသတွေကို ခရီးသွားလာဖူးတဲ့သူတွေ ကူးစက်ခံရနိုင်ပါတယ်။ ယခုလက်ရှိမှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ 2019–nCoV ဗိုင်းရပ်စ်ပိုးပျံ့နှံ့မှုအများဆုံးဖြစ်နေပြီး လူအများအပြားဟာ ကူးစက်ခံနေရကြောင်း တွေ့ရှိရပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင်ဘက်နိုင်ငံများတွင် ကူးစက်ခံထားရတဲ့သူတွေကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို လတ်တလော ခရီးသွားခဲ့တဲ့သူတွေနဲ့ သူတို့နဲ့ အနီးကပ်ထိတွေ့ခဲ့တဲ့သူတွေ (ဥပမာ–မိသားစုဝင်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ကုသမှုပေးရတဲ့ကျန်းမာရေးဝန်ထမ်းတွေ) ဖြစ်ပါတယ်။

– 2019–nCoV Virus ကူးစက်ခံထားရတဲ့ လူနာတွေကို အနီးကပ်ကုသပေးရတဲ့ ကျန်းမာရေးဝန်ထမ်းတွေကတော့ ကူးစက်နိုင်ခြေ အများဆုံးသူတွေဖြစ်တဲ့အတွက် ရောဂါမကူးစက်နိုင်အောင်ညွှန်ကြားထားတဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း တိတိကျကျ လိုက်နာရပါမယ်။

**(၁၂) ဘယ်လိုလူတွေမှာ ရောဂါပိုပြီးပြင်းထန်နိုင်သလဲ ?**

– အသက်ကြီးတဲ့သူတွေနဲ့ နာတာရှည်ရောဂါ(ဆီးချို၊ နှလုံး)ရှိသူတွေက ရောဂါပိုးဝင်တဲ့အခါ ရောဂါကိုပိုပြီး ပြင်းထန်စွာခံစားရနိုင်ပါတယ်။

**(၁၃) 2019–nCoV ဗိုင်းရပ်စ်ဘယ်လိုကူးစက်ပျံ့နှံ့သလဲ ?**

– အခုအသစ်တွေ့တဲ့ 2019–nCoV ဗိုင်းရပ်စ်ဟာ အသက်ရှုလမ်းကြောင်းကတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါတစ်မျိုးဖြစ်ပါတယ်။ ရောဂါပိုးရှိတဲ့သူ နှာချေ၊ ချောင်းဆိုးရာက တစ်ဆင့်ထွက်လာတဲ့ ရောဂါပိုးပါဝင်တဲ့အစက်အမှုန်တွေက အသက်ရှုလမ်းကြောင်းကနေ တိုက်ရိုက်ဝင်ရောက်ခြင်းကြောင့်ဖြစ်စေ၊ အရာဝတ္ထုတွေအပေါ်ကပ်နေတဲ့ ရောဂါပိုးတွေကို လက်နဲ့ ကိုင်တွယ်ထိတွေ့မိရာကတစ်ဆင့်ဖြစ်စေ ရောဂါကူးစက်နိုင်ပါတယ်။

– ဒါကြောင့် နှာချေ၊ ချောင်းဆိုးတဲ့အခါ နှာခေါင်းနဲ့ပါးစပ်ကို တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့်လုံခြုံအောင်ဖုံးအုပ်ပါ။ သုံးပြီးသားတစ်ရှူးကို အမှိုက်ပုံးထဲသို့ ချက်ချင်းစွန့်ပစ်ပါ။ လက်ကိုစနစ်တကျ ပြန်ဆေးပါ။

– နှာချေ၊ ချောင်းဆိုးသူများအနေနဲ့ လက်ပြန်မဆေးဘဲ အရာဝတ္ထုများကို လိုက်လံကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

**(၁၄) ဒီရောဂါပိုးက ခန္ဓာကိုယ်ပြင်ပမှာ ဘယ်လောက်ကြာကြာ အသက်ရှင်နိုင်သလဲ ?**

– အတိအကျတော့ မသိရသေးပါဘူး။ ကနဦး သတင်းအချက်အလက်တွေအရတော့ ခန္ဓာကိုယ်ပြင်ပမှာ နာရီအနည်းငယ်ကြာ အသက်ရှင်နိုင်တယ်လို့သိရပါတယ်။ ပုံမှန်သန့်ရှင်းရေးသုံး ပိုးသတ်ဆေးရည်က ဗိုင်းရပ်စ်ကိုသေစေနိုင်ပါတယ်။

– ဒါကြောင့် သာမန်ပြည်သူတွေအနေနဲ့ မလိုအပ်ဘဲ အများနဲ့သက်ဆိုင်တဲ့နေရာတွေ၊ လူထူထပ်တဲ့ နေရာတွေကို တတ်နိုင်သမျှမသွားပါနဲ့။ တကယ်လို့ သွားခဲ့ရင်လည်း မလိုအပ်တဲ့နေရာတွေကို လျှောက်မကိုင်ဖို့နဲ့ ကိုင်မိပါကလည်း လက်ကိုမကြာခဏ စနစ်တကျဆေးပေးရန် လိုအပ်ပါတယ်။

**(၁၅) 2019–nCoV ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ရောဂါ (COVID–19) နဲ့ သာမန်အအေးမိတုပ်ကွေးရောဂါနဲ့ ဘာကွာလဲ ?**

– ဖြစ်ပွားတဲ့ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတွေကတော့ အတူတူပါပဲ။ ဓာတ်ခွဲစစ်ဆေးမှုအဖြေဖြင့်သာ 2019–nCoV ဗိုင်းရပ်စ်ပိုးရှိ/မရှိကို အတည်ပြုနိုင်ပါတယ်။ ဒါကြောင့် ဖျားခြင်း၊ နှာစေး၊ ချောင်းဆိုးခြင်းစတဲ့ အသက်ရှုလမ်းကြောင်းရောဂါတွေ ဖြစ်ပွားပြီဆိုရင် စောစီးစွာဆေးကုသမှုခံယူသင့်ပါတယ်။

ထို့ပြင် ရောဂါဖြစ်ပွားမှုရှိတဲ့ နေရာဒေသကို (၁၄)ရက်အတွင်း သွားရောက်ခဲ့တဲ့သူတွေ (သို့မဟုတ်) ရောဂါဖြစ်ပွားတဲ့သူတွေနဲ့ အနီးကပ်ထိတွေ့ခဲ့ဖူးတဲ့သူတွေမှာ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတွေပေါ်ပေါက်လာရင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ သံသယလူနာအဖြစ် သတ်မှတ်နိုင်ပါတယ်။

**(၁၆) COVID–19 ရောဂါပျိုးတဲ့အချိန်က ဘယ်လောက်ကြာတာလဲ?**

– ရောဂါပျိုးချိန်ဆိုတာက ဗိုင်းရပ်စ်ပိုး ခန္ဓာကိုယ်ထဲကို ဝင်ရောက်တဲ့အချိန်ကနေ ရောဂါလက္ခဏာပေါ်ပေါက်တဲ့အချိန် ကြားကာလကိုခေါ်တာပါ။ အခြား Coronavirus များ ဥပမာ – MERS, SARS) တို့လိုပဲ 2019–nCoV ဗိုင်းရပ်စ်ရဲ့ ရောဂါပျိုးချိန်ကို (၁၄) ရက်လို့ WHO မှ အကြမ်းအားဖြင့် သတ်မှတ်ထားပါတယ်။

ဓာတ်ခွဲအတည်ပြု ရောဂါဖြစ်ပွားသူများနှင့် ထိတွေ့ဆက်ဆံမှုရှိသူများကို (၁၄)ရက်စောင့်ကြည့်ရန် WHO က အကြံပြုထားပါတယ်။

**(၁၇) 2019–nCoV ဗိုင်းရပ်စ်က ရောဂါလက္ခဏာမပြသေးတဲ့သူတွေဆီကရော ကူးနိုင်သလား?**

– ကူးစက်နိုင်ခြေရှိပါတယ်။ ဒါပေမယ့် အခုလက်ရှိသတင်းအချက်အလက်တွေအရ ရောဂါလက္ခဏာပြတဲ့သူတွေဆီကပဲ အဓိကကူးစက်ပျံ့နှံ့နေတာ တွေ့ရပါတယ်။

**(၁၈) တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အခြားသော ဗိုင်းရပ်စ်ကူးစက်ခံနေရာတွေကနေပို့တဲ့ ပါဆယ်ထုပ်တွေကို လက်ခံရင်ရော ရောဂါကူးနိုင်ပါသလား ?**

– မကူးနိုင်ပါဘူး။ အခြား ကိုရိုနာဗိုင်းရပ်စ်တွေလိုပဲ ဒီဗိုင်းရပ်စ်က စာအိတ်နဲ့ပါဆယ်ထုပ်တွေမှာ အကြာကြီးအသက်မရှင်နိုင်ပါဘူး။

**(၁၉) 2019–nCoV ဗိုင်းရပ်စ်ကို ကာကွယ်ကုသတဲ့အခါ ပဋိဇီဝဆေးတွေက ထိရောက်ပါသလား?**

– မထိရောက်ပါ။ ပဋိဇီဝဆေးတွေက ဗက်တီးရီးယားကြောင့်ဖြစ်တဲ့ ရောဂါတွေကိုပဲ ကုနိုင်တာပါ။ ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ရောဂါတွေအတွက် မသုံးသင့်ပါဘူး။

**(၂၀) 2019–nCoV ဗိုင်းရပ်စ် ကာကွယ်ဆေးနဲ့ COVID–19 ရောဂါ ကုသဖို့ဆေး ရှိပြီလား?**

– အခုထိတော့ မရှိသေးပါဘူး။ 2019–nCoV ဗိုင်းရပ်စ် ကူးစက်ခံထားရတဲ့ လူနာများရဲ့ ရောဂါလက္ခဏာတွေ သက်သာဖို့အတွက်သာ အသင့်တော်ဆုံးကုထုံးတွေနဲ့ ကုသနေကြရပါတယ်။ **2019–nCoV ဗိုင်းရပ်စ်** ကာကွယ်ဆေးနဲ့ COVID–19 ရောဂါကုသဖို့ဆေးရရှိဖို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်ပြီးတော့ ကြိုးစားနေကြပါတယ်။

COVID–19 ရောဂါကာကွယ်ရေးမှာ လွဲမှားနေတဲ့ အယူအဆတွေကတော့

- ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ရေနွေးကြမ်းသောက်ခြင်း
- Mask များကို နှစ်ခုသုံးခုထပ်၍ သုံးခြင်း
- ဗီတာမင်စီ၊ ပဋိဇီဝဆေးများကို မိမိသဘောဖြင့်သုံးစွဲခြင်း --- စသည်တို့ဖြစ်ပါတယ်။

အထက်ပါနည်းလမ်းတွေက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းကို မကာကွယ်နိုင်တဲ့အပြင် COVID–19 ရောဂါဖြစ်ပွားပါက ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းတို့ကြောင့် ပိုမိုပြင်းထန်စွာ ခံစားရနိုင်ပါတယ်။

**ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) ကူးစက်ခံရသည် သို့မဟုတ်**
**ကူးစက်ခံရသည့်သူကို တွေ့ရှိသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့**
**အမြန်ဆုံးသတင်းပို့ပြီး ကုသမှုခံယူပါ။**
**ခရီးသွားရာဇဝင်ကို ကျန်းမာရေးစောင့်ရှောက်သူထံ ပြောပြရပါမည်။**
**သတင်းပို့ရန်ဖုန်းနံပါတ်(Hotline) 067–3420802**

**2019–nCoV**

အသေးစိတ်သိရှိလိုပါက
ဤQR Code အားscan ဖတ်၍ ဝင်ရောက်ကြည့်ရှုပါ။

Reference: ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ (၁၁–၂–၂၀၂၀)ရက်စွဲပါ Q&A on Coronaviruses ကို မှီငြမ်းကိုးကားပါသည်။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
(၁၇–၂–၂၀၂၀ )

**နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း**
**လိုက်နာရမည့်ကျင့်ဝတ်များ**
**(Cough Etiquette)**



**နှာချေ၊ ချောင်းဆိုးသည့်အခါ ကျင့်ဝတ်အရ**
**သင်** ဘာတွေလိုက်နာရမှာလဲ

- တစ်ရှူးကိုအသုံးပြု၍ နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ပါ။ အသုံးပြုပြီးသားတစ်ရှူးကို အမှိုက်ပုံးထဲသို့ ချက်ချင်း စနစ်တကျ စွန့်ပစ်ပါ။
- နှာချေ၊ ချောင်းဆိုး၊ နှာရည်ညှစ်ပြီးသည့်နောက်တွင် လက်ကို စနစ်တကျ စင်ကြယ်အောင် ဆေးကြောပါ။ ဆပ်ပြာနှင့်ရေ မရနိုင်ပါက အရက်ပြန်ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးတို့ကို အသုံးပြု၍ ဖုံးအုပ်ပါ။ လက်ဖဝါးကို အသုံးမပြုရပါ။
- လက်ကိုင်ပဝါနှင့် အဝတ်စများကို အသုံးမပြုပါနှင့်။
- လူထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။

နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံစွာ ဖုံးအုပ်ခြင်းဖြင့်သင့်မိသားစုနှင့် ပတ်ဝန်းကျင်ကို အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ခြင်းမှ ကာကွယ်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
(၅–၂–၂၀၂၀)

**COVID–19 ဆိုင်ရာ ထုတ်ပြန်ချက်များ အထူးအချပ်ပိုကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေပါသည်။**

# ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်

ပညာရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညှိနှိုင်းချက်အရ တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပနေသည့် စာစစ်ဌာနများတွင် အောက်ပါအချက်များ လိုက်နာဆောင်ရွက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများသို့ အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ COVID-19 ကြိုတင်ကာကွယ်ရေးအချက်များအား တက္ကသိုလ်ဝင်စာမေးပွဲ စတင်ကျင်းပသည့် ၁၁-၃-၂၀၂၀ ရက်နေ့ကစ၍ စာစစ်ဌာနများတွင် ဆောင်ရွက်လျက်ရှိပါသည်။

(၁) စာမေးပွဲ မစတင်မီ ကျောင်းသား/ကျောင်းသူများအား ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း စသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေမှု ရှိ/မရှိ မေးမြန်းရန်၊

(၂) ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း စသည့်ရောဂါလက္ခဏာများ ခံစားနေရသော ကျောင်းသား/ကျောင်းသူများရှိပါက အဆိုပါ ကျောင်းသား/ကျောင်းသူများအား Surgical Mask နှာခေါင်းစည်း စနစ်တကျ တပ်ဆင်အသုံးပြု၍ ဖြေဆိုစေရန် (သို့မဟုတ်) သီးခြားနေရာ သတ်မှတ်ပေး၍ စာမေးပွဲဖြေဆိုစေရန်၊

(၃) စာစစ်ဌာနများတွင် သီးခြားအခန်းတစ်ခန်း စီစဉ်ထားရှိစေ၍ ရောဂါလက္ခဏာ ခံစားနေရသော ကျောင်းသား/ကျောင်းသူများအား ဖြေဆိုစေရန်နှင့် စာမေးပွဲခန်းစောင့် ဆရာ/ဆရာမများအားလည်း ရောဂါမကူးစက်နိုင်ရေး အလေးထား ဆောင်ရွက်စေရန်၊

(၄) ထိုသို့ ရောဂါလက္ခဏာများ ခံစားနေရသော ကျောင်းသား/ကျောင်းသူများရှိပါက သက်ဆိုင်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့၍ ကုသမှုခံယူစေရန်၊

(၅) လက်ဆေးရန် ရေနှင့်ဆပ်ပြာများ၊ Hand Gel များ၊ Surgical Mask နှာခေါင်းစည်းများအား အလုံအလောက်ထားရှိပေး၍ စနစ်တကျအသုံးပြုရေး ကြီးကြပ်ပေးရန်၊

(၆) စာမေးပွဲခန်းအတွင်းရှိ စာပွဲများအား အနည်းဆုံး (၃)ပေခန့် ဝေးကွာအောင် ထားရှိဖြေဆိုစေရန်၊

(၇) စာမေးပွဲခန်းအတွင်းသို့ မဝင်ရောက်မီ ကျောင်းသား/ကျောင်းသူများအား Hand Gel များဖြင့် လက်သန့်စင်စေပြီးမှ ဝင်ရောက်စေရန်၊

(၈) စာမေးပွဲခန်းစောင့် ဆရာ/ဆရာမများ ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း စသည့်ရောဂါလက္ခဏာများ ခံစားနေရပါက စာမေးပွဲခန်း မစောင့်စေဘဲ သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ ကုသမှုခံယူစေရန်၊

(၉) စာမေးပွဲခန်းအား လေဝင်/လေထွက် ကောင်းစေရေး ဆောင်ရွက်ပေးရန်၊

**ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကာကွယ်နိုင်မည့် နည်းလမ်းများ**

(၁) လက်ကို စင်ကြယ်အောင် မကြာခဏ စနစ်တကျ ဆေးကြောပါ။

(၂) နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင် ဖုံးအုပ်ပါ။ တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ။

(၃) တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ။ အာဟာရပြည့်ဝစွာ စားသုံးပါ။ ကောင်းစွာ အိပ်စက် အနားယူပါ။

**ပညာရေးဝန်ကြီးဌာန**

---

## ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ပြသခြင်းများအား မတ် ၁၆ ရက်မှစ၍ ရုပ်ဆိုင်းထားရန် ပြန်ကြားရေးဝန်ကြီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်

ရုပ်ရှင်ရုံများတွင် အများပြည်သူပြသခြင်းများအား ရုပ်ဆိုင်းထားရန် အသိပေးကြေညာချက်

Coronavirus Disease 2019 (COVID-19) သည် ကမ္ဘာအနှံ့ ကူးစက်ပြန့်ပွားနိုင်သည့် ကမ္ဘာ့ကပ်ရောဂါဖြစ်ကြောင်း ၁၁-၃-၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ COVID-19 ကူးစက်ပြန့်ပွားမှုသည် လူစုလူဝေးများမှတစ်ဆင့် လျင်မြန်စွာ ဖြစ်ပေါ်နိုင်သောကြောင့် ပြည်သူများ၏ ကျန်းမာရေးကို အလေးပေး ရှေးရှုသောအားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ပြသခြင်းများအား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့မှစတင်၍ ရုပ်ဆိုင်းထားရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

---

## ဗဟိုဘဏ်၏အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် တောင်းခံနိုင်သည့်အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း ထုတ်ပြန်ကြေညာ

**သတင်းထုတ်ပြန်ချက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်၏အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း ဆိုင်ရာညွှန်ကြားချက်အမှတ်(၁/၂၀၂၀) အား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ ညွှန်ကြားချက်အပြည့်အစုံမှာ-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်း (Bank Rate)ကို တစ်နှစ်လျှင် (၁၀)ရာခိုင်နှုန်းမှ (၉.၅)ရာခိုင်နှုန်းသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ပြီး၊ ဘဏ်များ၏အပ်ငွေအပေါ် အတိုးနှုန်းနှင့် ချေးငွေအပေါ် အတိုးနှုန်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်-

(က) ငွေစုစာရင်းအပ်ငွေ၊ ငွေစုလက်မှတ်နှင့် အချိန်စေ့မှ ပေးရမည့် အပ်ငွေတို့အပေါ်တွင် ပေးရမည့်အနည်းဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအောက် (၂)ရာခိုင်နှုန်း (၉.၅% - ၂% = ၇.၅%) ထက် မနည်းစေရန်၊

(ခ) အောက်ပါအာမခံပစ္စည်းများရယူ၍ ထုတ်ချေးသည့် ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် (၃) ရာခိုင်နှုန်း (၉.၅% + ၃% = ၁၂.၅ %) ထက် ကျော်လွန်၍ ကောက်ခံခြင်းမပြုရန်-

- မြေနှင့်အဆောက်အဦ၊ ရွှေ-ရွှေထည်ပစ္စည်း၊ စိန်နှင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ လက်ရောက်အပေါင် (Pledge)၊ ချေးငွေအာမခံ (Credit Guarantee) ဖြင့် ထုတ်ချေးသည့် ချေးငွေများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာသတ်မှတ်သည့် အာမခံပစ္စည်းများ စသည်တို့ကို အခြေပြု၍ ထုတ်ချေးသည့်ချေးငွေများ။

(ဂ) အထက်အပိုဒ် (ခ) ပါ အာမခံပစ္စည်းများမှအပ အခြားအာမခံပစ္စည်းရယူ၍ဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်း မပြုဘဲဖြစ်စေ၊ ထုတ်ချေးသည့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်း အထက်(၆)ရာခိုင်နှုန်း (၉.၅% + ၆% = ၁၅.၅%)ထက် ကျော်လွန်၍ ကောက်ခံခြင်းမပြုရန်။

အဆိုပါ အတိုးနှုန်းပြင်ဆင်ပြောင်းလဲမှုများသည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှ စ၍ အကျိုးသက်ရောက်မှုရှိမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အကျိုးသက်ရောက်မည့်ရက်ကို ပြင်ဆင်သတ်မှတ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေရန် ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ဗဟိုဘဏ်အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ၁၂-၃-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၁/၂၀၂၀)ကို ထုတ်ပြန်ခဲ့ပါသည်။

ယခုအခါ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိရောက်မြန်ဆန်စွာ အကျိုးသက်ရောက်မှုရရှိနိုင်စေရန်အတွက် ညွှန်ကြားချက်အမှတ်(၁/၂၀၂၀)၏ အကျိုးသက်ရောက်မည့်ရက်ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့အစား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့အဖြစ် ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

## 2019 Novel Coronavirus အဆုတ်ရောင်ရောဂါ ကာကွယ်နိုင်ရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များ

- ဖျားခြင်း၊ နှာချေ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိသူများသည် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို အနီးကပ် ပြုစုစောင့်ရှောက်နေသူများသည်လည်း ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို ပြုစုကုသနေသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့်မူ အခြေအနေအပေါ် မူတည်၍ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) သို့မဟုတ် N95 Mask ကို အသုံးပြုရပါမည်။

**အထက်ပါအခြေအနေများမှလွဲ၍ သာမန်ပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရန် မလိုအပ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါသည်။**

### ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ

- Surgical Mask ကို အသုံးပြုရာတွင် အရောင်ပိုရင့်သည့် မျက်နှာပြင်ကို အပြင်ဘက်တွင် ထားရှိပါ၊
- ပါးစပ်နှင့်နှာခေါင်း နှစ်ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ၊
- Mask ၏ ဘေးအနားစွန်းများနှင့် မိမိ၏ မျက်နှာကြားတွင် လစ်ဟာမှု (Gap) မရှိစေရပါ၊
- Mask အသုံးပြုနေစဉ် Mask ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ၊
- Mask ကို ဖယ်ရှားမည်ဆိုပါက Mask အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်ဖယ်ရှားပါ၊
- Mask ကို ဖယ်ရှားပြီးပါက မိမိ၏ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ၊
- မိမိအသုံးပြုနေသော Mask သည် စိုစွတ်လာပါက Mask အသစ်တစ်ခုနှင့် လဲလှယ်သုံးပြုပါ၊
- အသုံးပြုပြီးသား Mask များကို ပြန်လည်၍ အသုံးမပြုရပါ၊
- ချည်ထည်၊ ပိတ်စအဝတ်တို့ဖြင့် ပြုလုပ်ထားသည့် Mask များကို အသုံးမပြုရပါ။



Reference : World Health Organization

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.0 (3-2-2020)